တောသူတောင်သားတို့၏

# ကျေးလက်ပျော်ဟာသများ

တွင်းကြီးသား တင်ဝင်းဦး



2000

တောသူ တောင်သားတို့၏

# ကျေးလက်ဓလေ့ ဟာသများ

တွင်းကြီးသားအောင်ဝင်းဦး

ဖြန့်ချိရေး

ရွှင်သစ္စာ စာပေ

ဖုန်း - ၀၉၄၃၀၆၇၀၉၆

## ဒို့အရေး (၃) ပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာ အာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ

★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ

★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ

★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

★ နိုင်ငံတော်တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး

★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး

★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး

★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး

★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး

★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး

လုံ့လ ဝီရိယ ပညာ
ခ, ဝပ်ညောင်းလာ
လယ်သမား, ဓာသမား ဖိုးရာဇာ . . . ။

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၀၅၈၀၁၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် -

◆

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၂၀၁၁၊ ဩဂုတ်လ၊ အုပ်ရေ - ၁၀၀၀

◆

ပုံနှိပ်သူ

ဒေါ်ကျင်ယုံ (မြ-၀၅၃၃၂)

ကောင်းစံပုံနှိပ်တိုက်၊ ၂၇၉၊ လမ်း ၄၀

ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

◆

ထုတ်ဝေသူ

ဦးလှဝိုး (မြ - ၀၃၇၇၃၂)၊ ရန်အောင်စာပေ

◆

အတွင်းဖလင် - မိုးဝင်းကျော်၊ [illegible]

မျက်နှာဖုံးပန်းချီ - ဗိုးဝံ

တန်ဖိုး 2000 ကျပ်

မာတိကာ


၁။ မိတ္တူနန်းကန့်ရတာကွ ၉
၂။ ငါရယ်...ဒေအာင့်တင့်ရယ် ငပ်ဖိုးတားရယ်... ၁၂
၃။ အမြှင် ၁၉
၄။ နင့်ထက် မိုက်တယ်ငှာ ၂၀
၅။ မြှင်စရာများလို့ ၂၆
၆။ မိုက်လိုက်တာ စိန်ကြည်ရာ ၃၀
၇။ ငါလည်း မေးတော့မှ ၃၅
၈။ အစ်ကိုဆိုလို့ ဝယ်မိတော့ပါ ၃၈
၉။ လှလည်းအောင်ပေ တစေတ်လိုက်ပုံက ၄၅
၁၀။ အရိုးပဲ စားတယ်ထင်လို့ ၄၉
၁၁။ ကျွပ်က လူငှားဆိုတော့ ၅၅
၁၂။ စက်ဝယ်ပြီးပြီဆိုလို့ ၅၈
၁၃။ တစ်ခါစားအဝ ၆၄
၁၄။ ဒီလောက်ဆိုးတဲ့ကောင် ၆၈
၁၅။ လိုက်ပွဲ ၇၄
၁၆။ တပြင်ကောင်းလို့သာပေါ့ ၇၉

၁၇။ ကြိုက်တာကိုး... ဒေဝရဲ့ ၈၅
၁၈။ တော်စမ်းပါကွာ ငွေညသာခိုရှင် ၉၀
၁၉။ ကြောက်တယ် ၉၅
၂၀။ အမေမလာခင်နိုင်အား ၁၀၀
၂၁။ ကြော်... လှစိန် လှစိန် ၁၀၆
၂၂။ သူမိန်းမကျတော့... ၁၁၂
၂၃။ မြင်တော့မလား ၁၁၆
၂၄။ ယုံမိတာမှား ၁၂၀
၂၅။ ဟန်ကျတာပေါ့ ၁၂၄
၂၆။ ပါးရိုက်လိုက်ပျော့... ၁၂၈
၂၇။ တော်စမ်းပါကွာ ၁၃၃
၂၈။ မပြောဘူး ၁၃၇
၂၉။ ကိုရှာချိုး ၁၄၂
၃၀။ ဦးနိုး စချိုးလိုက်ပုံက (၁) ၁၄၆
၃၁။ ဦးနိုး တပြင်ချိုးလိုက်ပုံက (၂) ၁၅၁
၃၂။ ဘယ်လိုပြောရမလဲ ၁၅၆

## မိတုန်းကြန်ရဲတာကျွ

တစ်ခါက အထက်အညာမှာ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ နှစ်စဉ်နှစ်တိုင်းမှာ တန်ဆောင်မုန်းလဆိုရင် သဲစေတီဘုရားပွဲရှိတယ်။ အဲဒီ သဲစေတီဘုရားပွဲဟာ မိုးလေဝသမှန်ရင် ပွဲထည့်တယ်။ မိုးလေဝသ မကောင်းရင်၊ စီးပွားရေးကျပ်တည်းရင် ကြည့်ချင်မှ မထည့်ဘဲနဲ့ အရုပ်ဇာတ်တို့၊ ဘောလုံးပွဲတို့ ထည့်ကြသတဲ့။

ဒီနှစ် အဲဒီရွာမှာ တန်ဆောင်မုန်းလရောက်ခဲ့ပြီ။ သဲစေတီဘုရားပွဲရက်နီးလာပြီပေါ့။ အဲဒါနဲ့ ရပ်ရွာလူကြီးတွေ ဆယ်အိမ်မှူး၊ ရာအိမ်မှူးနဲ့ ကာလသားခေါင်းတွေ လူငယ်တွေအားလုံး ဘုရားပွဲအတွက် အစည်းအဝေးလုပ်ကြတယ်။ လူငယ်တွေစုံတော့ အစည်းအဝေးရကြတာပေါ့။ အဲသလိုအစည်းအဝေးလုပ်တော့ တက်ရောက်လာကြတဲ့ ကြီးလူသူမတွေက စီးပွားရေး အဆင်မပြေတာက တစ်ကြောင်း၊ မိုးလေဝသမမှန်တာက တစ်ပိုင်းတို့ကြောင့် မြို့ကဇာတ်ကို မငှားဘဲ ဘောလုံးပွဲပဲထည့်ဖို့ သဘောတူကြဆွေးနွေးကြ၊ ဆုံးဖြတ်ကြသတဲ့။

အဲဒါနဲ့ အဲဒီရွာက တန်ဆောင်မုန်းလ၊ သဲစေတီဘုရားပွဲဟာ ကြည့်ချင်ပွဲ မပါ၊ အရုပ်ဇာတ် မပါ။ ပါတာက ဘောလုံးပွဲပဲ ပါသတဲ့ အဲဒါနဲ့ ဘောလုံးအား/အာကော်မတီဖွဲ့ပြီး ညရောက်တော့ အသံချဲ့စက်၊

ကြေညာလိုက်တယ်။ ကြေညာချက်က ရပ်ကွက်အတွင်း မည်သူမဆို ဘောလုံးဝါသနာပါသူတိုင်း ဘောလုံးဝင်ကြေးပေးပြီး ဝင်နိုင်ကြောင်း ဘောလုံးဆုကို ထိုက်ထိုက်တန်တန် ဆုချီးမြှင့်မည်ဖြစ်ကြောင်း ကြေညာလိုက်တာပေါ့။

နောက်တော့ ရပ်ကွက်ထဲက လူငယ်တွေ၊ ဘောလုံးဝါသနာရှင် လူလတ်ပိုင်းတွေဟာ အသင်းဝင်ကြေးနဲ့အတူ အား/ကာအဖွဲ့မှာ ဝင်ခဲ့ကြတယ်။ အသင်းပေါင်း နှစ်ဆယ်ကျော်ရှိသတဲ့။

အဲသလို ဘောလုံးကန်ဖို့ စာရင်းပေးတဲ့အထဲမှာ မောင်အေးဆိုတဲ့ လူလတ်တစ်ယောက်လည်း ပါတယ်။ မောင်အေးဟာ အသက်လေးဆယ်ကျော်ပြီဖြစ်တယ်။ ခြေတစ်ဖက်က သိပ်မသန်သလို ခါးကလည်း ခပ်ကုန်းကုန်း ဖြစ်သတဲ့။ ဘောလုံးဝါသနာရှင်တွေနဲ့ ဘောလုံးကန်ဖို့ စာရင်းပေးထားတဲ့ လူတွေကတော့ မောင်အေးပါတယ်ဆိုတော့ အံ့အားသင့်နေကြတော့တာပေါ့။ အဲ… ဘောလုံးကြည့်မယ့် ဝါသနာရှင်တွေက 'ဘောလုံးပွဲမှာ မောင်အေး ဘယ်လိုကန်မလဲ၊ ဘောလုံးကန်ကြမယ့်လူတွေကလည်း သူတို့ အသင်းထဲမှာ မောင်အေးမပါပါစေနဲ့၊ ပါရင်တော့ တစ်ယောက်ဆိုတစ်ယောက် အားကိုးမရတဲ့ မောင်အေးကြောင့် ရှုံးမှာကို စိုးရိမ်နေကြတော့တာပေါ့။

နောက်တော့ ဘောလုံးပိုင်တွဲတော့ မောင်အေးဟာ ကိုသံချောင်းရဲ့ အသင်းထဲ ပါသွားသတဲ့။ အသင်းခေါင်းဆောင် ကိုသံချောင်းရော အသင်းသားတွေပါ မောင်အေးပါတော့ စိတ်ညစ်နေကြတယ်။ ဆိုရတော့မှာ မဟုတ်ဘူးဆိုတာ သိလို့ ဝမ်းနည်းနေမိကြတော့တာပေါ့။

ဒါပေမယ့် မောင်အေးက ပြောတယ်။

"စိတ်ချ ကိုကြီးသံချောင်း…မောင်အေး အစွမ်းပြမယ်။ တစ်ဖက်အသင်းကို မျက်စိလည်အောင် စိတ်ဓာတ်ကျအောင်၊ ဂိုးတွေရအောင် လုပ်ပြမယ် မပူနဲ့"

အဲသလို ပြောခဲ့သတဲ့။

အဲသလိုနဲ့ ဘောလုံးအသင်းဖိုင်တွဲ၊ တစ်သင်းချင်း လူစာရင်း ကြေညာပြီးတဲ့နောက် ဘုရားပွဲမတိုင်ခင်မှာ ဘောလုံးကန်ကြတော့တာပေါ့။ ဘောလုံးကွင်းက ရွာထိပ်တလင်းထဲ ကန်ကြတော့ အသံချဲ့စက်ပါ ပါသတဲ့၊ ရပ်ကွက်ထဲက လူကြီး၊ လူလတ်၊ လူငယ်၊ ကလေးတွေနဲ့ မိန်းကလေးတွေ မိန်းမကြီးတွေဟာ ကိုယ်ဆိုင်ရာ ကိုယ်ခင်မင်ရာကို လာရောက်အားပေး ကြတော့တာပေါ့။

အဲသလိုနဲ့ မောင်အေးပါတဲ့အသင်းဟာ တစ်ဖက်အသင်းနဲ့ ထိပ်တိုက်ကန်ကြရသတဲ့။ အဲသလိုကန်ကြတော့ မောင်အေးက အသင်းခေါင်းဆောင် ကိုသံချောင်းကို ပြောတယ်။

"ကိုသံချောင်း"

"ဘာလဲ"

ကိုသံချောင်းက မောင်အေးကို ခပ်မာမာနဲ့ မျက်စောင်းခဲ ပြောတယ်။

"ကျုပ်… ရှေ့တန်းမှာ ကစားမယ်"

မောင်အေး ရှေ့တန်းမှာ ကစားမယ်ဆိုတော့ အားလုံးပြုံးကြတယ်။ ဒါပေမယ့် ဘယ်သူမှ ရှေ့တန်းမှာ ကစားမယ့်လူ မပါတော့ မတတ်နိုင်တဲ့ အဆုံး မောင်အေးကို ရှေ့တန်းမှာ ထားပြီး ကစားရသတဲ့။

ကိုသံချောင်းက…

"ကဲ- မောင်အေး"

"ဗျာ…ပြော၊ ကိုသံချောင်း"

"ရှေ့တန်းမှာ ပြင်းပြင်းထန်ထန်နဲ့ အကွက်ကျကျ၊ အပေးအယူ ကောင်းကောင်း၊ အချိတ်အဆက်မိမိ ကစားနော်…"

အဲသလို ခေါင်းဆောင်ကိုသံချောင်းက ပြောသတဲ့။

"စိတ်ချ…စိတ်ချ…စိတ်ချ"

မောင်အေး ပြောတယ်။ မကြာပါဘူး ဘောလုံးပွဲစပြီး ကစားကြတယ်။ ပထမပိုင်းမှာ ဘယ်သူမှ မသွင်းနိုင်ဘူးတဲ့။ အဲ-ဒုတိယပိုင်းရောက် တော့ မောင်အေးတို့ အသင်းဘက်ကို တစ်ဖက်အသင်းက တစ်ဂိုးသွင်း

လိုက်တယ်။ တစ်ဂိုးသွင်းထားတဲ့ တစ်ဖက်အသင်းဟာ အားတက်ပြီး မောင်အေးတို့အသင်းကို အင်နဲ့အားနဲ့ ဖိပြီးကစားတော့တာပေါ့။

အဲသလိုနဲ့ မောင်အေးတို့အသင်းကလည်း ချေပဂိုးရဖို့ အကြိတ်အနယ် ယှဉ်ပြိုင်နေဆဲပါပဲ။ အချိန်က ဆယ်မိနစ်ခန့်သာ ကျန်တော့တယ်တဲ့။

အဲသလိုနဲ့ ကစားတုန်းမှာ ချေပဂိုးရဖို့ အသင်းခေါင်းဆောင် သံချောင်းဟာ နောက်တန်းကနေပြီး ဘောလုံးကိုဆွဲ ဘယ်အစွန်ကို ပို့လိုက်တယ်။ ဘယ်အစွန်လူက လိမ်ကော်က်ပြီး မောင်အေးဆီ မဖြစ်မနေပို့လိုက်တော့···

"မောင်အေးကွ"

"မောင်အေးဟေ့"

"ရှူး···ရှူးတော့···"

"မင်းနဲ့ ဂိုးသမားပဲရှိတာ···"

ပရိသတ်ကရော အသင်းသားတွေကပါ မောင်အေးကို ညာသံပေးရှူးခိုင်းတယ်။ တကယ်တော့ မောင်အေးက ဂိုးရှေ့မှာ ဂိုးသမားနဲ့ နှစ်ဦးတည်းပေါ့။ ညာသံတွေကလည်း အပြိုင်။ ဂိုးရအောင်ရှူးလိုက်ရင် သရေကျမှာ။ မောင်အေးဟာ စဉ်းစားတယ်···

"အင်း··· ကန်လာတာ တစ်နာရီခွဲ ပြည့်တော့မယ်။ ဒီတစ်ခါပဲ ငါ့ခြေထဲ ဘောလုံးရောက်ခဲ့တာ တစ်ခါမှ မကန်ခဲ့ရဘူး။ ဒီတော့···"

မောင်အေးက တွေးရင်းနဲ့ အတင်းကန်ချလိုက်သတဲ့။

"ဟင် "

"ဟဲ···"

"ဂိုးထဲကန်တာလည်း မဟုတ်ဘူး"

"ဘားတန်းပေါ် ကျော်သွားပြီဟေ့"

မောင်အေးကန်တာကို ကြည့်ရင်း အသင်းဝင်ဘောလုံးသမားတွေရော ပရိသတ်ကပါ အံ့အားသင့်သွားကြသတဲ့။ မောင်အေးကန်တာကို မကျေနပ်တဲ့ အသင်းခေါင်းဆောင် ကိုသံချောင်းက···

"ဟော့ကောင် မောင်အေး"

" ဗျာ..."

"ဘာပြုလို့ အတင်းကန်ရတာလဲ၊ တို့လိုက်ရင်တောင် ဝင်မယ့်ဥစ္စာ..

ကိုသံချောင်းနှင့်အတူ အသင်းသားတွေ ပရိသတ်တွေက မောင်အေးကို နင်းပြီး ဆဲသတဲ့။

အဲသလိုပြောတော့ မောင်အေးက ကိုသံချောင်းကို ပြန်ပြောတော့ ကိုသံချောင်းအပါအဝင် အသင်းသားတွေ၊ ပရိသတ်တွေ ရယ်မောမိကြသတဲ့။

"ခင်ဗျားတို့ချည်းကန်လာတာ တစ်ချိန်လုံးပဲ။ အခု ဒီတစ်ခါမှ ကျုပ်က ကန်ရတာ၊ မိတ္တန်းကန်လိုက်ရတာ ဘယ်ရောက်ရောက်"

အဲသလို ပြောအပြီး ဘောလုံးပွဲ ပြီးသွားခဲ့သတဲ့။

မောင်အေး အပြောကတော့ လူတွေပါးစပ်မှာ တွင်ကျန်နေရစ်သတဲ့။

မိတ္တန်းကန်ရတာ၊ မိတ္တန်းကန်ရတာလို့ ...။

## ငါရယ်…အောင်တင်ရယ်…မော်တားရယ်…

တစ်ခါက အထက်အညာအရပ်မှာ ကုန်းကြီးဆိုတဲ့ ရွာတစ်ရွာ ရှိတယ်။ အဲဒီကုန်းကြီးရွာဟာ ဘောလုံးဝါသနာပါသူ၊ ခြင်းခတ်တာ ဝါသနာပါသူတွေ များတယ်။ ဘယ်တော့ဖြစ်ဖြစ် တောအလုပ် လုပ်စရာမရှိရင်၊ အိမ်အလုပ်လုပ်စရာမရှိရင် ရွာထဲကအပင်ရိပ် ကောင်းကောင်းမှာ ခြင်းခတ်ကြတယ်။ ဘောလုံးကန်နေတတ်ကြတယ်တဲ့။

အဲဒီ ကုန်းကြီးက ဘုရားပွဲရှိရင်လည်း ခြင်းခတ်ပြိုင်ပွဲ၊ ဘောလုံးပြိုင်ပွဲတွေထည့်ပြီး ပြိုင်ပွဲကျင်းပကြတယ်။ အဲသလို ကျင်းပရာမှာလည်း သူတို့ကုန်းကြီးရွာသားတွေတင် မကဘူး။ အခြားရွာတွေပါ ဖိတ်ကြားပြီး ဘောလုံးပြိုင်ပွဲ၊ ခြင်းခတ်ပြိုင်ပွဲတွေပါ ကျင်းပပေးခဲ့သတဲ့။

အဲဒီလောက်အထိ ဝါသနာကြီးတဲ့ရွာပေါ့။

အဲ…ဒါပေမဲ့…ဘယ်သူမှ ဟုတ်တိပတ်တိ ဖြစ်မြောက်အောင် ဘောလုံးကန်တတ်တာ၊ ထူးချွန်တာမရှိဘူးပေါ့။ ခြင်းမှာလည်း အဲသလိုပဲ ဘောလုံးရော ခြင်းပညာပါ ဘယ်သူမှ ဖြစ်မြောက်အောင် ကန်တတ်တာ၊ အောင်မြင်တာ မရှိဘူးပေါ့။

သူတို့ လူငယ်တွေသဘောက အပျင်းပြေသဘော…။

အပန်းဖြေ သဘောပါပဲတဲ့။

အဲ… တစ်နှစ်မှာတော့ သူတို့ကုန်းကြီးရွာနဲ့ လေးမိုင်ခန့်ဝေးတဲ့ ကျောက်ရစ်ဆိုတဲ့ရွာက ဘောလုံးပွဲဖိတ်စာဟစ်စောင် ရောက်လာတယ်။ အဲဒီကျောက်ရစ်ရွာမှာ နှစ်တိုင်းကျင်းပတဲ့ ဘုရားပွဲရှိတယ်။ ကျင်းပတဲ့ ဘုရားပွဲအမည်က ရွှေပေါင်လောင်ကဿပဘုရားပွဲ။ ကျင်းပတဲ့လက ဝါခေါင်လဆန်းထဲပဲ ဖြစ်တယ်တဲ့။

ကျောက်ရစ်အား/ကာအဖွဲ့ဆီက ဘောလုံးပြိုင်ပွဲ၊ ဆုပေးပွဲဖိတ်စာ ရောက်လာတော့ ကုန်းကြီးရွာက လှသောင်း၊ အုန်းပိုင်၊ ကျော်မြင့်၊ အောင်တင့်နဲ့ အောင်တင်တို့ ပျော်ကြတော့တာပေါ့။

"ကဲ…ဘယ်လိုသဘောရလဲ၊ ဒီနှစ် ပြိုင်ပွဲဝင်မှာလား"

"ဝင်မယ်လေ၊ တစ်သင်းကောင်း လူရွေးပြီး ဝင်မယ်"

"မနှစ်ကလည်း ဆုမရခဲ့ဘူး"

"ဟုတ်တယ်။ အရင်နှစ်ကလည်း ဆုနဲ့လွဲခဲ့ကြတယ်"

"အဲဒီနှစ်ရဲ့ အရင်နှစ်ကလည်း ဆုနဲ့မဆုံခဲ့ဖူး"

"ဟင်း…ဘယ်တုန်းက ဆုရဖူးလို့လဲ"

အချီအတင်၊ အချေအချပြောရင်း လူငယ်တွေ စုရုံးနေကြသတဲ့။ စုရုံးကြတဲ့အိမ်က အောင်တင်တို့ရဲ့ အိမ်မှာပေါ့။ လှသောင်း၊ အုန်းပိုင်တို့အပြင် အခြားလူငယ်တွေ အပြည့်ရောက်နေသတဲ့။ ဘောလုံးကိစ္စ၊ ခြင်းကိစ္စကို ခေါင်းဆောင်သူကတော့ လှသောင်းဆိုတဲ့ လူပဲပေါ့။ သူက သိပ်ဝါသနာ ကြီးတာကိုး။ ဘောလုံးဖိုင်တွဲမယ်၊ အသင်းဖွဲ့မယ်၊ လူရွေးမယ်ဆိုရင် သူနဲ့ အုန်းပိုင်တို့ပဲ ဦးစီးကြတာမဟုတ်လား။

ခုလည်း ကျောက်ရစ် ရွှေပေါင်လောင်ဘုရားပွဲကို ဘောလုံးကန် သွားဖို့၊ ဒိုင်းဆုကြီးရဖို့ လူရွေးကြရတော့မယ်လေ။

ကုန်းကြီးရွာထဲက လူကြီးတွေ၊ အဘွားကြီးတွေကလည်း လူ ကောင်းတွေရွေးပြီး ကန်ကြဖို့၊ ဒိုင်းဆုရဖို့သာ အဓိကပဲ ပြောပြီး အားပေး ကြသတဲ့။ နောက်တော့ လူကြီးတစ်ဦးက လှသောင်းနဲ့ အုန်းပိုင်ကို အကြံပြု တယ်…

"ကဲ...မောင်လှသောင်း"

"ဗျာ..."

"မောင်အုန်းပိုင်"

"ဗျာ..."

"ပြိုင်ပွဲဝင်ရမှာဆိုတော့ လူရွေးတော့မယ်။ လက်ရွေးစင်သာ ရွေးတော့..."

"ဟုတ်ကဲ့..."

"ကျွန်တော်တို့လည်း အဲသလို စိတ်ကူးနေကြတာပါ"

"စိတ်ချပါ။ ဒီနှစ်တော့ လက်ရွေးစင်ချည်းပဲ ကန်မြဲမယ်"

"ဆုရနေရမယ်..."

လှသောင်းနဲ့ အုန်းပိုင်က ရပ်မှာလူကြီးတွေကို အဲသလို ကတိပေးလိုက်ကြသတဲ့။ ဒါနဲ့ လှသောင်းက...

"ကဲ...မနက်ဖြန်၊ ဒီ...အောင်တင့်တို့အိမ်မှာစုကြ...။ ဒီကနေ့ မရွေးသေးဘူး"

အဲသလိုပြောတော့ လူငယ်တွေ ပြန်သွားကြတယ်။

နောက်ရက်မှာတော့ ရွာထဲက လူငယ်တွေ၊ ဘောလုံးဝါသနာအိုးတွေဟာ အောင်တင့်အိမ်ကို ရောက်လာကြတယ်။ သူပါနိုး၊ ငါပါနိုး။ သူရွေးနိုး၊ ငါရွေးနိုးနဲ့ပေါ့။

အောင်တင့်အိမ်ထဲမှာ လူငယ်တွေ ပြည့်နေတယ်။ စုစုပေါင်း ငါးဆယ်ကျော်မယ်။ အချို့ဆိုရင် ဘောလုံးအသင်းထဲ ပါချင်လွန်းလို့ လူရွေးမယ့် လှသောင်းတို့၊ အုန်းပိုင်တို့ကို အပြုံးလက်ဆောင်နဲ့ လာဘ်ထိုးနေကြတယ်၊ နမပေးမယ့်အတိုင်း။ အချို့ကလည်း ခေါင်းကုတ်ရင်း ရယ်ကျဲကျဲနဲ့၊ နောက်ရက်ကျ ထမင်းခေါ်ကျွေးပါမယ် ဆိုတဲ့သဘော။

စက်ဆရာက ကန်ချင်တဲ့လူ...

ပါချင်တဲ့ လူများနေတာယ်။

ရွေးရမှာက တစ်ဆယ့်ငါးဦး၊ အရန်ပါ တစ်ခါတည်း ရွေးရမှာ။

နီတော့ လှသောင်းရယ်၊ အုန်းပိုင်ရယ်ဟာ လူငယ်တွေကို ထိုင်ခိုင်းလိုက်တယ်။

"ကဲ…အားလုံးထိုင်၊ အကြမ်းဖျဉ်းရွေးမယ်"

"ဟုတ်ကဲ့။ ပြီးမှ…အပြီးသတ်ရွေးမယ်"

လှသောင်းနဲ့ အုန်းပိုင်က ထိုင်နေတဲ့ လူငယ်တွေကို ပြောလိုက်တယ်။ လူငယ်တွေကလည်း သူ့ပါချင်၊ ငါပါချင်။ သူ့ရွေးနိုး၊ ငါ့ရွေးနိုး။ အဲဒီအချိန် အဆိုးဆုံးက အောင်တင်။ မှန်တယ်။ အိမ်ရှင်အဖြစ် လက်ခံကျင်းပနေတဲ့လူ၊ ဘောလုံးဝါသနာအိုး။ ကန်ချင်လိုက်တာ စက်စက်ယိုယို။ ဘောလုံးဖက်ပြီး သေမယ်လို့တောင် ပြောခဲ့တဲ့လူ။

အောင်တင်ဟာ လှသောင်းနဲ့ အုန်းပိုင်အနား ရပ်ရင်းရှိတယ်။

တကယ်တော့ အောင်တင်ဆိုတာ ကြီးနာမည်။

ငယ်နာမည်က မော်တား။

အောင်တင်ခေါ်…မော်တားတဲ့။

အဲသလိုနဲ့ လှသောင်းနဲ့ အုန်းပိုင်ဟာ ထိုင်နေတဲ့ လူငယ်တွေကို တစ်ဦးချင်းကြည့်၊ စိတ်ကူးနဲ့ ရွေးနေဆဲမှာပဲ အောင်တင်က အများရှေ့မှာ ပြောလိုက်တယ်။

အဲဒီစကားကြောင့် လူငယ်တွေအားလုံး မခံချင်စိတ်နဲ့ ပြုံးသူပြုံး၊ ခေါင်းညိတ်သူညိတ်။

ကြည့်…

"လှသောင်း…"

"ဘာလဲ အောင်တင်…"

"လူရွေးမယ်ဆိုရင်…ပထမဆုံး စာရင်းသွင်း၊ ဦးစားပေး အားထားရမယ့် လူအရင်ရွေးရမယ်"

အောင်တင့်စကားကို လှသောင်းရော အုန်းပိုင်ပါ လက်ခံကြတယ်။

"ဟုတ်ပါတယ်"

"လက်ခံတယ်"

အဲသလို ပြောအပြီး အောင်တင်က…

"အဲသလို ဦးစားပေးရွေးရမယ့်လူကို သိလား၊ မင်းတို့ စဉ်းစားမိရဲ့လား"

အဲသလို မေးတော့…

"ဟာ…မစဉ်းစားမိဘူး"

"မတွေးမိဘူး"

အဲဒီအခါမှာ အောင်တင်က ပြောလိုက်တယ်။

"ဦးစားပေးပြီး ရွေးရမယ့်လူ၊ အားထားရမယ့်လူ၊ နိုင်းဆုကြီးယူပေးရမယ့်လူကို ပထမဆုံး စာရင်းတင်ရမယ်ဆိုရင်…" လို့ပြောရင်း လူငယ်တွေထဲ မျက်လုံးတစ်ချက်ဝေ့ကစားရင်း ဆက်ပြောလိုက်တယ်။

"ငါရယ်…"

"ဟင်…"

"အောင်တင်ရယ်…"

"မော်တားရယ်…"

အောင်တင်စကားကြောင့် အားလုံးပြုံးကြတယ်။ အားလုံးရယ်ကြတယ်တဲ့။ တစ်ဦးတည်းကို ငါရယ်…အောင်တင်ရယ်…မော်တားရယ် ဆိုတဲ့ စကားဟာ ရာဇဝင်တွင်သွားတော့တာပေါ့။

ဩော်-ဖြစ်ရလေ…။



# အပြိုင်

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာဟာ အထက်ချင်းတွင်းမြစ်ဘေးမှာရှိပြီး တောင်မြောက်ရှည်တဲ့ ရွာကြီးဖြစ်သတဲ့။ အိမ်ခြေ ခြောက်ရာကျော်ရှိပြီး ဖွံ့ဖြိုးတဲ့ရွာ၊ လူချမ်းသာပေါတဲ့ရွာလည်း ဖြစ်သတဲ့။ နှစ်စဉ်နှစ်တိုင်း စိုက်လယ်တွေ၊ တွဲလယ်တွေလုပ်ကြပြီး လယ်ရာသီပြီးရင် ပွဲကြီးကြသတဲ့။ ဒီတော့ စီးပွားရေးက အဆင်ပြေနေတော့တာပေါ့။

အဲဒီ ရွာတန်းရှည်မှာ တောင်ကျောင်း၊ မြောက်ကျောင်းဆိုပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်းပဲ ရှိတယ်။ တောင်ဘုန်းကြီးကျောင်းကို တောင်ပိုင်းက ကိုးကွယ်ကြတယ်။ လှူဒါန်းကြတယ်။ မြောက်ဘုန်းကြီးကျောင်းကိုတော့ မြောက်ပိုင်းက ကိုးကွယ်ကြ၊ လှူဒါန်းကြတယ်တဲ့။

တောင်ပိုင်းကအလှူရှိရင် တောင်ပိုင်းကျောင်း ကထိန်သင်္ကန်းကပ်၊ သာရေးနာရေးအားလုံး တောင်ပိုင်းမှာရှိရင် တောင်ကျောင်း။ အဲသလိုပဲ မြောက်ပိုင်းက သာရေးနာရေး စတဲ့ကိစ္စရှိရင် မြောက်ကျောင်းမှာပဲ ကျင်းပခဲ့ကြတယ်။

အဲသလို တောင်ပိုင်း မြောက်ပိုင်းဟာ တောင်ကျောင်း၊ မြောက်ကျောင်းကို ဝါစွဲ ရပ်စွဲ ကျောင်းစွဲတွေနဲ့ အပြိုင်အဆိုင် သာရေး နာရေး ပြုကြပြီဆိုရင် သူ့အရပ်က သာတယ်၊ သူ့အရပ်က ဘယ်လို ဘယ်သူ့ကျောင်းက ဘယ်လို၊ ဘယ်ကျောင်းက ဘယ်လို စတဲ့ ကဲ့ရဲ့မှုတွေ၊ မြှောက်စားမှုတွေ ပြုခဲ့ကြတယ်တဲ့။

## အပြိုင်

တစ်ခါက အထက်အညာအရပ်မှာ ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာဟာ အထက်ချင်းတွင်းမြစ်ဘေးမှာရှိပြီး တောင်မြောက်ရှည်တဲ့ ရွာကြီးဖြစ်သတဲ့။ အိမ်ခြေ မြောက်ရာကျော်ရှိပြီး ဖွံ့ဖြိုးတဲ့ရွာ၊ လူချမ်းသာပေါတဲ့ရွာလည်း ဖြစ်သတဲ့။ နှစ်စဉ်နှစ်တိုင်း စိုက်လယ်တွေ၊ တွဲလယ်တွေလုပ်ကြပြီး လယ်ရာသီပြီးရင် ပဲကြဲကြသတဲ့။ ဒီတော့ စီးပွားရေးက အဆင်ပြေနေတော့တာပေါ့။

အဲဒီ ရွာတန်းရှည်မှာ တောင်ကျောင်း၊ မြောက်ကျောင်းဆိုပြီး ဘုန်းကြီးကျောင်းနှစ်ကျောင်းပဲ ရှိတယ်။ တောင်ဘုန်းကြီးကျောင်းကို တောင်ပိုင်းက ကိုးကွယ်ကြတယ်။ လှူဒါန်းကြတယ်။ မြောက်ဘုန်းကြီးကျောင်းကိုတော့ မြောက်ပိုင်းက ကိုးကွယ်ကြ၊ လှူဒါန်းကြတယ်တဲ့။

တောင်ပိုင်းကအလှူရှိရင် တောင်ပိုင်းကျောင်း ကထိန်သင်္ကန်းကပ်၊ သာရေးနာရေးအားလုံး တောင်ပိုင်းမှာရှိရင် တောင်ကျောင်း။ အဲသလိုပဲ မြောက်ပိုင်းက သာရေးနာရေး စတဲ့ကိစ္စရှိရင် မြောက်ကျောင်းမှာပဲ ကျင်းပခဲ့ကြတယ်။

အဲသလို တောင်ပိုင်း၊ မြောက်ပိုင်းဟာ တောင်ကျောင်း၊ မြောက်ကျောင်းကို ဓါးစွဲ ရပ်စွဲ ကျောင်းစွဲတွေနဲ့ အပြိုင်အဆိုင် သာရေး နာရေး ပြုကြပြီဆိုရင် သူ့အရပ်က သာတယ်၊ သူ့အရပ်က ဘယ်လို ဘယ်သူ့ကျောင်းက ဘယ်လို၊ ဘယ်ကျောင်းက ဘယ်လို စတဲ့ ကဲ့ရဲ့မှုတွေ၊ မြှောက်စားမှုတွေ ပြုခဲ့ကြတယ်တဲ့။

ပြောရရင် တောင်ပိုင်းက မြောက်ပိုင်းကဲ့ရဲ့၊

မြောက်ပိုင်းက တောင်ပိုင်း အပြစ်ပြော၊

တောင်ပိုင်းက မြောက်ကျောင်း၊ မြောက်ပိုင်းက တောင်ကျောင်း အပုပ်ချတော့တာပေါ့။ အဲသလို အရပ်အပြိုင်၊ ကျောင်းအပြိုင် လုပ်ကြတဲ့ အခါမှာ ဦးဇင်းအချင်းချင်း အခန်းနေသံဃာအချင်းချင်းသာမက ကိုရင်လေး တွေ၊ ဆွမ်းခံကျောင်းသားတွေကပါ ပြိုင်လာကြတယ်။

ဆွမ်းခံလို့ တောင်ပိုင်း၊ မြောက်ပိုင်းခြားထားတဲ့ အရှေ့အနောက် ရွာလယ်လမ်း ရောက်ပြီဆိုရင် ဆွမ်းဟင်းအများ၊ ဆွမ်းအများ၊ ဆွမ်းဟင်း ကောင်းမကောင်း ပြိုင်ကြသတဲ့။ သူ့ကျောင်းက ဝက်သား၊ ဝက်သား ဘယ်နှစ်ခွက်၊ ငါ့ကျောင်းက ကြက်သား၊ ကြက်သား ဘယ်နှစ်ခွက်၊ သူ့ ကျောင်းက အမဲသား၊ အမဲသားဘယ်နှစ်ခွက်··· စတဲ့ အပြိုင်တွေ ပြိုင် ကြတာပေါ့။

တစ်ရက်တော့ တောင်မြောက် နှစ်ရပ်ကွက်ခြားထားတဲ့ ရွာလယ် လမ်းမှာ တောင်ကျောင်းက ကိုရင်တွေ ကျောင်းသားတွေနဲ့ မြောက်ကျောင်း က ကျောင်းသားတွေ ကိုရင်တွေ ဆွမ်းခံရင်း တွေ့ကြတယ်။

မြောက်ကျောင်းက ကျောင်းသားက···

"ငါတို့က အမဲသားနပ်ကွ··· ငါးခွက်တောင်ရတယ်။ ငါတို့ မြောက်ပိုင်းက သာတယ်"

အဲသလိုပြောတော့ တောင်ကျောင်းက ကျောင်းသားဟာ···

"ငါတို့ တောင်ပိုင်းက လောင်းတာ ဝက်သားနပ်က ရှစ်ခွက် တောင်ရတယ် "

"ဒါတောင် အိမ်ပေါက်စေ့ မခံရသေးဘူးကွ"

"ဟုတ်တယ်"

အဲသလို တောင်ကျောင်းက ပြောတော့ မြောက်ကျောင်းက ကျောင်း သားဟာ···

"ဟေ့···အမဲသားနပ်အပြင် ကြက်ဥ၊ ဘဲဥကြော်က ပန်းကန်ပြားနဲ့

အလျှံအပယ်ကွ။ ဒါတောင်မဆန့်တော့လို့ ကျောင်းပြန်ပို့ ထားရတယ် ဟေ့…"

အဲဒီမှာ တောင်ကျောင်းသားက မခံမရပ်နိုင်ဖြစ်ပြီး ပြန်ပြောတယ်။

"ဟေ့…ငါတို့ တောင်ပိုင်းက ကျောင်းကိုပြန်ပို့တာ သုံးခေါက် ရှိပြီကွ"

"ဟုတ်တယ် သုံးခေါက်ရှိပြီ"

"မနိုင်လို့ကွ…"

"မင်းတို့ မြောက်ကျောင်းထက်သာတယ်"

အဲသလို တောင်ကျောင်း မြောက်ကျောင်း ဆွမ်းနဲ့ ဆွမ်းမောင်းခံကြတာ အပြိုင်အဆိုင် ကြွားနေတုန်း မြောက်ကျောင်းက ကျောင်းသား သာဂိဟာ ဆွမ်းဟင်းခွက်ကိုင်ရင်း…

"သဝေထိုး ခချေးဝဆွဲ ဝစ္စနှစ်လုံးပေါက် ချေး၊ သဝေထိုးဝဘဝမ်း ပုဝဆွဲတွေ။ ချေးတွေ…ဟေ့…ချေးတွေ…"

မြောက်ကျောင်းက သာဂိဟာ အဲသလိုဆဲတော့ မြောက်ကျောင်းက ကျောင်းသားတွေကလည်း သာဂိဆဲသလို တောင်ကျောင်းသားတွေကို အပြိုင်ဆဲကြတာပေါ့။ ဆဲသံ တွေဆူညံနေလေတော့ တောင်ပိုင်းကလူတွေ၊ မြောက်ပိုင်းက လူတွေအားလုံး ထွက်ကြည့်တာပေါ့။

အဲဒီအချိန် တောင်ကျောင်းက ကျောင်းသားအေးဆောင်က…

"ဟေ့… ငါတို့က လရေးနှစ်ချောင်းငင် လူကွ…"

"ဟုတ်တယ်။ ချေး မဟုတ်ဘူး"

"လူကွ… လနှစ်ချောင်းငင်လူကွ"

အဲသလို ချေးမဟုတ်ဘူး၊ လူဟု ချေပတော့ တောင်ကျောင်းသား သာဂိက ပြန်ပြောတယ်။

"ဟေ့…ငါတို့ တောင်ကျောင်းက မင်းတို့မြောက်ကျောင်းဝက် သာတယ် ပိုတယ်ကွ"

"ဘယ်လို ပိုတာလဲဟေ့"

"ပြောပါဦးကွ တောင်ကျောင်းသားတွေရဲ့"

တောင်ကျောင်းသားတွေက သို့ကလို ပြောကော့ တောင်ကျောင်း သား သာဂီက…

"ငါတို့ တောင်ကျောင်းသားတွေက မင်းတို့မြောက်ကျောင်းသား တွေလို လရေးနှစ်ချောင်းငင်လှ မကဘူးကွ၊ ငါတို့တောင်ကျောင်းက လရေး သုံးချောင်းငင် လှုပေါ့…"

အဲသလို မြောက်ကျောင်းသား သာဂီ အမြဲစကားအဆုံး တောင် ကျောင်းသား အေးဆောင်က ရယ်ရင်းပြောတယ်။

"ဟေ့…ငါတို့ မြောက်ကျောင်းက လရေးလေးချောင်းငင်လှ တာကွ"

အဲသလို ပြောတော့ တောင်ကျောင်းစွဲ တောင်ပိုင်းသားတွေ၊ မြောက် ကျောင်းစွဲ မြောက်ပိုင်းသားတွေ တဟားဟားနဲ့ ရယ်ကြပြီး ကျောင်းသားတွေ ကို ဖြန်ဖြေပေးကြသတဲ့။

"ကဲ…ကဲ…တော်ကြ၊ တော်ကြပါတော့"

"ပြိုင်မနေကြနဲ့"

"ဆွမ်းခံ ကြွကြတော့၊ ဆွမ်းခံနောက်ကျလို့ ကျောင်းရောက်ရင် ကျော့ပြင် ချောတင်ခံနေရဦးမယ်"

အဲသလို ပြောပြီး ဖြန်ဖြေလွှတ်တော့ ကျောင်းသားနှစ်ဖွဲ့ ပြန်သွား ကြသတဲ့။ အဲဒီကစပြီး တောင်ကျောင်းစွဲ၊ မြောက်ကျောင်းစွဲ မထားကြ တော့ဘဲ တညီတညွတ်တည်း လျှောက်နိုင်ကြသတဲ့။ ရပ်ကွက်ချင်းတည့်၊ ကျောင်းအချင်းချင်း သင့်မြတ်သွားသတဲ့။

ရာဇဝင်တော့ ကျန်ခဲ့တယ်။ ရပ်ကွက်ချင်းတည့်သွားတာ ကျောင်း ချင်းချင်းသင့်သွားတဲ့ စကားကြောင့်လေ။ အဲဒီစကားက…

"ငါတို့ ကျောင်းက လရေး လေးချောင်းငင်လှ"

ဆိုတဲ့ စကားကြောင့်မှပါပဲ။ အပြိုင်လွန်ရင် မကောင်းဘူးလေ။

## နှစ်ထက် ပိုကိုက်တယ်ဟေ့

တစ်ခါက ချင်းတွင်းမြစ်ဆိပ်မှာ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီ ရွာကြီးဟာ မြေပဲ၊ ပဲစင်းငုံနဲ့နှမ်း၊ ပြီးတော့ အခြားပဲအမျိုးမျိုးစိုက်တဲ့ ရွာကြီးဖြစ်တယ်။ အဲဒီရွာကြီးဟာ အိမ်ခြေကိုးရာကျော် တစ်ထောင်နီးပါး ရှိပြီး ပဲလုပ်ပဲစိုက်၊ နှမ်းလုပ်နှမ်းစိုက်တဲ့ တောင်သူဦးရေ များပြားသတဲ့။

ခြုံငုံကြည့်ရင် လေးပုံတစ်ပုံဟာ တောင်သူရိုးရာအလုပ်ကို လုပ်ကိုင်ပြီး ကျန်တဲ့တစ်ပုံက ကူလီအလုပ်သမား၊ လက်လုပ်လက်စားပဲ ဖြစ်တယ်။ ဒီတော့ တစ်ရွာလုံးမှာရှိတဲ့ တောင်သူလုပ်ငန်းဟာ ရွာမှာရှိတဲ့ အလုပ်သမားအင်အားနဲ့ မမျှဘူး ဖြစ်နေတယ်တဲ့။ အဲဒီရွာက အများဆုံး လုပ်တဲ့ မြေပဲသိမ်းချိန်ဆိုရင် အခြားတစ်ရွာက အလုပ်သမားတွေခေါ်ပြီး မြေပဲဆွတ်ရသလို ပဲစင်းငုံသိမ်းချိန်၊ ခုတ်ချိန်ဆိုရင်လည်း ရွာမှာရှိတဲ့ အလုပ်သမားနဲ့ တစ်ရွာကအလုပ်သမားကိုပဲ အားကိုးရသတဲ့။ ဒီအလုပ်ငန်းမဲ ဖြစ်ဖြစ်၊ အလုပ်သမား လက်လုပ်လက်စားကိုသာ အားပြုရတဲ့လုပ်ငန်း ဖြစ်တာမို့ အလုပ်သမားပဲ အားထားရသတဲ့။

အဲ…အဲဒီရွာမှာ မဝင်းကြည်ဆိုတာ ရှိတယ်။

အဲဒီ မဝင်းကြည်ဟာ မိဘနှစ်ပါးနဲ့အတူ လင်ဖြစ်သူ ကိုအေးနဲ့ အတူ နေထိုင်သတဲ့။ မဝင်းကြည်ဟာ အသက်ငါးဆယ်ကျော်ပြီဖြစ်ပေမယ့်

အရွယ်မကျ၊ အသားအရေက အမြဲစိုပြည်၊ ဝလည်းဝ၊ လှလည်းလှအဲ့ မိန်းမပေါ့။ ငယ်စဉ်ကဆိုရင် လှလွန်းလို့ ငေးကြည့်ရတဲ့ အဆင့်ပေါ့။

မဝင်းကြည်ဟာ တစ်ဦးတည်းသောသမီး၊ မိဘတွေ ဆွေမျိုးတွေက လည်း အလိုလိုက်ထားတာကြောင့် အပြတ်ဆိုးတယ်။ ပြောတာဆိုတာ ဆဲတာငေါက်တာ ရက်စက်တယ်။

"အင်း…ရုပ်လေးလှသလောက် ပါးစပ်က ကြောက်စရာကောင်း တယ်"

အဲသလို ပြောခံရတဲ့အထိ မဝင်းကြည်အကြောင်းက သတင်းမွေး နေတော့တာပေါ့။ တကယ်တော့ မဝင်းကြည် ဘာပဲလုပ်လုပ် ဘာပဲဖြစ်ဖြစ်၊ မိဘနှစ်ပါးက ဝင်မပြောရဲသလို လင်ဖြစ်သူ ကိုအေးကလည်း ဝင်မပြော ရဲရှာဘူး။ မိဘကတောင် လက်လျှော့ထားတဲ့ မဝင်းကြည်ကို လင်ဖြစ်သူက ဘယ်ပြောရဲမှာလဲ (ပါးရှစ်စိပ်ကွဲ၊ နားတွေ သွားတွေ၊ လေထွက် ကျွတ် ကုန်မှာပေါ့။)

ဟော…ဒါတင်ပဲလား၊ မကဘူး။ မဝင်းကြည်ဟာ နှုတ်သီး ကောင်းလှျှာဖါး၊ ဆဲဆိုရာမှာ မိန်းမကြမ်းကြီးဖြစ်သလို နှမြောရာမှာလည်း စံဟင်လောက်ပါတယ်။

ဒါကြောင့် မဝင်းကြည်အိမ်မှာ မြေပဲဆွတ်တော့မယ်၊ ပဲစင်းငုံ သိမ်းတော့မယ်၊ အခြားပဲခင်းတွေ ရိတ်တော့မယ်ဆိုရင် ရွာခံအလုပ်သမား တွေက ရှောင်ကြတယ်။ လန့်ကြတယ်။

တကယ်လည်း ရှောင်ကြ၊ လန့်ကြတယ်လေ။ ဘာဖြစ်လို့လည်း ဆိုရင် သူ့အခင်းလိုက်မယ့် လူငှားဆိုရင် မနက်အစောကြီး လိုက်နှိုးပြီး တောကိုလွှတ်တယ်။ နေ့ခင်းနားတဲ့အခါ စားမယ့်ထမင်းအုပ်တို့ လက်ဖက် အုပ်တို့ဆိုရင်လည်း တစ်ယောက်မှ နှစ်ဇွန်း၊ သုံးဇွန်းပဲ ကျွေးတတ်သတဲ့။ ပါတဲ့ထမင်းက ဆန်ကြမ်း၊ ပါတဲ့ဟင်းကလည်း ဆီ၊ ဆားမပါ။ လက်ဖက်အုပ် ကလည်း လေထဲလွင့်တော့မယ့်အတိုင်း။ နောက် သူများတွေပြန်ချိန်ထက် နောက်ကျပြီးမှ ပြန်တယ်။ နေစောင်းမှ ပြန်တယ်။

"ဟင်း… မပယ်ဝင်းကြည်အခင်းက အစားအသောက်ကတော့ သူတောင်းစားတောင် လက်မခံဘူး"

"အင်း…မဝင်းကြည်အခင်းလိုက်ရတာ နေဝင်ကာနီးမှ ပြန်တော့ ဟန်ကျတယ်။ မနက်စာနဲ့ ညစာ တစ်နပ်တည်းပဲ ပေါင်းပြီး စားရတယ်"

အဲသလို ပြောတဲ့အထိ။

တကယ်တော့ မဝင်းကြည်ဟာ သူများကိုသာ ကျွေးရ၊ မွေးရမှာကို နှမြောတာမဟုတ်ဘူး၊ သူကိုယ်တိုင်ကလည်း မစားမသောက်။ ဖြစ်သလို စားတတ်သတဲ့။ ကုန်ကျမှာကို စိုးတာကိုး။

အဲသလို နှမြောတဲ့ မဝင်းကြည်ရဲ့အိမ်၊ အလုပ်ကို ပက်ပက်စက်စက်နိုင်းတတ်တဲ့ မဝင်းကြည်။ ဝက်သား၊ အမဲသားကို တစ်နှစ်မှ တစ်ခါ နှစ်ခါပဲ ချက်ကျွေးတဲ့ မဝင်းကြည်။

အဲဒီ မဝင်းကြည်အိမ်ကို ရွာခံအလုပ်သမားတွေက မနေကြဘူး။ မနေရဲကြဘူး။ မနေဝံ့ကြဘူး။ ရှောင်ကြတယ်။

"ဟင်း…မဝင်းကြည်အိမ်နေရ သေမှာ"

အဲသလို ပြောကြတယ်။ မကျွေးမှ မကျွေးချင်တာ။

"အဲဒီအိမ်နေရင်…မိန်းမ လင်ငယ်နေမှာဗျာ"

အဲသလို ပြောကြတယ်။ နေ့ရောညပါ ခိုင်းတာကိုး။

ဒါနဲ့ ရွာခံလူတွေက ဘယ်သူမှမနေတော့ မဝင်းကြည် အကြံအိုက်၊ အကျပ်ရိုက်တော့တာပေါ့။ ဒီလိုနဲ့ မြေပဲသိမ်းချိန်၊ ပဲစင်းငုံသိမ်းချိန်နဲ့ အခြားပဲသိမ်းချိန် ရာသီကို ရောက်ခဲ့တယ်။ ဒါနဲ့ရွာထဲကို လိုက်ပြီး လူငှား ရှာတယ်။ မရဘူး။ အရင်က လူငှားလုပ်တဲ့ လူတွေကို ခေါ်တယ်။ ခေါ် မရဘူး။ မဝင်းကြည်မြင်ရင် ရှောင်ကြတယ်။ ဆင်ဝေ့ရန်ရှောင် ပြောပြီး နေကြတယ်။ ဒီလိုနဲ့ ရွာမှာငှားမရတော့ သူတို့ရွာနှင့် နှစ်မိုင်ဝေးတဲ့ရွာက လူငှားတစ်ဦးခေါ်ထားယ်။ ခေါ်လို့ရတယ်။

အမည်က မောင်တိုးတဲ့။

မောင်တိုးက လူပျို့မဟုတ်ဘူး၊ မိသားစုနဲ့။ ကလေးနှစ်ယောက်

ရှိတယ်။ မိသားစုကိုပစ်ခဲ့ပြီး တစ်ရွာတစ်ပြည်ကို လိုက်ပြီး အလုပ်လုပ်နေ ရတာကို မနှစ်သက်ဘူး။ ဒါက တစ်ကြောင်း။ ပြီးတော့ ဒီရွာရောက်မှ မဝင်းကြည် နမြော်တာ၊ မဝင်းကြည် အနိုင်းရက်စက်တာကို သိတာက တစ်ကြောင်း။

ဒါတွေကြောင့် စိတ်လည်းညစ်၊ ဒေါသလည်းဖြစ်။

ဒေါသမဖြစ်ဘဲနေမည်လား။ မနက်သုံးနာရီလောက် တောထွက်ပြီး နေ့ နာရီပြန်နှစ်ချက်၊ သုံးနာရီလောက်မှချည်းပြန်ရ။

ထမင်း ဟင်းစားတော့လည်း ဝက်သား၊ အမဲသားဆိုတာ မြင်တောင် မမြင်ဖူးဘူး။ ရှောက်သီးထောင်း၊ ငါးပိရည်၊ ပဲပြုတ်၊ ခရမ်းသီးချက်၊ ဒါချည်းပဲ စားပြန်ရတာကိုး။ ပြန်ပြေးလို့လည်းမဖြစ်၊ စီးပွားရေးအဆင်မပြေတော့ တစ်နှစ်စာအတွက် ငွေကယူပြီး မိသားစုသုံးလို့ ကုန်ခဲ့ပြီလေ။

ဒီလိုနဲ့ တစ်ရက်မှာတော့ မြေပဲတိုက်ရာက မောင်တိုးပြန်လာတယ်။ အချိန်က ညနေသုံးနာရီ။ ထမင်းကဆာ၊ နေကပူ၊ တလင်းထဲကနေ အိမ်ထဲ လှည်းနဲ့အဝင်…လှည်းရပ်၊ နွားတွေဖြုတ်ပြီး လှည်းမှာချည်လိုက်တယ်။

အဲဒီအချိန်…

"ဝေါင်း…ဝေါင်း…ဝေါင်း"

"ဝုတ်…ဝုတ်…ဝုတ်"

မဝင်းကြည်ဟာ ပက်လက်ကုလားထိုင်နဲ့ အိမ်ရှေ့မှာ စိမ်နဲ့ထိုင် နေတယ်။ မဝင်းကြည်ဘေးမှာ ဝပ်နေတဲ့ ခွေးဝါက မောင်တိုးကို ဟောင် တယ်။ မဝင်းကြည်က သူ့ခွေးဝါဟောင်တာကို သဘောကျပြီး ရယ်နေ တယ်။ မောင်တိုးက ခွေးကိုရော မဝင်းကြည်ကိုပါကြည့်ပြီး ဒေါသဖြစ်နေ တော့တာပေါ့။

တကယ်တော့ အဲဒီ မဝင်းကြည်မွေးထားတဲ့ ခွေးဝါဟာ လူကိုက် တယ်။ ရွာထဲကလူတွေဆိုရင် အကိုက်ခံရတဲ့ လူတွေချည်းပဲ။ ခွေးဆိုး ခွေးမိုက်ဆိုပြီး နာမည်ကြီးနေတာပေါ့။

အဲသလို ခွေးဝါမက တဝေါင်းဝေါင်း၊ တဝုတ်ဝုတ် ဟောင်နေတာကို

သခင်မ မဝင်းကြည်က မခြောက်မလှန့်ပဲနေတော့ မောင်တိုး ပြောလိုက်တဲ့ စကားကြောင့် မဝင်းကြည်အပါအဝင် ဘေးအိမ်က လူတွေပါ ပြုံးမိကြတယ်တဲ့။

မောင်တိုး ဒေါသနဲ့ ပြောလိုက်တာက…

"ဟင်း…မသာ့မရဲ့ချေး… ငါ့ဟောင်မနေနဲ့၊ နင့်ထက်မိုက်လို့ ဒီမသာမအိမ် လှူငှားဝင်နေတာဟေ့"

အဲဒီစကားက အဲဒီရွာမှာ ရာဇဝင်တွင်သွားတော့တာပေါ့ကွယ်။

## ပြိုင်စရာရှားလို့

တစ်ခါက အထက်အညာအရပ်မှာ ဇီးကုန်းဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီ ဇီးကုန်းရွာဟာ အရှေ့အနောက် ရွာတန်းရှည်ကြီးဖြစ်ပြီး အိမ်ခြေစာစ်ထောင်နီးပါး ရှိသတဲ့။ အဲဒီရွာဟာ တောင်သူဦးရေများပြီး အလုပ်သမားနည်းတယ်။ အဲဒီရွာရဲ့ အဓိကလုပ်ငန်းက ပဲအမျိုးမျိုးကြဲ၊ ပဲအမျိုးမျိုးသိမ်းတဲ့အလုပ်ဟာ အဓိကဖြစ်ပြီး ကျန်တဲ့အလုပ်က ထင်းတော စိုက်၊ ထင်းတောခုတ်ခြင်းအလုပ်ပဲ လုပ်ကြတယ်တဲ့။

အဲသလို အိမ်ခြေများပြီး အရှေ့အနောက်ရှည်တဲ့ ဇီးကုန်းရွာကြီး ဟာ အခြားရွာတွေလို မဟုတ်ဘူး။ စီးပွားရေးကောင်း၊ လုပ်ငန်းခွင်ကျယ်တဲ့ တောင်သူတွေများတော့ အရပ်ကွဲ၊ လူကွဲ၊ ဆွေမျိုးကွဲ ကွဲနေကြသတဲ့။ ပြောရရင် အရှေ့ပိုင်း၊ အနောက်ပိုင်း ကွဲကြတာပေါ့။

ပိုပြီးဆိုးတာက အရှေ့ပိုင်း၊ အနောက်ပိုင်း၊ အရှေ့ရပ်၊ အနောက်ရပ် အရှေ့အုပ်စု၊ အနောက်အုပ်စုဆိုပြီး ရပ်ကွဲ၊ ဆွေမျိုးတဲ့အပြင်၊ အရှေ့ကျောင်း၊ အနောက်ကျောင်းကွဲ…ကွဲတော့ ပိုပြီးဆိုးတော့တာပေါ့။ အရပ်ကွဲ၊ ကျောင်း ကွဲနဲ့ ဆွေမျိုးကွဲတော့ ပိုပြီးဆိုးတော့တာပေါ့။

အလှူအတန်းကအစ သာရေး နာရေးအထိ အကွဲတွေနဲ့ အပြိုင် ကွဲခဲ့ကြတာ နှစ်အတော် [illegible]ခဲ့ပြီပေါ့။

တစ်ရက်မှာတော့...

အရှေ့ရပ်ကွက်က လူချမ်းသာတစ်ဦးဟာ အလှူကြီးတစ်ခု လုပ်တယ်။ အဲဒီ လူချမ်းသာက သူ့အရှေ့ရပ်ကွက်က သူ့ဆွေမျိုးအုပ်စုနဲ့ သူတို့ကိုးကွယ်တဲ့အရှေ့ကျောင်းမှာပဲ အလှူပွဲကြီး ကျင်းပခဲ့တယ်။ ကျောင်းပြိုင်၊ အရပ်ပြိုင်၊ ဆွေမျိုးအုပ်စုအပြိုင်ဆိုတော့၊ အရှေ့ရပ်ကွက်က ကာလသားနဲ့ အပျို တစ်ရပ်ကွက်လုံး ကြက်ပျံမကျ စည်ကားအောင် နေ့မနား ညမနား ကူညီကြ ဝိုင်းဝန်းကြသတဲ့။

အဲဒီ အရှေ့အရပ်က အလှူပွဲမှာ ငါးခြောက်ချက်၊ ပဲနပ်၊ ရေတံသီးကြော်၊ ဟင်းချို၊ သရက်ချဉ်နဲ့ ကျွေးခဲ့တယ်။ အနောက်အရပ်က အုပ်စုကို မဖိတ်ဘူး။ အနောက်ကျောင်းက ဦးဇင်းကိုလည်း မပင့်ဘူး။ ကိုယ့်ကျောင်းကဆရာတော်၊ ကိုယ့်အုပ်စု၊ ကိုယ့်အရပ်ကလူနဲ့ပဲပြီးအောင် အလှူပွဲကို ကျင်းပခဲ့တယ်။

အဲသလို အရှေ့အရပ်က အလှူပွဲကို အနောက်အရပ်က လူတွေ မသွားကြဘူး။ အလှူထမင်းဟင်းကို မစားကြဘူး။ လှည့်တောင် မကြည့်ကြဘူးတဲ့။ အရှေ့အရပ်က အလှူပြီးတော့ မကြာပါဘူး။

အနောက်အရပ်က အလှူပွဲကြီးတစ်ခု ရှိပြန်တယ်။ အဲဒီ အလှူပွဲ လုပ်သူဟာ အရှေ့အရပ်က အလှူထက်သာအောင် ကြိုတင်ပြင်ဆင်ခဲ့တယ်။ အဲသလိုနဲ့ အလှူရက်ရောက်တော့ ငါးခြောက်ချက်မကျွေးဘဲ ဝက်သားဗလာ ကျွေးတယ်။ အလှူအတန်းပစ္စည်းကိုလည်း သူတို့အနောက်ကျောင်းမှာ ပုံအောပြီး လှူခဲ့ကြတယ်။

ပြောရရင် အရှေ့အရပ်အလှူထက် အနောက်အရပ်က အလှူက ပိုပြီး ထင်ပေါ်သွားတယ်။

ဘာပြုလို့လဲဆိုရင် အရှေ့အရပ်က ငါးခြောက်ချက်၊

အနောက်အရပ်က ဝက်သားဗလာကျွေးတာကိုး။

အဲသလိုနဲ့ အနောက်အရပ်ကအလှူပွဲ သာသွားတာကို အရှေ့အရပ်က မခံမရပ်နိုင်ဖြစ်ပြီးတော့ နောက်ထပ် လူချမ်းသာတစ်ဦးက

ဝက်သားဗလာကျွေးပြီး အငြိမ့်ပွဲထည့်ပြန်တယ်။ အနောက်အရပ်အလှူထက် အရှေ့အရပ်ကအလှူက သာသွားပြန်တယ်။ ဝက်သားကျွေး၊ အငြိမ့်ပွဲထည့် ရွာကိုး။

အဲဒါကို အနောက်အရပ်သားတွေက ဝက်သားဗလာကျွေးကို အလှူမကျပ် ဆောက်တဲ့ရက်ကစပြီး အသံချဲ့စက်နဲ့ဟစ်ပြီး ကျွေးခဲ့သလို အလှူပွဲကို နာမည်ကြီးဇာတ်ထည့်ပြန်တယ်။ အရှေ့အရပ်ထက် အနောက်အရပ်ကအလှူက သာသွားပြန်ရောတဲ့။

အဲသလို အပြိုင်နွဲကြတဲ့ အရှေ့အရပ်နဲ့ အနောက်အရပ်ဟာ သူပြိုင်ငါပြိုင်၊ သူ့သာ ကိုယ်သာနဲ့ အလှူအတန်းမှ မဟုတ်ဘူး၊ အခြားကိစ္စတွေပါ အပြိုင်နွဲနေကြတော့တာပေါ့။

တစ်ရက်မှာတော့ အရှေ့အရပ်က လူချမ်းသာတစ်ဦး သေခဲ့တယ်။ လူချမ်းသာဆိုတော့ အုပ်စုကတော့ အရပ်စွဲကလည်းရှိ၊ အနောက်အရပ်ထက်လည်း သာချင်။ ဒီတော့ အဲဒီလူချမ်းသာ အသုဘကို စည်ကားအောင် ဆိုင်းတွေ ဝိုင်းတွေထည့်၊ ထမင်းကျွေး၊ အလောင်းစင်တွေမှာ အုတ်ဂူပါ ထုံညှိသတဲ့။

အဲဒီ အသုဘချပြီးတော့ အနောက်အရပ်မှာလည်း လူချမ်းသာ တစ်ဦး ဆုံးပြန်တယ်။ အဲဒီ အနောက်အရပ်ကလည်း အရှေ့အရပ်ထက် သာအောင် အသုဘကို စီစဉ်ပြီး မြေချခဲ့တယ်။

အဲသလို ပြိုင်ရင်းနဲ့ အနောက်အရပ်က သာသွားပြန်ရောတဲ့။ အဲသလို နာရေးအသုဘကိစ္စ၊ အနောက်အရပ်က သာသွားတော့ အရှေ့အရပ်နေတဲ့ ကိုအုန်းမောင်ဆိုတဲ့လူက အနောက်အရပ်သားတွေ သိအောင် [illegible]ကြက်တယ်။

အဲဒီ ကိုအုန်းမောင် [illegible]ကြောင့် အရှေ့အရပ်ကလူ[illegible] ရယ်ကြ တယ်။

အနောက်အရပ်ကလူတွေ မှဲ့သွားကြတယ်။

ကိုအုန်းမောင် [illegible]ကားက . .

"ဪ... အနောက်အရပ်သားတွေ၊ အေး... ဒီအသုဘမှာ မင်းတို့က သာသွားပြီ။ အေး... ငါတို့အရှေ့အရပ်မှာ နောက်ထပ်သေမယ့် လူတွေ အများကြီး၊ တစ်ရပ်ကွက်လုံး သေကြမှာ။ အဲဒီတော့ တစ်ရပ်ကွက်လုံး သေရင် မင်းတို့ အနောက်အရပ်ထက်သာအောင် ချပြမယ်ဟေ့..."

ကိုအုန်းမောင်စကားကြောင့် ရာဇဝင်တွင်သွားတော့တာပေါ့ကွယ်။

ဪ... ပြိုင်စရာရှားလို့ကွယ်။

## မိုက်လိုက်တာ စိန်ကြည်ရာ

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ မောင်ရနဲ့ စိန်ကြည်ဆိုတဲ့ ညီအကိုနှစ်ယောက် ရှိသတဲ့။ အဲဒီ အစ်ကိုဖြစ်သူ မောင်ရနဲ့ စိန်ကြည်တို့ဟာ အသက်သုံးဆယ်ကျော်တစ်ဦးနဲ့ လေးဆယ်ကျော်တစ်ဦးဖြစ်တယ်။ မောင်ရက အကြီး၊ စိန်ကြည်က အငယ်ပေါ့။

အဲဒီ မောင်ရတို့ မောင်စိန်ကြည်တို့ဟာ ရွာရဲ့ထုံးစံ အခေါ်အဝေါ်အတိုင်း (ကို)တို့ (ဦး) တို့တပ်ပြီး မခေါ်ကြဘူး။ မောင်ပဲ တပ်ခေါ်ကြတယ်တဲ့။ အသက်(၇၀)ကျော် (၈၀)နီးပါး လူတွေတောင်မှ (မောင်တပ်ပြီး) ခေါ်ကြသတဲ့။ ဒါက သူတို့ရွာကထုံးစံ။ အလေ့အထပါပဲတဲ့။

မောင်ရတို့ မောင်စိန်ကြည်တို့က ဆင်းရဲကြတယ်။ ဆင်းရဲတဲ့အပြင် မိဘနှစ်ပါးလည်း မရှိဘူးတဲ့။

အကြီးကောင်မောင်ရ ဆယ်နှစ်သား၊ အငယ်ကောင် စိန်ကြည် ရှစ်နှစ်သားမှာ မိဘနှစ်ပါးဟာ ရေဆင့်နောက်ဆင့်ဆိုသလို ကွယ်လွန်ခဲ့ကြတယ်။ ဖခင်ဖြစ်သူ အရင်သေပြီးတော့ မိခင်ဖြစ်သူ ဆုံးပါးခဲ့တယ်။ အဲသလို မိဘနှစ်ပါး ဆုံးပါးပြီးတဲ့နောက်မှာတော့ ညီအကိုနှစ်ဦးစလုံးဟာ အတန်းကျောင်းကထွက်၊ ဘုန်းကြီးကျောင်းလိုက်ခဲ့တယ်။

ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးကျောင်းစာသင်၊ မနက်ခင်းမှာ ကျောင်းက ကိုရင်လေးတွေနဲ့ ဆွမ်းခံထွက်၊ မနက်စာစားပြီး ကျောင်းစာ သင်ခဲ့ကြရတဲ့ ညီအကိုနှစ်ယောက်ပေါ့။

အဲသည့်ရှေ့ သည်နှစ်ယောက်ပေါင်းမှ တစ်ဘဝအသွင်နဲ့ ရွာထဲနဲ့ ဘုန်းကြီးကျောင်း၊ ဘုန်းကြီးကျောင်းနဲ့ရွာထဲ ကူးလူးရင်းနဲ့ အရွယ်ရောက်လာကြတယ်။ အဲသလို အရွယ်ရောက်လာကြတဲ့အခါမှာတော့ သူတို့ညီအကိုနှစ်ယောက်ဟာ ကျောင်းမှာမနေကြတော့ဘူး။ တောင်သူကြီးတစ်ဦးအိမ်မှာ ကျွဲကျောင်းလိုက်ကြတယ်။ ထင်းခုတ်လိုက်ကြတယ်။ နောက်တော့ အတော်လေးအရွယ်ရောက်လာတော့ ထွန်စီးသင်တယ်။ ထယ်ထိုးသင်တယ်။ ပေါင်းပေါက် မြက်နုတ်ကျွမ်းလာတဲ့အခါမှာတော့ သူတို့လူငယ်တွေရဲ့ သဘာဝအတိုင်း ချစ်သူတွေ တွေ့လာကြတယ်။ ကြီးစဉ်ငယ်လိုက် သဘောခဲ့ မောင်ရက အရင်အိမ်ထောင်ကျပြီး စိန်ကြည်က နောက်နှစ်မှာအိမ်ထောင်ကျတယ်။

အဲ... သူတို့နှစ်ယောက် အိမ်ထောင်ကျတော့ သူတို့ရဲ့ဖူးစာရှင်ဆိုတာလည်း အများသိတဲ့အတိုင်း ချမ်းသာကြွယ်ဝတဲ့လူထဲက မဟုတ်ဘူးလေ။ သူတို့လိုပဲ ဆင်းရဲသားလက်လုပ်လက်စားဘဝမျိုးထဲကပဲ ညားခဲ့ကြတာပေါ့။ (ဆီးသီးနဲ့သီအိုးကွဲ ဆိုတဲ့သဘောပါပဲ။)

အဲသလို ညီအကိုနှစ်ယောက် အိမ်ထောင်ကျတော့ မိဘလက်ထက်က ကျန်ရစ်တဲ့အိမ်ဝိုင်းကို တစ်ဝက်ပိုင်းပြီး သီးခြားဘဝထူထောင် နေခဲ့ကြတယ်။ အခုဆိုရင် ကိုယ့်အိမ်နှင့်ကိုယ်၊ ကိုယ့်ဝိုင်း ကိုယ့်မိသားစုနဲ့ကိုယ်ပေါ့။ အမယ်... ကလေးတစ်ယောက်စီတောင် ရခဲ့ပြီပဲပေါ့။

သူတို့ရွာမှာ အလွန်ကပ်စေးနဲ၊ အလွန်နှမြော၊ အလွန်ချွေတာတဲ့ ဦးကောက်ရ-ဒေါ်ထွေးဆိုတဲ့ မိသားစုရှိတယ်။ (ကပ်စေးနဲ၊ အလွန်နှမြော ဆိုတဲ့စကားထက် ပိုတဲ့စကားရှိရင်တောင် အဲဒီစကားထက် အဆရာပေါင်းများစွာ ပိုမယ့်လင်မယားပေါ့)။ အဲသလောက်ကပ်စေးနဲ နှမြောတဲ့ မိသားစုပေါ့။ ဦးကောက်ရတို့မိသားစုတင် မကဘူး၊ သူ့သား သူ့သမီး သူ့မြေးမြစ်တွေကပါ ရေမြေလိုက်ပြီး ကပ်တယ် စေးတယ်၊ နှမြောတယ်တဲ့။

ဦးကောက်ရတို့ ကပ်စေးနဲတာ ရွာပေါ်မှာတင် မကဘူး၊ အခြားဒေသ အတိုင်းတိုင်း အပြည်ပြည်အထိပါ ကျော်စောခဲ့သတဲ့။

"ကြည့်… ဦးကောက်ရတို့ ဘယ်လောက်ကပ်စေးနဲသလဲဆိုရင် သူတို့လို တောင်သူကြီးအချင်းချင်းတတောင် လက်လဲတယ်။ လက်ဖျား ခါတယ်။ ရှုံ့ကြတယ်။ ကြောက်ကြတယ်တဲ့။ သူတို့ပစ္စည်း သူတို့စားစရာ ဆိုရင် မျက်ချေး နှပ်ချေးတောင်မှ တန်ကြေးကြီးသတဲ့။ သူများထိကစိုရှင် ရေအငွေ့သောက်ရလို့ ဗိုက်ကွဲသေချင်သေ၊ အလကားရမယ်ဆိုရင် တောမီး တောင်မှ ချေးထွက်အောင်လှဲ့တဲ့လူစားမျိုး ဖြစ်တယ်တဲ့။

တစ်နေ့တော့ အဲဒီ ဦးကောက်ရတို့ ပြောင်းခင်းကိုရိတ်ဖို့ မောင်ရတို့ ညီအစ်ကိုနှစ်ယောက်ကို လာပြီးငှားသတဲ့။

"ပြောင်းက နှစ်ကန့်ရှိတယ်။ အဲဒါ အခြားသူလည်း ငှားမရလို့ အဲဒါ…"

ဦးကောက်ရကဲ အဲသလိုပြောတော့ မောင်ရက…

"ရွာထဲကလူတွေ ခင်ဗျားတို့ကိုကြောက်နေတာ ကျုပ် သိတယ်။ အခြားသူတွေ ရှာမရလို့ ကျုပ်တို့ကို လာငှားတာမဟုတ်လား…"

"ဟုတ်တယ်။ အဲဒါ…"

အဲဒီအခါ မောင်စိန်ကြည်က ဝင်ပြောတယ်။

"ကြိုက်ဈေးရောက်ရင် ခင်ဗျားအခင်းကို ရိတ်မယ်"

"ကောင်းပြီလေ"

အဲဒီနောက်မှာတော့ ပြောင်းတစ်ကန့်ကို ဘယ်လောက်၊ နောက် ညနေ ထမင်းထုပ်ပို့ဖို့နဲ့ ဈေးသင့်ပြီး ရိတ်ဖို့ သဘောတူကြတယ်။ မောင်ရ တို့ ညီအကိုကလည်း ငွေလိုနေတာနဲ့ ကိုယ်လုပ်မှကိုယ်ရမှာဲဆိုပြီး၊ လက်ခံ ခဲ့တာပေါ့။ အဲသလိုနဲ့ပြောင်းခင်းကို စတင်ပြီး ရိတ်ကြတယ်။ အဲသလို ရိတ်ရင်းနဲ့ နေမြင့်တော့ ဦးကောက်ရ ဇနီးဖြစ်သူ ထမင်းထုပ်လာပို့တယ်။

"မောင်ရရေ… ထမင်းထုပ်ရောက်ပြီ"

"ထားခဲ့… ဒီတစ်ရှည်းရိတ်ပြီးမှ နားရင်းစားမယ်"

ဦးကောက်ရဇနီးက ထမင်းထုပ်ကို အရိပ်မှာထားပြီး ရိတ်ထားတဲ့ ပြောင်းလှဲပြီးအပင်တွေကို ကြည့်ဆဲမှာပဲ ငန်းပေါက်ရဲ့ မောင်ရတို့ညီအကို

ရှားတယ်။ ထမင်းဆုပ်ဆီသာပြီး မနက်စောစောလို့ ပြင်ဆင်ကြတယ်။ အဲဒီမှာ ပြင်ရင်းနဲ့ ဆန့်ကြမ်း။ ခရမ်းသီးချက်၊ ဆီးဖြူချဉ်၊ ငရုတ်သီးထောင်းမှ ပါတာကို တွေ့ရမယ်မယ့် ဆာနေတော့ စားကြတာပေါ့။ အဲဒီအနား ထိုင်နေတဲ့ ဦးကောက်ရ ဓနီးက···

“ခရမ်းသီးနဲ့ အမဲသား ရောချက်ထားတာ”

“ဟုတ်သား···” လို့ပြောရင်း စိန်ကြည်က ခရမ်းသီးခွက်ထဲ လက်နှိုက်လိုက်တော့ ခင်ဂျည်းစေ့ခန့် အမဲတုံးလေးတွေတော့···

“ဒီမှာအစ်ကို··· ကျုပ် စားလိုက်မယ်”

မောင်ရကိုပြောရင်း ပါးစပ်ထဲခွံ့လိုက်တယ်။ မောင်ရက ခေါင်းညိတ်ပြဆဲမှာပဲ စိန်ကြည်ဟာ ဝါးရင်းနဲ့ ရျဲနေတဲ့ သွားကြားမှာ အဲဒီရှားရှား ပါးပါးတွေ့တဲ့ အမဲတုံးလေး ညှပ်သွားတယ်။ ဒီတော့ အစားရပ်ပြီး လက်နဲ့ သွားကြားထဲက အမဲဖတ်ကို ခက်ရာခက်ဆစ် နှိုက်ထုတ်နေတာကို မောင်ရရော၊ ဦးကောက်ရဓနီးပါ စိတ်မသက်မသာ မြင်နေရတာပေါ့။

မကြာပါဘူး။ စိန်ကြည်ဟာ သွားကြားထဲက အမဲဖတ်ထုတ်ရတော့ စိတ်ဆိုးပြီး···

“တောက်··· ရှားရှားပါးပါး တွေ့မိလို့ စားမိပါရဲ့၊ အမဲတုံးက ကြီးတော့ သွားကြားထဲညှပ်သွားတယ်။ အတော်ဒုက္ခပေးတဲ့ မာင်းဖတ်··· သွား”

ပြောရင်းနဲ့ စိန်ကြည်က လွှတ်ပစ်လိုက်တယ်။

အဲဒီအချိန် မောင်ရပြောလိုက်တဲ့စကားကြောင့် စိန်ကြည်မျက်လုံး ပြူးသွားပြီး သဘောပေါက်ကာ ဟားတိုက်ရယ်သလို ဦးကောက်ရဓနီးမှာ ငိုရမလို ရယ်ရမလို ဖြစ်သွားသတဲ့။

“တောက်··· နှိုက်လိုက်တဲ့အကောင်၊ ငါတော့ မပေးဘူး···”

အဲဒီအကြောင်း အဲဒီစကားက အဲဒီရွာမှာ ခုထက်ထိ ရာဇဝင်တွင် ဆဲပါပဲတဲ့။ ကဲ···။





# ငါလည်း မွေးတော့မှာ

အထက်အညာအရပ်က ငှက်ပျောတောဆိုတဲ့ရွာမှာ မခင်မြ၊ မအေးမီ ဆိုတဲ့ မိန်းမနှစ်ယောက်ရှိတယ်။ အဲဒီ မခင်မြနဲ့ မအေးမီတို့နှစ်ယောက်ဟာ ဆွေရိပ်မျိုးရိပ် မကင်းကြဘူး။ သွေးတော်သားစပ်တဲ့ မိန်းမနှစ်ဦး။

ဒါပေမယ့်…

မခင်မြ၊ မအေးမီတို့ဟာ မတည့်ကြဘူး။ မသင့်မြတ်ကြဘူးတဲ့။ သူတို့နှစ်ဦး မတည့်တာ၊ မသင့်မြတ်တာ တစ်ရွာလုံးသိတာ။ အများသိတယ် လေ။ အဲ…သူတို့နှစ်ယောက်ကတော့ တစောင်းစောင်းနဲ့ မျက်ချေး။ သူကြွင်မှ ကိုယ်ကြွင်၊ သူခေါ်မှ ကိုယ်ခေါ်၊ သူပြုံးမှ ကိုယ်ပြုံး၊ သူမဲ့ရင် ကိုယ်မဲ့ ဆိုတဲ့သူတွေပေါ့။

အို… သူတို့နှစ်ယောက်က ဘယ်ဘဝက ဆုတောင်းမှားခဲ့သလားမှ မသိတာ။

အဲသလောက် မုန်းကြ၊ အငြိုးကြီးကြတဲ့ သူတွေ။

အဲသလို မုန်းရုံ ငြိုးကြီးရုံမကဘူး၊ မုန်းကြ အငြိုးကြီးကြတော့ အပြိုင်အဆိုင်ဆိုတာ ရှိလာတယ်။ တစ်ဦးနဲ့တစ်ဦး နားတစ်ဖျား အသာမခံ ခေါင်းတစ်လုံး အသာမခံ၊ ခြေတစ်လှမ်း အသာမခံဘဲနဲ့ ပြိုင်ကြတယ်တဲ့။ လှုမှုရေး၊ သာရေးနာရေးကစပြီး စားပွားရေး၊ ကြီးပွားရေးဆိုရင်လည်း အပြိုင်ပါပဲတဲ့။

ဒါပေမဲ့… သူတို့နှစ်ဦးရဲ့အဖေက ဆင်းရဲတယ်။ မချမ်းသာဘူး။ ဆင်းရဲတယ်ဆိုတာ အလွန်အမင်း ဆင်းရဲတာမျိုးတော့ မဟုတ်ဘူး။ သူတို့နှစ်ဦးရဲ့ အိမ်သား(လင်သား)တွေက ငွေရှာပေးနိုင်ကြတယ်။ သားသမီးတွေကလည်း အရွယ်ရောက်တော့ ဖန်ငွေရှိတယ်လေ။

မခင်မြယောကျ်ားက လှေငှားလုပ်သလို မအေးမိယောကျ်ားကလည်း လှေငှားလုပ်တယ်။ လှေငှားက ဝင်ငွေကောင်းတယ်။ ဒီတော့ မိသားစု တင့်တောင်းတင့်တယ် နေနိုင်တဲ့အဆင့်ပါပဲတဲ့။ အဲ…မအေးမိနဲ့ မခင်မြကတော့ အိမ်မှာနေ၊ ထမင်းဟင်းချက်၊ ရေခပ်၊ အဝတ်လျှော်၊ အားရင် အတင်းအဖျင်းပြော၊ တစ်ဦးနဲ့တစ်ဦး ပြိုင်ကြတာပေါ့။

မခင်မြမှာ ကလေးနှစ်ဦးပဲရှိသလို မအေးမိမှာလည်း သားသမီး နှစ်ဦးပဲရှိပြီး တောလိုက်အရွယ်ရောက်နေပြီပေါ့။ တကယ်တော့ သူတို့နှစ်ဦး က အသက်လေးဆယ်နား ကပ်နေပြီ။ မငယ်တော့ဘူး။ မာနတွေ မာန်တွေ ထားဆဲ၊ အပြိုင်အဆိုင်ပြုဆဲပဲပေါ့။ သူတို့ယောကျ်ားတွေကတော့ ဘာမျှ မသိရှာကြဘူး။ တစ်ဦးနဲ့ တစ်ဦး ခေါ်ခေါ်ပြောပြော ခင်ခင်မင်မင်ပါပဲတဲ့။

ခက်တာက…

မခင်မြနဲ့ မအေးမိက အိမ်ချင်းကပ်ရက်ပဲ။

မခင်မြက အရှေ့ဘက်ဝင်း၊ မအေးမိက အနောက်ဘက်။

စည်းဂိုးသာခြားတဲ့ သူတို့နှစ်ဦး။ မတည့်အတူနေ မပြင်ချောင်း ကြည့်ဆိုတဲ့ နှစ်ဦး။

ကြည့်…။

မခင်မြက ထဘီဝယ်ရင် မခင်မြထက်သာတဲ့ ထဘီဝယ်တာ မအေးမိ။ မအေးမိက အင်္ကျီဝယ်ရင် မအေးမိထက်သာတဲ့ အင်္ကျီဝယ်တာ မခင်မြ။ မခင်မြက မရှုံ့ရင် မအေးမိ လိုက်ချီး။ မအေးမိ အမှိုက်လှဲရင် မခင်မြကလည်း လှဲ။ မခင်မြက ကြက်သားချက်ရင် မအေးမိလည်း ချက်။ မအေးမိက ဝက်သားဝယ်ရင် မခင်မြကလည်း လိုက်ပြီးဝယ်။

ဘုန်းကြီးကျောင်းသွားတာတောင် ကန်တော့ပွဲမှာ သူထက်သာ

ဆောင် ကိုယ့်ထက်သာအောင်ဆိုပြီး ကန်တော့စရာငွေ့ဒည်းဝယ်ပြီး ထည့်ကြ တဲ့အထိ။ ပြိုင်ဆိုင်ကြတဲ့သူတွေပေါ့။

အဲသလိုနဲ့ မကြာပါဘူး၊ ပြိုင်လာဆိုင်လာကြရင်းနဲ့ မထင်မှတ်ဘဲ မခင်မြမှာ ကိုယ်ဝန်ရှိလာသတဲ့။ ကိုယ်ဝန်ရှိတော့ ဆရာမကိုအပ်၊ အားဆေး တွေစား၊ ဆေးတွေထိုး၊ လက်သည်ဖြစ်သူတွေနဲ့ တယုတယနေတော့တာ ပေါ့။

"အင်း...ဟိုဘက်က ကောင်မတော့ ကိုယ်ဝန်ရှိပြီ။ ငါက မရှိ သေးဘူး။ သူက ငါ့ထက်တလေး တစ်ယောက်သာတော့မယ်"

မနာလိုဖြစ်သူက မအေးမိပဲပေါ့။ ဗိုက်ကြီးတကားကား၊ စကား တွေပြော တဟားဟားရယ်ပြနေတဲ့ မခင်မြကို မနာလိုတာက မအေးမိ။ ဒီတော့ တစ်ညတော့ မအေးမိက အူယောက်ျားကို ပြောတယ်။

"ကိုရင်ကျက်တော်"

"ဘာလဲ အေးမိ"

"ဟိုဘက်အိမ်က မခင်မြလေ"

"အင်း...ဘာဖြစ်"

"ဘာဖြစ်ရမှာလဲ... ဗိုက်ကြီးနေပြီ၊ အဲဒါ..."

"ဟင်...သူဗိုက်ကြီးတာနဲ့ နင်တို့ ငါတို့နဲ့ ဘာဆိုင်လဲ"

"သူနဲ့ကျုပ်က အပြိုင်တော့...၊ ဒီတော့...ကျုပ် အသာမခံနိုင်ဘူး။ တော်ကလည်း အ-လိုက်တာ။ ကျုပ်... ကလေးယူချင်တယ်"

"ဟာ

အေးမိယောက်ျား ကိုကျက်တော်က ခေါက်တယ်။ အဲဒါ မအေးမိက မကျေနပ်ဘူး။ နောက်ရက်တွေမှာလည်း မခင်မြကို ကြည့်ပြီး အဲတကြိတ်ကြိတ်၊ တောက်တခေါက်ခေါက်နဲ့ မနာလိုစိတ်တွေ ဖြစ်နေတော့ တာပေါ့။ အဲသလိုနဲ့ မခင်မြ မျက်နှာမြင်(ကလေးမွေး)တော့တာပေါ့။

မခင်မြ ကလေးမွေးတော့ မအေးမိမှာ မနာလိုစိတ်တွေနဲ့ နေမထိ ထိုင်မသာ ဖြစ်နေတော့တာပေါ့။ မခင်မြကတော့ ဝဝကစ်ကစ် သွားသား

လေးကို ချိုပိုးရှင်း ငိုရင်ချော့ရင်းနဲ့။

အဲဒီအချိန် မခင်မြကို ကြည့်ပြီး မအေးမိပြောတဲ့စကားကြောင့် ဘေးအိမ်ကလူတွေ၊ မိန်းမတွေအားလုံး ပြုံးစိစိနေနဲ့။ ခြေဘိ…ပြိုင်လည်း ပြိုင်ချင်ပါပေ့ဆိုပြီး ကဲ့ရဲ့ကြသတဲ့။

မအေးမိစကား…

"လုပ်ထား…မွေးထားပေ့၊ ညည်းက တစ်ယောက်မွေးရင် ငါက နှစ်ယောက် ပြွတ်ခနဲရှောခနဲ မွေးမှာ။ ဆေးရုံတက်၊ ရင်ခွဲပြီး မွေးမှာပေ့… ရွာကဆရာမတွေ လက်သယ်တွေနဲ့ တိုင်ပင်ပြီးသား ပြောပြီးသား၊ ငါ့ယောက်ျားကလည်း သဘောတူတယ်ပေ့… ငါလည်း မွေးမယ်ပေ့"

ဟူသတဲ့…။

အဲ…ပြိုင်ချင်လွန်းတဲ့ မအေးမိစကားက ရွာထဲရပ်ထဲမှာ ရာဇဝင် တွင်သွားတော့တာပေါ့။ ဘာတဲ့… ငါလည်း မွေးတော့မှာပါတဲ့လေ။

## အစ်ကိုဆိုလို့ ဝယ်မိတာပါ

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ ကိုသာဂိ-မအေးမိဆိုတဲ့ လင်မယားရှိပြီး သူတို့လင်မယားမှာ သားသမီးနှစ်ဦး ရှိတယ်တဲ့။

ကိုသာဂိတို့လင်မယားဟာ စီးပွားရေးမဆိုးဘူးပေါ့။ ကျွဲတစ်ရှဉ်း လုပ်သန်သန်ရှိတယ်။ လယ်ခြောက်ကွက်၊ ပဲကြီးမြေ သုံးကွက်လောက်ရှိပြီး သရက်ခြံတစ်ခြံလည်း ရှိသတဲ့။

ကိုသာဂိကတော့ ဘယ်တော့ဖြစ်ဖြစ် လူထဲသူထဲ သိပ်မတိုးရဲဘူးပေါ့။ သာရေးရှိရင် နာရေးရှိရင် လူအုပ်သူအုပ်ထဲမနေဘဲ သီးခြားနေတတ်သတဲ့။ ပြောရမယ်ဆိုရင် ကိုသာဂိက ရိုးသားတယ်။ သူ့တောင်သူလုပ်ငန်းပဲ ခေါက်ချပြီး လုပ်နေတဲ့သူပေါ့။

ကိုသာဂိ ရိုးသားသလောက် မအေးမိက စွာတယ်။ ကြမ်းတယ်။ ပြောရဲ ဆိုရဲတယ်။ လျှံကြားသူကြား ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ပြောချင်ဆိုချင်တယ်တဲ့။

တောနဲ့အိမ်၊ လယ်နဲ့အိမ်သာ ကူးချည်သန်းချည်နေတဲ့ ကိုသာဂိ။ နေဝင်နေထွက် တောထဲနေ၊ တောအလုပ်ပဲ အာရုံစိုက်နေတဲ့ ကိုသာဂိ။ ဒီတော့ ကိုသာဂိဟာ မယားအပေါ်မှာလည်း ကြောက်ရတယ်၊ လန့်ရတယ်ပေါ့။

"ကိုသာဂိ"

"ဗျာ..."

"လယ်သွား ထွန်ရေးကို ညက်အောင်ထွန်"

"ထွန်ပြီးပြီ"

"ကိုသာဂိ"

"ခင်ဗျာ..."

"ပဲခင်းသွား၊ ရင့်မရင့်ကြည့်"

"ပြန်လာပြီ"

အဲသလိုပါပဲ။ မအေးမိဟာ (ကိုသာဂိ...ကိုသာဂိ)နဲ့ခေါ်ပြီး ခိုင်းတဲ့ အပြင် (ဟောလူ... အိမ်ကလူ၊ ဟိုလူ၊ ဒီလူကြီး) စတဲ့ အခေါ်အဝေါ်တွေနဲ့ ခေါ်ပြီးခိုင်းတယ်တဲ့။ ကိုသာကတော့ (ကိုသာဂိ) ပဲခေါ်ခေါ် ချစ်နေးက ခေါ်တာဆိုတော့ နားပျော်ဖွယ်ကောင်းနေတာပေါ့။ စိတ်ထဲကြည်နူးကျေနပ်နေတော့တာပေါ့။ (ချစ်ချစ်လေးက သိပ်ခေါ်တတ်တာပဲ၊ ခေါ်သံလေးက နှလုံးသားထဲ အေးခနဲစိမ့်ခနဲ စီးဝင်သွားတာပဲ။) လို့တွေးပြီး ထင်မိနေ တာက ကိုသာဂိပါပဲတဲ့။

တစ်ရက်မှာတော့ ကိုသာဂိကို မအေးမိက တာဝန်ပေးတယ်။

"အိမ်ကလူကြီး"

"ဗျာ...ပြော...ခိုင်း...အမိန့်ရှိ...အသင့်..."

ကိုသာဂိက ပြောတော့ မအေးမိက ပြုံးတယ်။

မအေးမိက...

"ကျုပ် နေမကောင်းဘူး"

မအေးမိစကားကြောင့် ချစ်စိတ်မွှန်နေတဲ့ ကိုသာဂိစိတ်ထဲ မှုန်ထွ သွားတယ်။ မျက်ကလူးဆန့်ပြာနဲ့ နှလုံးသားတွေ မြုတ်ကျသွားတဲ့အထိ ခြောက်ခြားသွားတယ်။ (ပြန်နိုင်ရင် မအေးမိ နေမကောင်းတာတွေ သူ့ဆီပူပြီး ခံစားပေးလိုက်ချင်တယ်။) ဒါ...ကိုသာဂိ အတွေး။

"မင်း...မင်း...နေမကောင်းတော့ ဆရာမှ ပင့်ပြီး ဆေးထိုးမလား၊

ဗမာဆရာပင့်ပြီး ဆေးဝယ်ပေးရမလား"

"မဟုတ်ဘူး…ခေါင်းခဲတာ"

"အဲဒီတော့"

"အဲဒီတော့… အိမ်မှာ သုံးစရာပြတ်နေတယ်။ မနက်ဖြန် မြို့လိုက်ပြီး ပဲငါးတင်းရောင်းလိုက်"

"ဟုတ်ပြီ၊ ကိုသာဂိလည်း တောနားရမှာဆိုတော့ အံကိုက်ပဲ"

"ကျုပ် မှာဦးမယ်"

"မှာ…မှာ…ကြိုက်တာမှာ၊ မှာတာဝယ်ရမှာ ကိုသာဂိတာဝန်" ဝမ်းသာအားရ မျက်နှာလိုမျက်နှာရ ပြောပြမိတာပေါ့။

မံအေးမိက…

"ကျုပ်အတွက် လာမယ့်အလှူမှာစီးဖို့ ဖိနပ်မရှိဘူး၊ မိန်းမစီးဖိနပ်တစ်ရံကောင်းကောင်းဝယ်ခဲ့… အဲဒါမမေ့နဲ့"

"ဟုတ်ပြီ…နှလုံးသားထဲ မှတ်ပြီးပြီ"

"မေ့ရင်… လင်မယားအကွဲပဲ"

"ဘာကွဲမှာလဲ"

"လင်မယားအကွဲ၊ အပြတ်လို့ ပြောတာ"

"စိတ်ချပါဆိုနေ…"

အဲဒါနဲ့ နောက်ရက်မှာ ကိုသာဂိဟာ ပဲငါးတင်းကို ကားပေါ်တင်ပြီး မြို့ပွဲရုံမှာ ရောင်းချဖို့၊ မိန်းမဖိနပ်ဝယ်ဖို့ ကားနဲ့လိုက်လာခဲ့တာပေါ့။ မနက်ပိုင်းကားထွက်၊ ဆယ်နာရီထိုးလောက်မှာ မြို့ကိုရောက်ခဲ့တယ်။ မြို့ရောက်တော့ ပွဲရုံသွားပြီး ပဲတွေရောင်းလိုက်တယ်။ ပဲရောင်းပြီးငွေရှင်းအပြီးမှာ…

"အင်း… အေးမိက သူစီးဖို့ ဖိနပ်ဝယ်ခဲ့ရမယ်တဲ့။ မပါရင် လင့်မယားအကွဲ၊ လင်မယားအပြတ်တဲ့။ ဒီတော့…"

ကိုသာဂိဟာ ငွေတွေကို အိပ်ထဲထည့်ပြီး ဈေးကြီးထဲ ဝင်ခဲ့တယ်။ လေးငါးလမ်းရှိတဲ့ ဈေးအတွင်းလမ်းတွေက အထည်ဆိုင်တွေ၊ ရွှေဆိုင်တွေကို ကြည့်တယ်။ စိတ်ထဲမှာ အဝတ်အထည်တွေနဲ့ ရွှေထည်တွေကို သူ့မိန်းမ

မအေးမိဖို့ ဝယ်ချင်စိတ်တွေ တဖွားဖွားပေါ့။

အဲသလို ကြည့်ရင်းနဲ့ ဖိနပ်ဆိုင်အနား ရောက်လာတယ်။ ဖိနပ်ဆိုင်က လှရှင်းနေတယ်။ ဖိနပ်တွေက အမျိုးမျိုး၊ ကျားစီး၊ မစီးဖိနပ်တွေ၊ ကလေးစီးဖိနပ်တွေ အစုံပေါ့။ ရောင်းနေတာက ကောင်မလေးနှစ်ဦး၊ အတော်ချောတယ်။ လှတယ်။ အဲဒီကောင်မလေးနှစ်ယောက်ကို မရဲတရဲ ကြည့်တယ်။ ကောင်မလေးနှစ်ဦးက ပြုံးတယ်။

"အင်း…ကောင်မလေးတွေးရဲ့အပြုံးက အိမ်ကအေးမိအပြုံးထက် သာနေပါပေါ့လား"

သို့ကလို တွေးရင်းနဲ့ ကောင်မလေးနှစ်ယောက်ရှေ့မှာ ရပ်တယ်။ ကောင်မလေးနှစ်ယောက်က ဆိုင်အတွင်းက ထွက်လာပြီး ကိုသာဂိရှေ့မှာ ရပ်တယ်။ အနီးကပ်ဆုံးမှာရပ်ရင်း တစ်ဦးက ပြောတယ်…

"အစ်ကို…၊ ဘာဝယ်ချင်လို့လဲရှင်"

ကျန်တစ်ဦးက…

"ဖိနပ်လား…ကျားစီးဖိနပ်၊ မစီးဖိနပ်၊ ကလေးစီးဖိနပ်… အစုံရှိပါတယ်။ လာပါ…ကြည့်ပါရှင်၊ အစ်ကို စိတ်တိုင်းကျရပါစေမယ်"

အဲသလိုပြောတော့ ကိုသာဂိ ရင်ထဲဖိုခနဲ ဖြစ်သွားတယ်။

"ဟင်…အစ်ကိုတဲ့…ဘုရားရေ… အိမ်ကမိန်းမကတောင် ငါ့ကို အစ်ကိုလို့ မခေါ်ဘူး" ဆိုပြီး တွေးနေဆဲပဲပေါ့။ နောက်တော့ ကျန်တစ်ယောက်က ပြောတယ်။

"အစ်ကို့အရွယ်စီးတွေရှိတယ်။ ကြည့်ပါ… ဒီအရွယ်နဲ့ဆိုရင် အကိုက်ပဲ။ စီးကြည့်လေ"

ပြောရင်းနဲ့ သားရေဖိနပ်ကို ပြတယ်။ ကိုသာဂိက…

"အသက်လေးဆယ်အရွယ် မိန်းမစီး တစ်ရံပြပါ ညီမရယ်"

ကိုသာဂိက ခပ်ချွဲချွဲ ပြောလိုက်တယ်။

"ဟုတ်ကဲ့ရှင့်" ဆိုပြီး ကောင်မလေးက ပြုံးရင်း ပြောတယ်…

ပြောရင်းနဲ့ ဖိနပ်ကိုပြ[illegible] စီးနေကျ ဖိနပ်နံပါတ်တွေ့တော့

ယူလိုက်တယ်။ ပြီး…ကျောသင့်ငွေကို ကိုသာဂိက ရှင်းလိုက်တယ်။

"အစ်ကို"

"ဟာင် "

"ဒီဖိနပ်အမျိုးအစားက ရှားတယ်။ နှစ်ရံပဲရှိတော့တာ၊ နိုင်ငံခြားကို ပို့နေတာလေ "

"ပြော"

"ကျန်တဲ့တစ်ရံ ဝယ်သွားပါလား "

"ဟာင်…"

ကျန်တဲ့ ကောင်မလေးနဲ့ ဖိနပ်ပြတဲ့ကောင်မလေးက ခပ်ချွဲချွဲ ပြောတယ်။ ပြောရင်းလည်း (အစ်ကို…အစ်ကို)ဆိုပြီး ခေါ်တယ်။ ကိုသာဂိ လက်မောင်းတွေကိုလည်း တိုင်တယ်။

ဒါနဲ့…

"တစ်ရံပဲမှာတာ ညီမရဲ့ "

"အို…မဟုတ်တာ၊ အစ်ကိုမိန်းမက တစ်ရံပဲ မှာတာဆိုပေမယ့် ဟော… အစ်ကိုက အလိုက်တသိနဲ့ နှစ်ရံဝယ်သွားတော့ အစ်ကိုမိန်းမက ချစ်တတ်လိုက်တာ၊ အလိုက်သိလိုက်တာဆိုပြီး အစ်ကိုအပေါ် ပိုပြီး ချစ်တတ်လာတော့မှာပေါ့ အစ်ကိုရဲ့"

"ဟုတ်တယ်အစ်ကို… ဝယ်သွား၊ မမှားဘူး…နော် အစ်ကို"

"လုပ်ပါ အစ်ကိုရယ်… ဝယ်ပါ "

ကိုသာဂိ တွေဝေသွားတယ်။ ကောင်မလေးနှစ်ဦး ပြောတာလည်း ဟုတ်သလိုလိုပဲဆိုတော့ နောက်ဆုံး ဖိနပ်နှစ်ရံ ဝယ်လိုက်မိတယ်။

အဲသလိုဝယ်ပြီး ကားနဲ့ရွာကို ပြန်ခဲ့တယ်။ အိမ်ရောက်တော့ ဇနီးဖြစ်သူ မအေးမိက ရတဲ့ငွေနဲ့ ကုန်ကျငွေတွေကို စစ်တယ်။ ပြီးတော့ မှာတာက ဖိနပ်တစ်ရံ။ ဝယ်လာတာက နှစ်ရံ။ ဒီတော့ ဆူတော့ ပူတော့တာပေါ့။

"ကိုသာဂိကြီး"

"ကြီးမထည့်ပါနဲ့ အေးမိရာ၊ ကိုသာဂိဆိုရင် တော်ပါပြီ"

"လာဦး"

"အေး"

အိမ်အပြင့်ထွက်မယ်အလုပ် မအေးမိအော်သံ၊ ခေါယံတို့ကြောင့် ကိုသာဂိခမျာ မအေးမိအနား ထိုင်နေမိတယ်။ မအေးမိလက်ထဲမှာ ဖိနပ်နှစ်ရံ။ ပြီးတော့ မအေးမိမျက်လုံးတွေ ရဲရဲတောက်တောက်နဲ့ပေါ့။ ဒေါသငွေ့တွေ ဝေနေတယ်။

"ကျုပ်မှာတာက ဘာလဲ"

"နင်စားဖို့၊ အဲ... နင်စီးဖို့ ဖိနပ်လေ"

"ကျုပ်က တစ်ရံပဲ မှာတာမဟုတ်လား"

"အင်း"

"ဘာဖြစ်လို့ နှစ်ရံဝယ်လာရတာလဲ...ပြော"

အဲဒီအခါမှာ ကိုသာဂိက ရိုးရိုးသူ ရိုးအသူဆိုတော့ ဖိနပ်ဆိုင်က ကောင်မလေးနှစ်ယောက် ပြောပုံဆိုပုံတွေ၊ အစ်ကိုဟု ခေါ်ပုံတွေ၊ ဖိနပ် ကောင်းကြောင်းတွေနဲ့ ဒီဖိနပ်မျိုးက နိုင်ငံခြားတောင် ပို့ရတဲ့အကြောင်းတွေ စီကာပတ်ကုံး ပြောတယ်။

အဲသလိုပြောတော့ မအေးမိခမျာ အလန့်တကြားနဲ့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား အော်ပြောလိုက်တော့ ကြားရတဲ့ ဘေးအိမ်ကလူတွေ ပြုံးစေ့စေ့ ဖြစ်သွားတော့တာပေါ့။

"အမလေး ...သေနာကျရဲ့၊ ကာလနာတိုက်ရဲ့၊ ထွန်တုံးလောက် မြွေကြီးကိုက်မဲ့လူရဲ့၊ မသာမဈေးသည်မလေးတွေက အစ်ကို...အစ်ကိုကြီး လို့ခေါ်တိုင်း ဖိနပ်နှစ်ရံ ဝယ်ရသလား။ အစ်ကိုလို့ ခေါ်တိုင်း နွားထောင် ရသလားတော့၊ ကဲ...သေနာကျ...ကာလနာ..."

"ဗုန်း..."

"ဗုန်း..."

"ဖြောင်း..."

မအေးမိဟာပြောရင်းနဲ့ ကိုသာဂိကို ထုနက်ရိုက်ပုတ်တော့ ကိုသာဂိ

ခများ အိမ်ထဲကနေ အိမ်အပြင် ပြေးထွက်ခဲ့ရတော့တာပေါ့။ မအေးမိကတော့ ပြောရင်း ဆဲရင်း ကျိန်ရင်း ကျန်ရစ်ဆဲပဲ။

အဲ…သူတို့အဖြစ်ကို သိသွားတဲ့ ရွာထဲကလူတွေရဲ့ ပါးစပ်တိုင်း မှာတော့ ပြောစရာတစ်ခု ကျန်ရစ်တယ်။

ဘာလဲဆိုတော့…

"အစ်ကိုသာဂိကို ဖိနပ်ဝယ်လွှတ်ရမယ်ဆိုတဲ့ စကားပါပဲ"

ဒီလိုပြောတိုင်း ကိုသာဂိမှာတော့ ရှက်ပြုံးပြုံး နေတတ်သတဲ့ကွယ်။

—



## လူလည်အောင်ပေ စာဖတ်လိုက်ပုံက

တစ်ခါက အထက်အညာအရပ်မှာ ကုန်းကြီးဆိုတဲ့ ရွာတစ်ရွာ ရှိတယ်။ အဲဒီရွာမှာ နေရာတကာ လူလည်၊ လူတတ်ကြီးလုပ်ချင်တဲ့ အောင်ပေဆိုတဲ့ လူတစ်ဦးရှိတယ်။ အောင်ပေ့အသက်က လေးဆယ်နီးပါးရှိပြီး အိမ်ထောင်ရှိတယ်။ သားသမီးသုံးယောက်နဲ့ပေါ့။

တကယ်တော့ အောင်ပေရဲ့မိသားစုဟာ စားနိုင်သောက်နိုင်အဆင့် ဖြစ်တဲ့ တောင်သူပိန်ပိန် လယ်ယာမြေရှိတယ်။ တောင်သူပိန်ပိန်ဆိုတော့ လယ်ယာကျွဲနွားရှိပြီး အကြွေးမကင်းသူကို ပိန်ပိန်လို့ ခေါ်တာပါပဲ။ ဒီနှစ်အတွက် စားဖို့အတွက် လာမယ့်နှစ် သီးနှံကိုမှန်းပြီး ချေးငှားရတဲ့ တောင်သူမျိုးပေါ့။

အဲဒီအောင်ပေဟာ တောင်သူ(ပိန်ပိန်)ဖြစ်ပေမယ့် ရလကြီးတာတို့ ကြွားဝါတာတို့အပြင် နေရာတကာမှာ လူတတ်ကြီး လုပ်ချင်သတဲ့။ အိမ်နားနီးချင်းတွေ၊ ယာနားနီးချင်းတွေဆိုရင် ဆရာကြီးဝင်လုပ်လွန်းလို့ ကြောက်နေကြတယ်။

ယာနားနီးချင်းတွေဆိုရင် ဘယ်လိုထွန်၊ ဘယ်အချိန်ပြန်ကြ၊ ဘယ်ရာသီဘယ်သီးနှံကြဲ၊ ဘယ်အချိန်ရိတ် စတဲ့အကြောင်းတွေပြောပြီး ဆရာကြီးလုပ်လေ့ရှိတော့ အချို့ဆိုရင် အောင်ပေ ယာထွန်မယ့်ရက်၊ လယ်ထွန်မယ့်

## လှလှည့်အောင်မေ စာဖတ်လိုက်ပုံက

တစ်ခါက အထက်အညာအရပ်မှာ ကုန်းကြီးဆိုတဲ့ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ နေရာတကာ လှလည့်၊ လှတတ်ကြီးလုပ်ချင်တဲ့ အောင်မေဆိုတဲ့ လူတစ်ဦးရှိတယ်။ အောင်မေ့အသက်က လေးဆယ်နီးပါးရှိပြီး အိမ်ထောင်ရှိတယ်။ သားသမီးသုံးယောက်နဲ့ပေါ့။

တကယ်တော့ အောင်မေရဲ့မိသားစုဟာ စားနိုင်သောက်နိုင်အဆင့်ဖြစ်တဲ့ တောင်သူပိန်ပိန် လယ်ယာမြေရှိတယ်။ တောင်သူပိန်ပိန်ဆိုတော့ လယ်ယာကျွဲနွားရှိပြီး အကြွေးမကင်းသူကို ပိန်ပိန်လို့ ခေါ်တာပါပဲ။ ဒီနှစ်အတွက် စားဖို့အတွက် လာမယ့်နှစ် သီးနှံကိုမှန်းပြီး ချေးငှားရတဲ့ တောင်သူမျိုးပေါ့။

အဲဒီအောင်မေဟာ တောင်သူ(ပိန်ပိန်)ဖြစ်ပေမယ့် ရလကြီးတာတွေ ကြားဝါတာတွေအပြင် နေရာတကာမှာ လှတတ်ကြီး လုပ်ချင်သတဲ့။ အိမ်နားနီးချင်းတွေ၊ ယာနားနီးချင်းတွေဆိုရင် ဆရာကြီးဝင်လုပ်လွန်းလို့ ကြောက်နေကြတယ်။

ယာနားနီးချင်းတွေဆိုရင် ဘယ်လိုထွန်၊ ဘယ်အချိန်ပြန်ကြ၊ ဘယ်ရာသီဘယ်သီးနှံကြ၊ ဘယ်အချိန်ရိတ် စတဲ့အကြောင်းတွေပြောပြီး ဆရာကြီးလုပ်လေ့ရှိတော့ အချို့ဆိုရင် အောင်မေ ယာထွန်မယ့်ရက်၊ လယ်ထွန်မယ့်

ရက်ကိုရှောင်ပြီး အောင်ဖေ့ ထွန်နှားတဲ့ရက်မှ ရွေးပြီးထွန်တာမျိုး ရှိသတဲ့။ (အဲသလောက်အထိ အောင်ဖေကို ချစ်ကြတာကိုး။)

နောက် ယာနွားနီးချင်းတွေ နားညည်းတာ၊ အမြင်ကပ်တာက အသာထား၊ နေ့ရောညပါ ကင်းကွာမရတဲ့ အိမ်နားနီးချင်းတွေဆိုရင် ပိုပြီး ဆိုးတာပေါ့။ နားပူ ပါးပူ ဖင်ပူ ကျော့ပူနဲ့ နေကြရသတဲ့။ ဘေးအိမ်တွေအပေါ် ဆရာကြီးလုပ်ရမှု၊ လူတတ်လူလည်လုပ်ရမှု ကျွန်ုပ်သူဆိုတော့ နေ့ရာတကာ ဆရာဂုဏ်၊ သမားဂုဏ်ဆိုတဲ့ ဂုဏ်ခြံစီးတွေပြနေတော့ ဘေးဝန်းကျင်က ပိုပြီး အမြင်ကပ်တော့တာပေါ့။

အဲ… သူများတွေအပေါ်မှာ ဆရာဂုဏ်၊ သမားဂုဏ်ပြချင်ပေမယ့် အိမ်ကမိန်းမကျတော့ ကြောက်ရတယ်။ လန့်ရတယ်။ မိန်းမက မျက်လုံး ပြူးပြရင် ကြောင်နဲ့တွေ့တဲ့ ကြွက်ပေါက်စလို ဘယ်ကပ်လို့ ကပ်ရမှန်း မသိသလိုပေါ့။

တစ်ရက်မှာတော့ အောင်ဖေနဲ့ သူငယ်ချင်းနှစ်ဦးဟာ ပွဲတော်ဈေးကို စက်ဘီးကိုယ်စီနဲ့ ထွက်ခဲ့ကြတယ်။ အဲဒီပွဲတော်ဈေးဟာ အောင်ဖေတို့ ရွာနဲ့ ခြောက်မိုင်(သုံးတိုင်) ခန့်ဝေးတယ်။ အဲဒီရွာရဲ့ ပွဲတော်ဈေးဟာ သမိုင်းဝင်စေကော်ဝင် ဘုရားပွဲတော်ကြီးဖြစ်တာမို့ ဘေးရွာတွေက လှည်းတွေ၊ ကားတွေ၊ ထော်လာဂျီ၊ စက်ဘီးတွေနဲ့ လာကြတယ်။ အလွန်စည်ကားတဲ့ ပွဲတော်ကြီးဖြစ်ပြီး ရုပ်ပွဲ၊ ရုပ်ရှင်၊ ဆပ်ကပ်၊ မျက်လှည့် စတဲ့ရုံတွေ ပါတယ်။ ပွဲဈေးတန်းထဲမှာတော့ ဝယ်စရာခြမ်းစရာ အစုံရှိတယ်။ ရောင်းတယ်။

တကယ်တော့ အောင်ဖေနဲ့ အပေါင်းနှစ်ဦးဟာ ဖောင်သူသုံးပစ္စည်း ဝယ်ရင်း လာခဲ့ကြတာပေါ့။ စက်ဘီးကိုယ်စီနဲ့လာကြတဲ့ အောင်ဖေတို့အဖွဲ့ဟာ အဲဒီရွာထဲက အသိမိတ်ဆွေအိမ်ကို ဝင်ပြီး စက်ဘီးထားကြတယ်။ ခဏတာဖြုတ်နားပြီး ဈေးကွင်းထဲ ထွက်ခဲ့ကြတာပေါ့။

ဈေးကွင်းထဲရောက်တော့…

"လက်ဖက်ရည်ဆိုင် ဝင်မယ်ကွာ"

"ဟုတ်တယ်"

"ရွာမှာဆို မသောက်ရဘူး"

အောင်ဖေက ပြောတော့ အဖော်နှစ်ဦးက သဘောတူပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်ခဲ့တယ်။ အောင်ဖေက…

"လက်ဖက်ရည် သုံးခွက်"

စားပွဲထိုးကောင်လေးကို မှာလိုက်တယ်။ မှာပြီး မုန့်ပါချပေးဖို့ ပြောတော့ မုန့်တွေချတယ်။ လက်ဖက်ရည်နဲ့ မုန့်နဲ့စား၊ အဖန်ရည် ဆက်သောက်၊ ခဏနားပြီး တောင်သူသုံး ပစ္စည်းဝယ်ဖို့ ထွက်ကြတယ်။ နွားမောင်းကြိမ်၊ သသွား(ထွန်သွား)၊ တံပိုးကျစ် စတဲ့ အရာတွေဝယ်ခဲ့ပြီးတဲ့နောက် အောင်ဖေက…

"ကလေးနှစ်ယောက်အတွက် ဘောင်းဘီဝယ်ဦးမယ်ဟေ့… အထည်တန်းသွားကြရအောင်"

"သွားလေ"

"ကျုပ်လည်း ဈေးသင့်ရင် ဝယ်မယ်"

အောင်ဖေတို့သုံးဦး အထည်တန်းဘက် ထွက်ခဲ့တယ်။ အထည်ဆိုင်တွေကို လှည့်ပတ်ကြည့်ပြီး တစ်ဆိုင်ပြီး တစ်ဆိုင်ကြည့်တယ်။ ဝယ်ချင်တဲ့ဘောင်းဘီတွေတော့ ဈေးကများ၊ အစကမကြိုက်၊ အရောင်ကမကြိုက်လို့ မဝယ်ဖြစ်ကြဘူး။

အဲသလိုလှည့်ကြည့်ရင်း သွားရင်းနဲ့ (သမဝါယမ) အရောင်းဆိုင်တစ်ဆိုင်ရှေ့ ရောက်လာတယ်။ သမဝါယမအရောင်းဆိုင်ရှေ့ဘောမှာ အင်္ကျီဈေးနှုန်း၊ ပုဆိုးဈေးနှုန်း၊ ကလေးဝတ်ဘောင်းဘီဈေးနှုန်းကအစ မီးဖိုချောင်သုံးပစ္စည်းတွေ ရေးထားတယ်။

အဲဒီအချိန်မှာ အောင်ဖေက ဘောပေါ်မှာ ရေးထားတဲ့စာကို ဖတ်နေတယ်။ အောင်ဖေ ဖတ်နေတာက ရွှေတောင်တက်ထွန် တစ်ကိုက် ၄၊ နှစ်ကိုက် ၈ ဆိုတဲ့စာကို တွေ့တော့ ပျာပျာသလဲနဲ့…

"ဟေ့ကောင်တွေ"

"ဗျာ… ဘာလဲ ကိုအောင်ဖေ"

"ဟိုမှာတွေ့လား၊ ရေးထားကာ"

"ဘာလဲဗျ"

"ဟိုမှာကွာ… မတွေ့ဘူးလား"

အဲသလိုပြောပြီး အာလိမ်လျှာလိပ်နဲ့ ဖတ်လိုက်တဲ့ လူလည်လူတတ်ကြီး အောင်ဖေအသံကြောင့် ဈေးရောင်းသူတွေရော ဈေးဝယ်သူတွေပါ တဟားဟား ရယ်မိကြသတဲ့။

အောင်ဖေ ဖတ်လိုက်တာက…

"ရွှေတောင်း တစ်ကိုက်ကို ငိုတဲ့။ ရွှေတောင်း နှစ်ကိုက်ရင် ဂိတဲ့"

(တကယ်တော့ တစ်ကိုက်လေးကျပ်၊ နှစ်ကိုက် ရှစ်ကျပ်လို့ ရေးထားတာပါ။ ရေးတာက ၄-၈/ ဒီလိုရေးထားတာကို ရွှေတောင်း တစ်ကိုက် ငို (၄-င တစ်ချောင်းငင်လုံးကြီးတင်ငို- အသံနဲ့ ဂငယ်လုံးကြီး တင်ဂိ) ဆိုတဲ့အသံနဲ့ဖတ်လိုက်တော့ မပြုံးဘဲ ရယ်ဘဲ နေမည်တဲ့လား။

အမေဘ်နှစ်ဦးက ရွာရောက်တော့ "တစ်ကိုက်ငို၊ နှစ်ကိုက်ဂိ" ဆိုပြီး ပြောင်လှောင်ပြောလိုက်ကြတော့ လူလည်လူတတ်ကြီးအောင်ဖေ အရှက်ရတော့တာပေါ့။ နေ့မိုးမြစ်သူကတော့ ရှက်လွန်းလို့ ကျောပြင်ကို မျှောတင်သတဲ့လေ။

## အရိုးသဲ စားတယ်ထင်လို့

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီ ရွာကြီးမှာ အလွန်ချမ်းသာပြီး အလွန်ကပ်စေးနဲ၊ အလွန်နှမြောတွန့်တိုတဲ့ လင်မယားမိသားစုရှိတယ်။ ဘယ်လောက် နှမြောလည်းဆိုရင် သူတို့ မိသားစုအချင်းချင်းမသူထားသလို ဘေးလူစိမ်း၊ ဘေးလူငှားဆိုရင် ဘယ် လောက်နှမြောမလဲဆိုတာ တွေးသာ ကြည့်ကြပေရောကွယ်။

အဲဒီလူရဲ့အမည်က ဦးသိန်းမောင်ဖြစ်ပြီး ဇနီးဖြစ်သူက ဒေါ်ခိုင်၊ လို့ခေါ်ပြီး သမီး-မြတင်၊ သား-မောင်လင်း ဆိုတဲ့ မိသားစုပေါ့။ ဦးသိန်း မောင်တို့ လင်မယားဟာ အသက်(၇၅)နှစ်ပြည့်နေကြပြီး ဘုရား၊ တရား လိုက်စားတဲ့လူတွေ ဖြစ်တယ်။

(အများကတော့ ဘုရားတရားလိုက်စားတယ်ဆိုတာ တရားဟော ဘုရားဟောတဲ့ ဓမ္မတရားကို ကျင့်ကြံလို မှာတာ မဟုတ်ဘူးတဲ့။ တရားပွဲ တွေလိုက်၊ ကျေးတာကျွေးတာငွေ့လှူလို့ တရားလိုက်စားသူလို့ ခေါ်တာလို့ ပြောတယ်။)

တရားဓမ္မလိုက်စားပေမယ့် ငါစွဲမပြတ်၊ ဒါနမရှိတဲ့ ဦးသိန်းမောင် တို့ ဒေါ်ခိုင်းတို့ မိသားစုကတော့ ရွှေပေါင် ငွေတိုးအပြင် အပ်တို ဖိနပ် တိုကအစ ကြိုက်ကြေးရရင် အပေါင်ခံသာတဲ့။ ပြီးတော့ တစ်နှစ်၊ တစ်နှစ်

မှာ မြေယာတွေအပေါင်ခံခဲ့တာလည်း မနည်းမနောတော့ဘူးပေါ့။ ရွာထဲက ရှိတဲ့ မြေတွေလည်း ဦးသိန်မောင်တို့လက်ထဲ ရောက်ကုန်ပြီတဲ့။

မိဘနှစ်ပါးက နမြောတော့ သမီးနဲ့သားကလည်း နမြောလိုက်တာ လက်ဖျားခါ၊ ခေါင်းခါယူရတယ်ဆိုပဲ။ သမီးကြီးမြတင်က အိမ်ထောင်ကျလို့ သီးခြားနေထိုင်ပြီး အငယ်ဆုံးသား မောင်လင်းက အိမ်ထောင်ကျထားပေမယ့် အငယ်ဆုံးဆိုတော့ မိဘတွေနဲ့ အတူနေရသတဲ့။ ဒီပုတ်ထဲကပဲ ဒီပဲ,ပဲဆိုတော့ နမျောလိုက်တာ အမွေးကျွတ်ကျမတတ်ပါပဲတဲ့။ (အမွေးဆိုတာ ဂျိုင်းမွေး၊ ခေါင်းမွေးကို ပြောတာပါ။)

အဲသလို ကပ်စေးနဲ နမြောတွန့်တိုတဲ့ ဦးသိန်းမောင်တို့ မိသားစုဟာ သူများကပေးမယ်ဆိုရင် လှည်းနဲ့တိုက်ခံယူမယ်။ ကျွေးမယ်ဆိုရင် တစ်သက်လုံးခေါ်ထား၊ လာစားမယ် ဆိုတဲ့သဘော။

အဲ-သူတို့ပစ္စည်းနဲ့သူတို့ ဝယ်စားရမယ်ဆိုရင်တော့ ဖင်ချေးကပ်သေမယ့် မိသားစုပါပဲတဲ့။

ကြည့်···

ဦးသိန်းမောင်တို့ မိသားစုစားတာ။ တစ်လတစ်ခါဆိုသလို ငါးမွှန်ငါးမွှားချက်တယ်။ ချက်တော့လည်း ချဉ်ပေါင်ရွက်နဲ့ ချက်တယ်။ ပဲပြုတ်တော့လည်း များများစားစား မပြုတ်ဘူး။ ဘာ့ပဲချက်ချက် ဆီဆားမပါ၊ အချိုမှုန့် မသုံးဘူး။

ဒါကြောင့် ရွာထဲက ပြောတာပေါ့···

"ဦးသိန်းမောင်တို့ စားတဲ့ ထမင်းဟင်းက သူတောင်းစား မယူတာလည်းမပြောနဲ့ ခွေးလေခွေးလွင့်တောင် မစားဘူးတဲ့"

ပြီးတော့···

"လုပ်ငှားမခြဲတာလည်း မပြောနဲ့ အားရှိမယ့်အစားအစာမှ ဖျက်ချေးလောက်တောင် မကျွေးတာကိုး···"တဲ့။

မှန်တယ်။ ဦးသိန်းမောင်တို့အိမ်ကို ရွာထဲကလုပ်ငှားတွေ ကြောက်ကြတယ်။ တခြားရွာက လုပ်ငှားတွေ လန့်ကြတယ်။ ရွာကလုပ်ငှား၊ တခြား

ရွာကလူငှားတွေအပြင် နေ့စားလိုက်လုပ်တဲ့ နေ့စားအလုပ်သမားတွေက တောင် ကြောက်ကြ လန့်ကြတယ်။ ကျွေးတာက မကောင်း၊ စေတာမှာ မပါ။ ပြီးတော့ နိုင်းတာကနေ့မြင့်ဆိုတော့ နေ့စားအလုပ်သမားရော၊ နှစ်ပြတ် လုပ်တဲ့ လူငှားပါ မကြောက်ဘဲနေမှာလား။

လွန်ခဲ့တဲ့ သုံးလေးနှစ်က လူငှားတွေ ထွက်သွားတယ်။ ပြန်ခေါ် ပေမယ့် ခေါ်မရဘူး။ လူငှားတွေက ပြန်ခေါ်တော့ ပြောတယ်။

"ဝေါ်နဲ့တင်ခေါ်တောင် မလိုက်ဘူး"

"အဲဒီအိမ်ကို နောက်ပြန်ရှိုးထားခဲ့တယ်။ ကြောက်လွန်းလို့"

"လျှာပေါ် မြက်ပေါက်ရင် ပေါက်ပါစေ၊ ဒီအိမ်တော့ မလုပ်ဘူး"

"ဒီအိမ်တော့ မလုပ်ဘူး၊ တောင်းစားမယ်"

"ဘဝဆက်တိုင်းဆက်တိုင်း ဒီအိမ်နဲ့လွဲအောင် ဆုတောင်းထား တယ်"

အဲသလို ပြောကြတော့ ဦးသိန်းမောင်အိမ်မှာ လူငှားမရှိဘူး။ ဒီတော့ ဦးသိန်းမောင်ဘက်ကတူတွေ၊ ခေါ်ဝိုင်းဘက်ကတူတွေ ခေါ်ပြီးခိုင်း တယ်။ ပေမယ့် လေးငါးခြောက်လပဲ ခံတယ်။ အားလုံးထွက်ပြေးကြ တာပါပဲ။ ဘာဖြစ်လို့ ပြန်ပြေးရတာလဲလို့ သိပေမယ့် ရွာထဲကလူတွေက မေးတယ်။

"စားတော့ ချဉ်ချက်၊ ရွှေတံသီးထောင်း၊ တစ်ခါတစ်လေ အရိုး ချက်၊ ဆီမပါဘူး။ အားပြတ်လဲလို့ ဆေးရုံတက်ကုရမယ့် အိမ်ပဲဗျာ"

အဲသလို ပြောတယ်တဲ့…။

ဟော…ဒီနှစ် ဦးသိန်းမောင်အိမ်မှာ နှစ်ပြတ်လုပ်မယ့် လူငှား မရှိဘူး။ ဒီတော့ အခက်တွေနေတယ်။ အဲသလိုနဲ့ သားဖြစ်သူ မောင်လင်းက တခြားရွာက အလုပ်သမားတစ်ဦး ခေါ်လာတယ်။ နှစ်ပြတ်ပေါ့။ ကြေး ကောင်းကောင်းပေးမယ်၊ အဝတ်အစားဆင်မယ်။ ကောင်းကောင်းကျွေး မယ်။ အဲပြောကောင်းတော့ လူငှားတစ်ဦး ပါလာတယ်။

အမည်က ကျော်ခဲတဲ့။

ကျောက်ခဲက စီးပွားရေးက အခြေအခြင်မပြေ။ မိသားစုက များ၊ အကြွေးကတင်ဆိုတော့ မောင်ထင်းခေါ်ရာ လိုက်ခဲ့တယ်။ အဲသလို လူငှားလုပ်တာ လေးလကျော်ခဲ့ပြီ။ ပြောခဲ့သလို ဟင်းကောင်းကောင်းမပါဘူး။ ဘာအဝတ်အစားမှမဆင်ဘူး။

"အင်း… လေးလအတွင်းမှာ အမဲရိုး နှစ်ခါပဲ ချက်ကျွေးတယ်။ ဒီအိမ်ကလူတွေ အသားစားလို့မရဘူး။ အရိုးပဲစားတယ် ထင်ရဲ့"

အဲသလို တွေးရင်း နေခဲ့သတဲ့။

တစ်ရက်တော့ ကျောက်ခဲဟာ တောမတွက်ရဘူးတဲ့။ ဒီတော့ အလုပ်မရှိ အလုပ်ရှာပြီး နောက်ချေးချ(နွားချေးများကို လှည်းနဲ့ တင်ပြီး ယာခင်းတွေထဲချ) နိုင်းသတဲ့။ ချအပြီး မနက်စာစား၊ ညနေခင်းရောက်ခဲ့တယ်။ အဲဒီရက်မှာပဲ ဦးသိန်းမောင်က နေမကောင်း၊ ဒေါ်ဝိုင်းက ဗိုက်နာကြသတဲ့။ ဒေါ်ဝိုင်း ဗိုက်နာတော့ ထမင်းဟင်းမချက်နိုင်ဘူးပေါ့။ အဲဒီအချိန်မှာပဲ ရွာတောင်ပိုင်းက စိန်ဝင်းအိမ်မှာ အမဲပေါ်တယ်။ (အမဲပေါ်တယ်ဆိုတာ နွားသားကိုင်ပြီး ရောင်းတာ)ကိုပြောတာ။

ဒေါ်ဝိုင်းက…

"မောင်ကျောက်ခဲ"

"ဗျာ…"

"စိန်ဝင်းအိမ်သွား အမဲပေါ်တယ် ကြားတယ်။ တစ်ပိဿာ ဝယ်ခဲ့။ မင်း ဦးလေးသိန်းက နေမကောင်း၊ အဒေါ်က ဗိုက်နာ၊ အဒေါ်တို့အတွက် ကျော်ပြီးစားချင်လို့"

အဲသလို ခိုင်းတော့ ကျောက်ခဲဟာ စိန်ဝင်းအိမ် ထွက်ခဲ့တယ်။ အမဲသားတစ်ပိဿာ ဝယ်တယ်။ ဝယ်ပြီး စဉ်းစားတယ်။ စဉ်းစားရင်းနဲ့ အိမ်ရောက်တော့ ဟင်းတွဲကို တုံးတစ်လိုက်ပြီး…

"ဒီအိမ်က အသားမစားဘူး၊ အရိုးပဲ စားတာဆိုတော့"

အဲသလိုတွေးပြီး အသားတုံးတွေကို အိမ်မှာမွေးထားတဲ့ ခွေးသုံးကောင်ကို ကျွေးပြီး နှစ်ဆယ်သားခန့်ပါတဲ့ အရိုးပဲချန်လိုက်ပြီး ဒေါ်ဝိုင်း

ကို ပေးလိုက်တယ်။

''ဒေါ်ဝိုင်း…ရော့…အမဲသား''

ဒေါ်ဝိုင်းက ကျောက်ခဲပေးတဲ့ ဟင်းတုံးတွေကို ကြည့်ပြီး…

''ဟင်…အရိုးချည်းပဲ။ အသားတုံးတွေကရော…ဘယ်မှာလဲ''

မျက်ကလူးဆန်ပြာနဲ့ပြောတဲ့ ဒေါ်ဝိုင်းကိုကြည့်ပြီး ပြောလိုက်တဲ့ ကျောက်ခဲစကားကြောင့် ဒေါ်ဝိုင်း အပါအဝင် ဦးသိန်းမောင်၊ သားဖြစ်သူနဲ့ ဘေးအိမ်က စာတ်သိလူတွေ ရယ်မောမိကြတယ်တဲ့။

ကြည့်…

''ဟုတ်တယ်လေ… ကျုပ်ရောက်တာကြာပြီ၊ ကျုပ်ကို ကျွေးတာ အရိုးချည်းပဲ။ ဒီတော့ ကျုပ်က စဉ်းစားတယ်။ အဒေါ်တို့က အသားမစားဘူး၊ အရိုးချည်းစားတယ်ထင်လို့။ အခု အသားတွေကို ခွေးကျွေးလိုက်တယ်။ အရိုးပဲ ချန်ထားခဲ့တာ''

''ဘာ…''

ဒီအဖြစ်အပျက်၊ ဒီစကားကြောင့် ဒီရွာမှာ ရာဇဝင်တွင်သွားသတဲ့။ အဲဒါက ဘာလဲဆိုရင် ကပ်စေးနှဲတဲ့အလုပ်ရှင်နဲ့တွေ့ရင် ကျောက်ခဲလို လုပ်လိုက်မယ် ဆိုတဲ့စကားပါပဲ။

ကဲ-မှတ်ကရောဗျာ…။

# ကျူပ်က လူငှားဆိုတော့

တစ်ခါက အထက်အညာအရပ်မှာ ကျည်ကုန်းဆိုတဲ့ ရွာကြီးတစ်ရွာရှိပြီး အဲဒီရွာမှာ ဦးဖိုးလှ-ဒေါ်တင်ဆိုတဲ့ လင်မယားရှိတယ်။ သူတို့မှာ မောင်တင့်ဆိုတဲ့ သားတစ်ဦး ရှိသတဲ့။

တကယ်တော့ ဦးဖိုးလှတို့မှာ မိသားစုသုံးဦးသာရှိပေမယ့် တောင်သူလုပ်ငန်းက ကျယ်တယ်တဲ့။ သဲတောမြေတွေ၊ တစ်နယ်မြေတွေအပြင် လယ်တွေပါရှိသတဲ့။ ပြောရရင်တော့ သူဌေးပေါ့။ တောင်သူ နှစ်ရှည်လုပ်ရှိထဲ့ သူဌေးမိသားစုပေါ့။

ဒါပေမယ့် ဦးဖိုးလှက၊ အသက်ကကြီး၊ တျန်းမာရေးက မကောင်းဘူးဆိုတော့ တောအလုပ် ယာအလုပ် မလုပ်နိုင်တော့ဘူးပေါ့။ ဒေါ်တင်ကလည်း ဦးဖိုးလှနဲ့ အသက်ကမကွာတော့ အိမ်မှာ ထမင်းဟင်းချက်လောက်၊ အစုတ်လျှော်ဖွပ်ဖို့လောက်ပဲ တတ်နိုင်သတဲ့။ ဒီတော့ လူငှားလုပ်ဖို့ လုပ်ငန်းအဆင်ပြေဖို့ လူငှားတစ်ဦးငှားပြီး လုပ်ခဲ့ရသတဲ့။

မောင်တင့်ဆိုတဲ့ တစ်ဦးတည်းသောသားက အသက်သုံးဆယ်ကျော်သာရှိပြီး အိမ်ထောင်မပြုသေးဘူးတဲ့။ အိမ်ထောင်မပြုသေးတာကလည်း အကြောင်းရှိတယ်။ မောင်တင့်အပါအဝင် မောင်တင့်မိဘနှစ်ပါးစလုံးဟာ ကပ်စေးနဲရာ၊ နှမြောရာ၊ တွန့်တိုရာမှာတော့ ပြိုင်စံရှားမိသားစုပဲ ဖြစ်သတဲ့။

ဒီတော့ နှမြောတွန့်တိုရာမှာ မြို့င်စံရှား နိုင်ငံကျော်တဲ့ သူတို့ မိသားစုကို ရွာထဲက တောင်မလေးတွေက လန့်ကြတယ်။ ကြောက်ကြ ရွံ့ကြတယ်တဲ့။ ဒီတော့ မောင်တင့်ကိုလည်း ရွံ့တယ်။ သူ့မိဘတွေဖြစ်တဲ့ ဦးဖိုးလှတို့ ဒေါ်တင်တို့ကို အရမ်းကြောက်ကြတယ်တဲ့။ သူတို့မိသားစုကို ဘယ်လောက်ကြောက်သလဲဆိုရင် ရွာထဲကလူတွေ အဝင်အထွက် မရှိကြ ဘူးပေါ့။

"ပဲ့ပင်း…မလာချင်နေကြ၊ အကုန်တောင်သက်သာသေး"

"နှုတ်မဆက်ချင်နေကြ၊ လေကုန်တောင်သက်သာသေး"

"မကြည့်ချင်ရင်နေကြ၊ မျက်စိညောင်းတောင်သက်သာသေး"

အဲ့သလိုပြောပြီး အရွဲ့တိုက်နေကြသတဲ့။ ဦးဖိုးလှတို့မှာ အပေါင်း အသင်းမရှိသလို သားဖြစ်သူမောင်တင့်မှာလည်း အပေါင်းအသင်းမရှိဘူး။

အဲ… သူတို့အိမ်မှာ လူငှားလုပ်တဲ့သူက စိုးဝင်းတဲ့"

လူငှားစိုးဝင်းဟာ ဒီရွာက မဟုတ်ဘူး။ အခြားရွာကဖြစ်ပြီး ဒီရွာ မှာအိမ်ထောင်ကျနေတဲ့သူ ဖြစ်တယ်တဲ့။ ဒီရွာမှာအိမ်ထောင်ကျခဲ့တာ လေး ငါးနှစ် ရှိနေပြီ။ သားသမီးနှစ်ဦး ထွန်းကားခဲ့ရာက ဒီရွာမှာပဲ လူငှားလုပ် ပြီးနေခဲ့တာပေါ့။ အခု ဦးဖိုးလှတို့အိမ်မှာ လူငှားလုပ်ခဲ့တာ သုံးနှစ်ကျော်ပြီ။ လေးနှစ်ထဲဝင်နေပြီတဲ့။ ဒါပေမယ့် ဟင်းကောင်း မစားခဲ့ရသေးဘူးတဲ့။ ဟင်းကောင်းဆိုတာ ဝက်သားနှပ်၊ အမဲနှပ်တို့၊ ငါးကြော်ချက်တို့ပေါ့။

တစ်ခါတစ်ရံတော့ ဝက်သားကျွေးတယ်၊ အမဲသားကျွေးတယ်တဲ့။ ဒါပေမယ့် ဘူးသီးနဲ့ရောချက်ကျွေးတာမျိုး၊ ခရမ်းသီး ပဲသီးနဲ့ရောချက်ကျွေး တာမျိုးတော့ ကျွေးခဲ့ပါသတဲ့။

အဲသလိုနဲ့ လူငှားလုပ်ရင်း စိုးဝင်းဟာ တခြားလူငှားတွေနဲ့ တွေ့ တော့ သူ့အိမ်ရှင် စေတနာမရှိတာကို ရင်ဖွင့်ပြတယ်။

"ဟုတ်လား… ဒီအိမ်က နာမည်ကြီးကွ။ သူဝမ်းသူတောင် သထားတာ မဟုတ်ဘူး"

"ဟုတ်တယ်ကွ၊ ဒါကြောင့် လူငှားမမြဲတာ"

"အခြားအိမ်ပြောင်းပြီး လုပ်ပေါ့ကွာ"

အပေါင်းအသင်း လူငှားတွေကပြောတော့ စိုးဝင်းဟာ ပိုပြီး မကျေမနပ်ဖြစ်သွားတော့တာပေါ့။ နောက်တော့ ဒေါ်တင်ချက်ငဘုပြတ်တာကို စောင့်ကြည့်တယ်။ တစ်ရက်မှာ ဝက်သားတစ်တွဲ ဝယ်ချက်တယ်။ တောကအပြန် ဝက်သားနှပ်နဲ့စားရလိမ့်မယ် ထင်ထားတာပေါ့။ ဒါပေမယ့် ခရမ်းသီးချက်၊ ငါးမှန်ချက်နဲ့ပဲ စားရတယ်။

နောက်တစ်လအကြာမှာ အမဲသားတစ်တွဲဝယ်တာကို သတိထားမိတယ်။ အဲဒီနေ့ကလည်း အမဲသားနှပ်နဲ့ စားရလိမ့်မယ်ထင်ပေမယ့် တကယ်စားရတာက ခေါင်းတစ်ရာသား ငါးမှန်ငါးမြွားပဲ စားရသတဲ့။ မကြာပါဘူး။ ငါးကြီးကြီးတွေ ချက်ပြန်ရော။ ငါးကြော်ချက်နဲ့ သွေးရလိမ့်မယ်ထင်ပေမယ့် ပဲပြုတ်နဲ့စားခဲ့ရပြန်ရော။

"အင်း…ဝက်သား၊ အမဲသား၊ ငါးတွေမြင်ရက်နဲ့ ငါ့ကိုမကျွေးဘူး။ ထူးတော့ထူးဆန်းပြီ။ ထမင်းစားတော့လည်း ငါနဲ့မောင်တင့် အတူတူပဲ စားကြရတာပါ။ ဒီထမင်း ဒီဟင်းပဲ။ အင်း… စုံစမ်းမှ…"

တောကအပြန် စိုးဝင်းက တွေးတယ်။

တစ်ရက်တော့ တောကပြန်တယ်။ အဲဒီနေ့က စိုးဝင်းနဲ့ မောင်တင့်တို့ လယ်ခင်းကျွတ်ကို သွားထွန်တာက အပြန်ပေါ့။ ထွန်ရာကအပြန် ဒေါ်တင်ဟာ ဧလုံအဟောင်းတစ်လုံးနဲ့ ဧလုံအသစ်တစ်လုံး၊ ဧလုံနှစ်လုံးထဲ ထမင်းထည့်ထားတယ်။ အဲဒီ ဧလုံနှစ်လုံးက အမြဲစားခဲ့ရတဲ့ ဧလုံနှစ်လုံးပါပဲ။ ဒါပေမယ့် ထူးခြားတာက သားဖြစ်သူမောင်တင့်ကို ဧလုံအဟောင်းနဲ့ ကျွေးပြီး စိုးဝင်းကိုတော့ ဧလုံအသစ်နဲ့ ကျွေးခဲ့တယ်။ အဲဒီနေ့က ဝက်သားချက်တဲ့နေ့။ (အရင်အပတ် ဝက်သားချက်အပြီး လေးလအကြာ ဝက်သားချက်တဲ့နေ့ပေါ့။)

အဲသလိုနဲ့ တောကအပြန် ထမင်းစားရင်းနဲ့ စိုးဝင်း စဉ်းစားတယ်။

"အင်း…ငါ့ကျတော့ ဧလုံအသစ်။ သူ့သားကျတော့ ဧလုံအဟောင်း…"

အဲသလို တွေးရင်းစားတဲ့အချိန် ဒေါ်တင်ဟာ [illegible] ထိုင်ပြီး ကြည့်နေတာပေါ့။ သားဖြစ်တဲ့မောင်တင့်ကတော့ ဝလုတ်ပလောင်းနဲ့ စားနေတယ်။ လူငှားစိုးဝင်းကတော့ ငါးပိရည်၊ ပဲပြုတ်၊ ချဉ်ပေါင်ရွက်အရည်ကျဲနဲ့ မစားချင်စားချင်နဲ့ စားပြီးသွားတယ်။ ဒါပေမယ့် သူတို့သားအမိနှစ်ယောက်အကြံကို သိသွားတယ်။

"ဟုတ်ပြီ…"

စိတ်ထဲတွေးရင်း မှတ်ထားလိုက်တော့တာပေါ့။ ဒေါ်သကတော့ ဖြစ်နေဆဲပါပဲတဲ့။ နောက်ရက်မှာလည်း တောကအပြန်မှာ ဒေါ်တင်ဟာ မီးဖိုချောင်ထဲ ထမင်းပွဲပြင်ပြီး စောင့်နေတယ်။ စိုးဝင်းကို ဖလုံအသစ်ချ၊ သားမောင်တင့်ကို ဖလုံအဟောင်းနဲ့ ကျွေးနေခဲ့တာပါပဲ။ ဒါနဲ့ သုံးလေးရက်အကြာခတ်ပြီးတဲ့ အခါမှာတော့။

"သေချာပြီ။ ဒါ… ငါ့ကို တစ်ပတ်ရိုက်တယ်"

တွေးရင်းနဲ့ နောက်ရက်မှာ တောက ပြန်လာကြတယ်။ ရေချိုးပြီး ထမင်းဝိုင်း ဝင်တယ်။ ဒေါ်တင်နဲ့ မောင်တင့် မသိအောင် ဖလုံအသစ်နဲ့ အဟောင်းလဲပြီး စားတယ်။ သုံးလေးရက် စားပြီးတဲ့ နောက်မှာတော့ ဒေါ်တင်ရော မောင်တင့်ပါ မျက်နှာပျက်လာတယ်။

နောက်ရက်…

တောကအပြန်…။

မောင်တင့်နဲ့စိုးဝင်း တောကပြန်လာတယ်။ ထမင်းဝိုင်းမှာ ဝင်ကြတယ်။ ဝင်ဝင်ချင်းမှာပဲ ဒေါ်တင်က…

"ရော့မောင်စိုးဝင်း… ဒါ…မင်းဖလုံ၊ ဒါ…လူလေးရဲ့ဖလုံ"

ဒေါ်တင်က ဖလုံအသစ်ကို ထုံးစံအတိုင်း စိုးဝင်း ဖလုံအဟောင်းကို သားမြစ်သို့ပေးတော့…

"ရပါတယ်… ကျုပ်က လူငှားပဲ။ ဖလုံအဟောင်းနဲ့ပဲစားမယ်… ပေး"

အဲသလိုပြောပြီး ထမင်းတွေ အပြည့်ထည့်ထားတဲ့ ဖလုံနဲ့စားရင်း

ပြုံးနေသတဲ့။ ဒေါ်တင်နဲ့ မောင်တင့်ကတော့ မပြုံးနိုင်ဘူး။ မျက်နှာကြီးတွေ ရှုံ့မဲ့လို့ပေါ့။

အဲ…ထမင်းစားရင်းနဲ့ စိုးဝင်းက ပြောတယ်။

“အဒေါ်က ခင်ဗျားသားကို ဇလုံအဟောင်းနဲ့ ကျွေးချင်ဟန်ဆောင်ပြီး အသားတုံးတွေ မြုပ်မြုပ်ထားတာကိုး။ ဟား…ဟား…ဟား…လူငှားစိုးဝင်းကျတော့ ဇလုံအသစ်နဲ့ ကျွေးချင်ဟန်ပြပြီး ချဉ်ပေါင်ရွက်နဲ့ ပစ်ထားတာကိုးဗျ။ ခုမှ သဘောပေါက်တော့တယ်”

ဇလုံထဲ မြုပ်ထားတဲ့ဝက်သားတုံးကြီးကို ကိုက်ရင်းဝါးရင်း မျိုချရင်းနဲ့ပြောနေတဲ့ စိုးဝင်းစကားကြောင့် ဒေါ်တင်တို့မိသားစု မပြုံးကြပေမယ့် ဘေးလူတွေကတော့ ဟားတိုက်ရယ်မောနေကြသတဲ့လေ။

အဲဒီအဖြစ်က အဲဒီရွာမှာ စကားတစ်ခွန်း ကျန်ရစ်တယ်။ လူငှားတွေက အိမ်ရှင်တွေကို ပြောတဲ့စကားပေါ့။

ဘာတဲ့၊ အဲဒီစကားက…

“ဟင်း…ဟင်း…ဇလုံအဟောင်းထဲ ဟင်းတုံးမြုပ်မကျွေးနဲ့နော်။ စိုးဝင်းလို လုပ်ပစ်လိုက်မယ်တဲ့”

မှန်ပါတယ်။

အဲဒီရက်ကစပြီး အလုပ်ထွက်သွားတာ စိုးဝင်းပဲ မဟုတ်လား။



## စက်ဝယ်ပြီးပြီဆိုလို့

တစ်ခါက အထက်အညာအရပ်မှာ တွင်းကြီးဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီရွာကြီးဟာ အိမ်ခြေတစ်ထောင်ကျော်ရှိပြီး လေးရပ်ကွက် ရှိတယ်။ အဲဒီလေးရပ်ကွက်မှာရှိတဲ့ တောင်သူတွေဟာ ဂျုံသီးနှံကို အဓိက ထားပြီးလုပ်တယ်။ ပြီးတော့ မြေပဲ၊ ပဲစင်းငုံနဲ့ နှမ်း၊ ငရုတ်သီး သီးနှံတွေ စိုက်ပျိုးကြတယ်။

အဲဒီရွာမှာ ကိုသောင်းစိန်နဲ့ မနှင်းဆီဆိုတဲ့ လင်မယားရှိပြီး သား သမီးနှစ်ယောက်ရှိတယ်။ သားသမီးအချို့ဟာ အိမ်ထောင်ကျသူကျ၊ အိမ် ထောင်မကျတဲ့သူတွေကိုလည်း ကိုသောင်းစိန်က ကျောင်းထားပေးပြီး ရှင်အုပ်မကွာ နေကြသတဲ့။

အဲသလိုနဲ့ ကျောင်းသားတွေ ကျောင်းထား၊ အိမ်ထောင်ကျတဲ့ သားအမီးတော် နေပးရကာမ်းရ ပြုစုရနဲ့၊ ကိုသောင်းစိန်ဟာ စီးပွားရေး အဆင် ပြေမယ့်ရုန်းကန်တိုင်းခဲ့က မော်တော်ဘတ်ကို ခြံစိုက်ဖို့ စိတ်ကူးခဲ့တယ်တဲ့။ အဲဒီ မော်တော်ဖြူဘတ်မှာ တွင်းကြီးက အချို့တောင်သူတွေ အလုပ်သမားတွေ ရောက်နေကြသလို မြစ်အရောက်ဘတ်က အလုပ်သမားတွေ ခြံစိုက်သူတွေ ရောက်နှင့်နေပြီး စီးပွားရေး အဆင်ပြေနေကြတယ်တဲ့။

အဲဒီ မော်တော်ဘတ်မှာ မြေတွေဝယ်၊ နေစရာအိမ်တွေဆောက်ပြီး

## စက်ဝယ်ပြီးပြီဆိုလို့

တစ်ခါက အထက်အညာအရပ်မှာ တွင်းကြီးဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီရွာကြီးဟာ အိမ်ခြေတစ်ထောင်ကျော်ရှိပြီး လေးရပ်ကွက် ရှိတယ်။ အဲဒီလေးရပ်ကွက်မှာရှိတဲ့ တောင်သူတွေဟာ ဂျုံသီးနှံကို အဓိက ထားပြီးလုပ်တယ်။ ပြီးတော့ မြေပဲ၊ ပဲစင်းငုံနဲ့ နှမ်း၊ ငရုတ်သီး သီးနှံတွေ စိုက်ပျိုးကြတယ်။

အဲဒီရွာမှာ ကိုသောင်းစိန်နဲ့ မနှင်းဆီဆိုတဲ့ လင်မယားရှိပြီး သား သမီးနှစ်ယောက်ရှိတယ်။ သားသမီးအချို့ဟာ အိမ်ထောင်ကျသူကျ၊ အိမ် ထောင်မကျတဲ့သူတွေကိုလည်း ကိုသောင်းစိန်က ကျောင်းထားပေးပြီး ရင်အုပ်မကွာ နေကြသတဲ့။

အဲသလိုနဲ့ ကျောင်းသားတွေ ကျောင်းထား၊ အိမ်ထောင်ကျတဲ့ သားသမီးတွေ နေရေးရကျမ်းရ ပြုစုရနဲ့၊ ကိုသောင်းစိန်ဟာ စီးပွားရေး အဆင် မပြေမပြီရှိရှန်ကုန်တိုင်းမဲက မော်တော်ကားကို ခြံစိုက်ဖို့ စိတ်ကူးခဲ့တယ်တဲ့။ အဲဒီ မော်တော်ဖြင့်ဘက်မှာ တွင်းကြီးက အချို့တောင်သူတွေ အလုပ်သမားတွေ ရောက်နေကြသလို မြစ်အနောက်ဘက်က အလုပ်သမားတွေ ခြံစိုက်သူတွေ ရောက်နှင့်နေပြီး စီးပွားရေး အဆင်ပြေနေကြတယ်တဲ့။

အဲဒီ မော်တော်ကားမှာ မြေတွေဝယ်၊ နေစရာအိမ်တွေဆောက်ပြီး

နှင်းဆီ၊ သခြေ၊ ဂန္ဓမာပန်းနဲ့ အခြားပန်းပင်တွေ၊ ဈေးပင်တွေ၊ အလှပင်တွေ စိုက်ပျိုးနေကြသတဲ့။

ဒီတော့ အချို့ဆိုရင် ဆိုင်ကယ်တွေ၊ စက်တွေ၊ အုတ်တိုက်တွေနဲ့ပေါ့။ ရွှေတွေသီးနေအောင် ဝတ်နိုင်ပြီး ရွာကို ပြန်လာသူ လူကြနဲ့ဆိုတော့ ကိုသောင်းစိန် အားကျတာပေါ့။ ဒါ မော်ဘီကိုသွားပြီး မြေကွက်ဝယ်ပြီး နေးဖြစ်သူ မနှင်းဆီနဲ့ သားသမီးအချို့ကိုခေါ်ပြီး ရွှေ့သွားတယ်တဲ့။

မော်ဘီမြို့ ကုလားကြီးကုန်းရောက်တော့ မိမိတို့ရွာက လူတွေနဲ့ ရောက်နှင့်နေတဲ့ ဆွေမျိုးတွေ အခြေချထားတဲ့ခြံအနားမှာ မြေကွက်တစ်ကွက် ဝယ်တယ်။ ပြီးတော့ လူနေအိမ်ဆောက်တယ်။ ရေတွင်းတူးတယ်။ နောက် မိသားစုအလိုက် ပေါင်းသင်၊ ပန်းပျိုး၊ ပန်းစိုက်လုပ်ငန်းတွေလုပ်။ မာလကာ၊ သံပရာ၊ သံပယိုနဲ့ ရှောက်ပင်တွေ စိုက်တယ်။ မကြာပါဘူး၊ နှစ်နှစ်လောက်နေတော့ ခြံက စည်ကားသွားတယ်။ ပန်းကလည်း ထွက်သလောက် ရောင်းကုန်တော့ ဝင်ငွေကြမ်းခဲ့တော့တာပေါ့။

သုံးနှစ်အကြာမှာ ရွာပြန်လာပြီး မော်ဘီပြန်တယ်။

အဲဒီအချိန်မှာ အခြားသူတွေက ခေတ်မီလာတယ်။ ခေတ်မီတယ်ဆိုတာ အရင်ကလို ရေတွင်းနဲ့ မောင်းလက်နဲ့ငင်ပြီး ပန်းပင်တွေ ရေလောင်းတော့တာ မဟုတ်ဘူး။ အချို့က တရုတ်နီ ငါးခြောက်စက်၊ အချို့က ကူဘိုတာ ငါးခြောက်စက်တွေ ဝယ်ပြီး ထုတ်ပိုက်စုပ်ပိုက်တွေနဲ့ ရေတင်ပြီး ရေလောင်းနေကြတော့တာပေါ့။

အဲသလို စက်မျိုးဝယ်ဖို့ ရွာကနေအလည်လာတဲ့ လူငယ်တစ်ဦးက ကိုသောင်းစိန်ကို တိုက်တွန်းတယ်။

"ကဲ…ကိုသောင်းစိန် ခင်ဗျားလည်း အမြင်ပဲ အကြားပဲ။ ကြည့်စမ်း… သူများတွေမှာ စက်သံတွေ မိုးမွှန်နေပြီ။ တစ်ထောင်းထောင်း တစ်ဂျက်ဂျက်နဲ့၊ ဘယ်လောက်တိုးတက်နေပြီလဲ။ သူများတွေစက်သုံးနေတဲ့ ခေတ်မှာ ခင်ဗျားက မောင်းလက်ကြီး မလိုက်ချလိုက် လုပ်နေဦးမှာလား။ ငါးခြောက်စက်တစ်လုံး ဝယ်တော့"

''အေးပါကွာ... ဝယ်ဖို့ကြိုးစားနေပါတယ်။ ငါးခြောက်စက်က ငါ့နဲ့မဝေးပါဘူးကွ။ စိတ်ချ...ဝယ်မယ်၊ ဝယ်မယ်''

ကိုသောင်းစိန်က သို့ကလို ပြန်ပြောတယ်။

အဲသလိုနဲ့ စက်ဝယ်ဖို့တိုက်တွန်းတဲ့လူ ရွာကို ပြန်သွားတယ်။ ရွာရောက်ပြီး မကြာပါဘူး၊ အဲဒီလူဆီကို သတင်းရောက်လာတယ်။

''ဟေ့လူ...ခင်ဗျားကို ကိုသောင်းစိန် မှာလိုက်တယ်''

''ဘာတဲ့လဲကွ''

''ဘာရမလဲ... ခင်ဗျားအဝယ်ခိုင်းတဲ့ ငါးခြောက်စက် ဝယ်ပြီး ပြီတဲ့။ အဲဒါ ဒီနေ့ ရုံးပြီးလို့လာရင် ခြံထိုဝင်ကြည့်ဦးတဲ့''

''ဟာ...ဟုတ်လား၊ အဲဒါ ငါတိုက်တွန်းလို့ ဝယ်လိုက်တာနဲ့ တူပါရဲ့''

''ဟုတ်မှာပေါ့''

အဲသလိုနဲ့ အဲဒီလူဟာ ရွာမှာ ရုံးသိမ်းပြီးတော့ မော်ဘီကို လာခဲ့တယ်။ ရောက်ရောက်ချင်း ကိုသောင်းစိန်ခြံကို ဝင်တယ်။ ဝင်ဝင်ချင်း ပန်းပင်တွေထဲ အလုပ်လုပ်နေတဲ့ ကိုသောင်းစိန်ဆီ တန်းပြီးလာခဲ့တယ်။

''ဟေး...ကိုသောင်းစိန်''

''ဟား...ဟေ့ကောင်...လာ...လာ''

''စက်ဝယ်ပြီးပြီဆို...ဘယ်မှာလဲ''

အဲသလိုမေးရင်းနဲ့ အဲဒီလူဟာ ကိုသောင်းစိန်ဆီ သွားတယ်။ ကိုသောင်းစိန်ဟာ ရေမျှန်းပုံးနှစ်လုံးကို တစ်ဖက်ဆီဆွဲ၊ မောင်းလက်ဆင်ထားတဲ့ ရေတွင်းဆီ လာခဲ့တယ်။ ရေတွင်း နားမှာ သူငယ်ချင်းဖြစ်သူနဲ့ဆုံတော့ ကိုသောင်းစိန်က မောင်းလက်ကို၊ ကိုင်ပြီး ရေငင်တယ်။

ရေငင်ရင်းပြောခဲ့ ကိုသောင်းစိန်စကားကြောင့် မိတ်ဆွေတွင်းကြီးသားသာမက မနီးမဝေးမှာရှိတဲ့ နေးပြစ်သူ မနင်းဆီအပါအဝင် အခြားသူတွေပါ ပြုံးမိကြသတဲ့။

ကိုသောင်းစိန် စကားက...

"ဟုတ်တယ်ဟေ့… ဝယ်ပြီးပြီ။ တရုတ်နီ ငါးခြောက်စက်"

"ဘယ်မှာလဲ"

"ဒီမှာလေ… ဒီညာဘက်က ခြောက်ချောင်း၊ ဒီဘယ်ဘက်က ငါးချောင်း။ ဒါ… ငါးခြောက်စက် မဟုတ်လို့ ဘာလဲ။ ဒီ…ဘယ်ညာနှစ်ဖက်က စက်ထက်အားကိုးရသဟ။ မင်းစက်က ဆီထည့်ရတယ်။ ငါ့စက်က ဆီမထည့်ရဘူး။

အဲဒီစကားကြောင့် ယခုအချိန်အထိ ကိုသောင်းစိန်စကားက ရာဇဝင်တွင်သွားတော့သတဲ့။ (တကယ်တော့ ကိုသောင်းစိန်ရဲ့ ညာလက်ဝါးပြင်လက်မအေးမှာ လက်သန်းခန့် လက်ပွားတစ်ချောင်း ပါရှိပါသည်။)

"ငါးခြောက်စက်ကြီး၊ ငါးခြောက်စက်ကြီး" တဲ့…။

## တစ်ခါစားအဝ

တစ်ခါက အထက်အညာအရပ်မှာ ကျေးမြို့ဆိုတဲ့ရွာတစ်ရွာရှိတယ်။ အဲဒီရွာဟာ အိမ်ခြေငါးရာခန့်သာရှိပြီး တောင်သူတွေများတယ်။ အလုပ်သမားရှားပြီး ပြောရမယ်ဆိုရင် စာတတ်မေတတ် နည်းတယ်။

မှန်တယ်။ ရွာထဲမှာရှိတဲ့လူအားလုံး ခုနစ်တန်းအောင်လို့ ရှစ်တန်းရောက်တဲ့လူဟာ အမြင့်ဆုံးပဲတဲ့။ ရှစ်တန်းအောင်သူရှားတဲ့ ရွာလည်းဖြစ်ပြီး ရွာမှာက မူလတန်းကျောင်းသာ ရှိတာပဲ။ ငါးတန်း၊ ခြောက်တန်းနဲ့ ခုနစ်တန်း၊ ရှစ်တန်းတက်ချင်ရင်တောင်မှ မြို့ကျောင်းသွားတက်ရမယ့် အဖြစ်မျိုးပေါ့။

အဲဒီရွာက ပညာရေးထက် စီးပွားရေးဘက် လုံးပန်းကြတယ်။ ရွာမှာ လယ်တွေရှိတယ်။ ပဲကြီး၊ ရေတိုက်ခြေတွေရှိတယ်။ မြေကလည်း ကောင်း၊ သီးနှံကလည်း တစ်ဆုပ်ကြဲတစ်တောင်းရတဲ့မြေတွေဆိုတော့ တောင်သူလုပ်ငန်းကိုပဲ စောက်ခါးလုပ်ကြတော့တာပေါ့။

အဲဒီရွာမှာ သုံးတန်းအောင်ထားတဲ့ ဝင်းအောင်နဲ့ ဥက္ကာဌေးဆိုတဲ့ သူငယ်ချင်းနှစ်ဦးရှိတယ်။ သူတို့နှစ်ဦးဟာ အိမ်နားနီးချင်းလည်းဖြစ်၊ ယာနားနီးချင်းလည်းဖြစ်တဲ့အပြင် ဆွေမျိုးမကောင်းနဲ့ ညီအစ်ကိုနှစ်ဝမ်းကွဲ တော်တဲ့ သူတွေပေါ့။

သူတို့နှစ်ဦးဟာ အိမ်ထောင်ကျခဲ့တာ ခြောက်နှစ်ကျော်ရှိခဲ့ပြီး သားသမီး သုံးယောက်စီရှိပြီး ကိုယ့်မိသားစုနဲ့ကိုယ် ကိုယ့်သားသမီးနဲ့ကိုယ်၊ ကိုယ့်လယ်ကိုယ့်ယာ ကိုယ့်လုပ်ငန်းကို လုပ်နေကြတဲ့သူတွေပေါ့။

အဲသလိုခင်မင်ကြတဲ့ သူငယ်ချင်းနှစ်ဦးဟာ ပဲတွေနှမ်းတွေ သိမ်းအပြီး မြို့ကိုသွားဖို့ အကြောင်းဖန်လာတယ်။ သူတို့ဟာ မြို့ကိုတစ်ခါမှ မရောက်ဖူးဘူး။ မြို့ကိုသွားဖို့လည်း စိတ်မကူးဘူး။ လယ်ထဲယာထဲပဲ နေနေကျ ဖြစ်တာဆိုတော့ ခရီးသွားရမှာ အလွန်ပျင်းသတဲ့။

"ကဲ-ကိုဝင်းအောင်… ဒီနှစ် တော့်ကို မြို့ထည့်မလို့"

ဇနီးဖြစ်သူကပြောတော့ ဝင်းအောင်က…

"ဟာ…ဘာကိစ္စရှိလို့လဲ"

"ပဲရောင်းသွားချေ"

"ငါတစ်ယောက်တည်းလား"

"ကျုပ်က လင်နှစ်ယောက်မှမရှိတာ တော်တစ်ယောက်ပဲ ရှိတာ တော့်ကိုပဲ လွှတ်ရမှာပေါ့"

ဇနီးဖြစ်သူက အဲသလိုပြောတော့… ဝင်းအောင်က…

"ငါပြောတာက အဖော်မပါဘူးလား၊ မေးတာ"

"အဖော်က တော့်ဟာသာရှာ… ဟိုဘက်အိမ်က ကိုညာဏ်ဌေး မေးကြည့်"

"အေးပါကွာ၊ စောစောက ငါမေးတာက အဖော်မပါ ငါတစ်ယောက်တည်းဆိုရင် ငါ့လူညာဏ်ဌေးကို ခေါ်သွားမလို့။ ဒီကောင်ကလည်းပဲ ရောင်းလိုက်မယ်ကြားလို့"

"သွားမေးကြည့်"

"ညာဏ်ဌေး မေးကြည့်မှရမှာပေါ့။ မင်းတို့ငါတို့ ထမင်းစားတဲ့ သွားတွေ မေးကြည့်လို့ သွားချေးတွေပဲ မြင်ရမှာပေါ့"

သို့ကလိုပြောတော့ ဇနီးဖြစ်သူက မျက်စောင်းခဲတယ်။ ချစ်မျက်စောင်းဒဏ်ကိုခံရင်းနဲ့ ဝင်းအောင်ဟာ ညာဏ်ဌေးအိမ်ဘက် လာခဲ့တယ်။

"ဟော့ကောင်… ညာဏ်ငွေး"

"ခွေးကောင်… လန့်လိုက်တာကွာ၊ လာ…လာ"

ညာဏ်ငွေးက အဖန်ရည်သောက်ရင်းခေါ်တော့ ဝင်းအောင်က အိမ်ထဲဝင်ခဲ့တယ်။

"ပြော…ဘာကိစ္စ၊ ထီပေါက်လို့ လာပြောတာလား"

"မင်းထိုထိုးလို့လား၊ အခုကိစ္စက ထီပေါက်သထက် ဝမ်းသာရမယ့် သတင်းကွ"

"ပြော"

"အမျိုးသမီးက ငါ့ကို မြို့လွှတ်လို့ကွ၊ မနက်ဖြန်သွားရမယ်။ ပဲရောင်းတဲ့။ ငါလည်း အဲဒါ ဝမ်းသာနေတာ…မြို့ရောက်ချင်နေတာကွ"

"ဟင်…ဟုတ်လား၊ ငါလည်း လိုက်မယ်ကွာ။ ပဲရောင်းရင်းပေါ့"

"အေး… မင်းမိန်းမနဲ့ တိုင်ပင်ဦး"

"ရပါတယ်ကွာ၊ ပိုင်ပါတယ်"

"ပြောတာပဲ"

"ဟဲ…ဟဲ…ဟဲ"

အဲဒါနဲ့ နောက်ရက်မှာ နှစ်ဦးသား ပဲအိတ်တွေတင်ပြီး ကား နဲ့ မြို့ကိုလိုက်ခဲ့ကြတယ်။ ဝင်းအောင်ရော ညာဏ်ငွေးပါ မြို့ကိုလိုက်ခဲ့ကြတယ်။ မကြာပါဘူး၊ နှစ်နာရီ ၊သုံးနာရီလောက်စီးတော့ မြို့ကိုရောက်တယ်။ မြို့ရောက်တော့ ပွဲရုံရှေ့မှာ ကားရပ်ပေးတော့ ပဲအိတ်တွေချ၊ ပွဲရုံထဲသွင်း ပြီး ငွေရှင်းကြသတဲ့။

ငွေရှင်းပြီးတဲ့နောက်…

"ဈေးထဲသွားမယ်ဟေ့… ဝယ်ချင်တာ ဝယ်ရတာပေါ့"

"အေး… ထမင်းလည်း ဆာတယ်ကွာ၊ ထမင်းစားမယ်"

အဲသလိုပြောပြီး ဈေးထဲထွက်ခဲ့ကြတယ်။ ဝယ်စရာရှိတာ ဝယ် ကြတယ်။ ဝယ်အပြီးမှာတော့ ဝင်းအောင်က…

"ထမင်းဆိုင်ရှာကွာ"

"အေး…လာ…သွားကြစို့"

"ဟော့ကောင် ဉာဏ်မွှေး"

"ဘာလဲ"

"ငါတို့ ညှံ့ရာကျမယ်။ ထမင်းဆိုင် ဘယ်မှာလဲလို့ မမေးနဲ့ တော်ကြာ အလိမ်ခံရဦးမယ်"

"အေးပါဗျာ…သိပါတယ်"

နှစ်ဦးသား ဈေးထဲမှာရော ဈေးပြင်မှာပါ ထမင်းဆိုင်ရှာတယ်။ မတွေ့ဘူး။ ရှာရင်းရှာရင်းနဲ့ ဈေးရဲ့အေးလာမ်းကြားထဲ ဝင်နေတယ်။ အဲဒီ အခါမှာ တိုက်တစ်တိုက်ရဲ့ရှေ့ အောသာစ်ချပ်နဲ့စာရေးထားတာကို တွေ့လိုက် တယ်။ တွေ့သူက ဝင်းအောင်…

"ဟော့ကောင်…ဟိုမှာ"

"ဘာလဲ"

"ထမင်းဆိုင်တွေ့ပြီလေ။ မမြင်ဘူးလား၊ အောသာစ်ချပ်နဲ့ရေးထား"

"ဟုတ်လား"

ပြောရင်း တိုက်ရှေ့က ဆိုင်းဘုတ်နဲ့ မနီးမဝေးမှာရပ်ပြီး ဝင်းအောင် က စာဖတ်တယ်။

"တစ်ခါစား အဝတဲ့"

"လာ…သွားစို့"

အဲသလို ဖတ်ရင်းပြောရင်းနဲ့ တိုက်ရှေ့ရောက်တော့…

"ထမင်းတစ်ခါစား အဝဆို"

တိုက်ရှေ့မှာရပ်နေသူကို ဝင်းအောင်က မေးတော့…

"ဗျာ…"

"ထမင်းစားမယ်…တစ်ခါစားရင် အဝဆိုလို့"

"ဗျာ… ဒါထမင်းဆိုင်မဟုတ်ဘူး။ စာတ်ကားပြတဲ့ ဝင်[illegible] 'ထမင်းဆိုင်'လို့ ဘယ်မှာ ရေးထားလို့လဲ"

အဲသလိုမေးတော့ ဝင်းအောင်က ဘောကို လှည့်ညွှန်းထိုးပြီး…

"တောက်… တော်တော်သိမ်တဲ့လူပဲ။ ဟိုမှာ မတွေ့ဘူးလား၊ ဒေါ့မှာ ရေးထားတာ။ တစ်ခါစားအဝတဲ့"

အဲဒီတော့ ရယ်နေတဲ့လူစကားကြောင့် သူတို့နှစ်ဦး ကြောင်တောင် တောင်ဖြစ်သွားသလို ဘေးကလူတွေ ဝါးလုံးကွဲ ရယ်မောကြရသတဲ့။ အဲဒီလူက…

"တစ်ခါစားအဝလို့ ရေးထားတာမဟုတ်ဘူး၊ တစ်ခါက တစ်ဘဝ လို့ ဇာတ်ကားအမည် ရေးထားတာကွ"

အဲဒီတော့မှ ရှက်ရှက်နဲ့ လက်တို့ပြီး ကားဆိုပြန်ခဲ့ကြသတဲ့။ ရွာရောက်တော့ သူတို့အကြောင်း တစ်ရွာလုံးက သိသွားတော့တာပေါ့။

သူတို့နှစ်ဦးလည်း နာမည်ကြီးသွားတယ်။

ဘာတဲ့…

"တစ်ခါစားအဝကြီးတွေ" တဲ့။ ကဲ…။

## ဒီလောက်ဆိုးတဲ့ကောင်

တစ်ခါက အထက်အညာအရပ်မှာ ကုန်းကြီးဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီရွာဟာ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းဘူးတဲ့။ အရှေ့အနောက် တောင်မြောက်အရပ်မှာရှိတဲ့ ရွာတွေဟာ ရှစ်မိုင်ကိုးမိုင် ခန့်ဝေးပြီး အဲဒီဝေးတဲ့ ဝန်းကျင်ရွာတွေကို မြေသားလမ်းခင်းထားသတဲ့။ အချို့လမ်းတွေဟာ ကျင်းတွေ ချိုင့်တွေနဲ့ပေါ့။

အဲဒီ ကုန်းကြီးရွာဟာ အမည်ကသာ ကုန်းကြီးရွာဖြစ်ပြီး တည်ထားတဲ့နေရာက ချိုင့်ကြီးထဲမှာဖြစ်နေတော့ မိုးခါဆိုရင် မိုးရေနဲ့ သွားလို့လာလို့ မကောင်းဘူးပေါ့။ လမ်းကဆိုးတော့ ပိုဆိုးတာပေါ့။

အဲဒီကုန်းကြီးရွာနဲ့ အခြားရွာတွေကို လှည်းလမ်း၊ လူသွားလမ်းကို အားပြုပြီး သွားကြရသတဲ့။ အဲဒီရွာမှာ တောနဲ့မြို့ကို ပြေးဆွဲနေတဲ့ ကုန်ရောလူပါတင်တဲ့ ကားတစ်စီးမှ မရှိပေမယ့် ထော်လာဂျီအကြီးစားတစ်စီးရှိတယ်။ အဲဒီထော်လာဂျီအမည်က "ရွှေနှင်းဆီ" ဆိုပြီး အမည်ပေးထားပါသတဲ့။

အဲဒီ ထော်လာဂျီပိုင်ရှင်ဟာ ထော်လာဂျီဝယ်ပြီး မြို့နဲ့ပြေးမယ်လုပ်တော့...

"ကိုကြီးသာဒင်... မြို့မှာ ထော်လာဂျီတွေ အများကြီးဗျ၊ အကြီးအသေး၊ အလတ်၊ အစုံရှိတယ်။ အဲဒါ ဝယ်ပြေးပါလား၊ သူများ အဟောင်းကြီးဝယ် မပြေးပါနဲ့"

ရွှေမျိုးတွေက ထွေလာကျိုဝယ်ပြေးမယ့် ကိုသာဒင်ကို ပြောကြတယ်။ ဒါပေမယ့် ကိုသာဒင်က ထွေလာကျိုအဟောင်း ဝယ်ပြီး ပြေးတော့တာပေါ့။ ထွေလာကျိုက ကြီးတယ်။ ဈေးကလည်း သက်သာတယ်။ မဆိုးပါဘူး။ ပြုပြင်ခြင်း မရှိဘူးပေါ့။ နေ့စဉ်ပဲ တောနဲ့မြို့ ပြေးဆွဲရသတဲ့။ မြို့ကိုဈေးဝယ်လိုက်သူတွေရယ်၊ ရွာကထွက်တဲ့ ပဲတို့နှမ်းတို့ လိုက်ရောင်းတဲ့သူတွေနဲ့ တွက်ချေကိုက်နေတာပေါ့။

အဲသလိုနဲ့ ကိုသာဒင်ရဲ့(ရွှေနှင်းဆီ) ထွေလာကျိုပြေးခဲ့တာ ခြောက်လကျော်ပြီ။ ထွေလာကျိုမောင်းတဲ့လူကတစ်ဦး၊ နောက်လိုက်သူကတစ်ဦး။ အဲဒီ ထွေလာကျိုမောင်းသူရော၊ နောက်လိုက်ပါ၊ နှစ်ဦးစလုံးက ကိုသာဒင်ရဲ့ တူတော်ချည်းဖြစ်သတဲ့။

ခြောက်လပြည့်ပြီးတဲ့နောက်မှာတော့ ရွှေနှင်းဆီ ထွေလာကျိုက ဖောက်လာတယ်။ ဖောက်လာတယ်ဆိုတာ တခြားမဟုတ်ဘူး၊ ဓာတ်ပြလာတော့တာပေါ့။ ပထမရက်မှာ စက်ဘီးနဲ့လူကို ဝင်တိုက်တယ်။ စက်ဘီးကိုအလျော်ပေးလိုက်ရတယ်။ ပြုပြင်စရိတ် ပေးလိုက်ရတဲ့အပြင် စက်ဘီးသမား လက်ကျိုးသွားလို့ ဆေးရုံတက်ကုသစရိတ် ပေးလိုက်ရတယ်။ တော်ပါသေးတယ်။ ရုံးတွေ ဂါတ်တွေ မရောက်လို့ပေါ့။

အဲ- စက်ဘီးတိုက်ပြီး မကြာပါဘူး။ နောက်တစ်ပတ်အကြာမှာ စက်ဘီးပဲထပ်တိုက်မိပြီး ပထမဆုံးကီစ္စလိုပဲ စက်ဘီးပြုပြင်ပေးရ၊ လူခေါင်းကွဲသွားလို့ ဆေးရုံတင်ပေးရ။ အဲ-ရွှေနှင်းဆီက မနားသေးဘူး၊ မကျေနပ်သေးဘူးနဲ့တူပါရဲ့၊ စက်ဘီးတိုက်လို့အပြီး ဆိုင်ကယ်သမားကို ဝင်တိုက်ပြန်တယ်။ စက်ဘီးနဲ့လူကို နှစ်ကြိမ်တိုက်အပြီး ဆိုင်ကယ်နှင့်လူကိုထပ်တိုက်အပြီး အဲဒီဆိုင်ကယ်ကိုပဲ လေးကြိမ်ဆက် တိုက်ပြန်တယ်။ အခြားရွာကဆိုင်ကယ်သမားတွေ ဖြစ်နေတော့ ရုံးတိုင်မယ်၊ ရဲစခန်းတိုင်မယ် ဖြစ်တော့ ကိုသာဒင်ခမျာ ဟိုပြေးဒီလွှားနဲ့ တောင်းပန်ပြီး ဆိုင်ကယ်ကိုလည်းလျော်ရ၊ လူကိုလည်း ဆေးကုပေးရပြန်တယ်။

ရွှေနှင်းဆီက စက်ဘီးနဲ့ ဆိုင်ကယ်ကို အကြိမ်ကြိမ်တိုက်ပြီးတဲ့

နောက် (မုန့်တိုင်းတျပြီးတဲ့ ကောင်းကင်လို) သူ့မှာ ဘာအပြစ်မှ မရှိသလို မျိုးနဲ့ ညာနေ့ဖြေသိကျာ ဆည်ပြီးနေပြန်တယ်။ တစ်နှစ်လောက် အား၊ မဆီခိုက်၊ မတိုက်မိပဲ ပုံမှန်ပဲ ပြေးလွှားနေတော့တာပေါ့။

အဲ- မကြာပါဘူး…

စက်ဘီးနဲ့ဆိုင်ကယ်တိုက်အပြီး ရှစ်လအကြာမှာ ငွေဖောက်လာပြန်တယ်။

ဘယ်လို ငွေဖောက်တယ်၊ ဓာတ်ပြလာသလဲဆိုရင် အဲဒီရက်က အခြားရွာမှာ အလှူရှိတယ်။ ကုန်းကြီးကို အလှူဖိတ်တဲ့လူတွေက ရွှေနှင်းဆီကို ငှားပြီးသွားကြတယ်။ အသွားတုန်းကတော့ ရှောရှောရှူရှူပါပဲ။ အဲ- အပြန်မှာတော့ ရွှေနှင်းဆီဟာ ငွေပျက်ပြီ၊ ဓာတ်ပျက်လာပြီ။ ဘာပြော ကောင်းမလဲ ရွှေနှင်းဆီဟာ လမ်းဘေးက ထနောင်းပင်ကို ဝင်ဆောင့်တယ်။ ထွေလာဂျီဟာ အပင်ကို ဝင်ဆောင့်တော့ မောင်းတဲ့လူ နာသွားတယ်။ စက်ပျက်ပြီး ပိန့်ချိုင့်သွားတယ်။ အဲဒါ ရက်သိသွားလို့ အမှုဖွင့်ခံရတယ်။ ဒဏ်ရိုက်ရုံနဲ့မို့ တော်သေးတာပေါ့။ ကံကောင်းဘာလဲ အလှူသွားတဲ့လူတွေ လုံးဝအထိအခိုက်မရှိတာဘဲ ကံကောင်းတယ်။ ရွှေနှင်းဆီကို ပြုပြင်ရတာရယ်၊ မောင်းတဲ့လူ ဆေးရုံတက်ရတာရယ်နဲ့ ကိုသာဒင်ခမျာ အတော်လေး အီစိမ့်သွားတယ်။

နောက်တော့ ရွှေနှင်းဆီလည်း ပြုပြင်ပြီးသွားပြီ။ မောင်းတဲ့ ကောင်လေးလည်း နေကောင်းသွားတော့ ပြန်မောင်းတယ်။ တော့နဲ့မြို့ ပြန်ပြေးတယ်။ မဆိုးပါဘူး။ ကုန့်ထားတဲ့ငွေတွေ ရှစ်လအတွင်း ပြန်ကျေတယ်။ အဲ-ပြန်ကျေပြီး မကြာပါဘူး။ သိုးအုပ်ကို ဝင်တိုက်လို့ သိုးခြောက်ကောင် သေပြန်တယ်။ သိုးသေတွေအတွက် လျော်ရပြီး မကြာပြန်ဘူး။ နွားပေါက်တစ်ကောင်ကို တိုက်ပြန်ရော။ ဟော- -နောက် လမ်းဘေးက ယူကာလစ်ပင်ကို ဝင်ဆောင့်ပြန်ရော။

ဒီတော့ စိတ်ပျက်လာသူ၊ ရွှေနှင်းဆီကို ကြောက်သူက ကိုသာဒင် ပဲပေါ့။

ပြီးတော့…

ရွာထဲက ကုန်ဝယ်လိုက်မယ့်လူတွေ၊ စီးမယ့်လူတွေလည်း ရွေနှင်းဆီကို စီးရမှာ ကြောက်လာတယ်…။

အဲ-အဲ-အဲဒီရွာမှာ အရွှန်းဆိုးတဲ့တာတေဆိုတဲ့ ကောင်တစ်ယောက်ရှိတယ်။ တာတေရဲ့မိဘတွေက ချမ်းသာတယ်။ လူပျိုပေါက်ဖြစ်နေတဲ့ တာတေဟာ ဆယ်တန်းအောင် ကျောင်းထွက်ပြီး တောင်သူလုပ်နေတဲ့ ကောင်လေးပေါ့။ တိုးဟက်တဲ့ ခေတ်နဲ့အညီလိုက်ချင်တဲ့ တာတေဟာ ဆိုင်ကယ်စီးချင်တယ်။ မိဘတွေကို ဆိုင်ကယ်ဝယ်ပေးဖို့ ပူဆာတယ်။ မိဘတွေက သူတို့သားရဲ့စိတ်ကိုသိတော့ ဆိုင်ကယ်ကို ဝယ်မပေးဘူး။ ဘာဖြစ်လို့လဲဆိုရင် ဆိုင်ကယ်ဝယ်ပေးရင် အိမ်ကပ်မှာမဟုတ်ဘူး၊ အလုပ်ပျက်တယ်။ အဆိုးဆုံးက အသောက်အစားမကင်းတော့ ဆိုင်ကယ်တိုက်မှာ မှောက်မှာ သေမှာစိုးပြီး ဝယ်မပေးခဲ့တာပေါ့။

တစ်ရက်မှာတော့ တာတေက သူ့မိခင်ကို…

"အမေ… ကျုပ်ဝယ်နိုင်းတဲ့ဆိုင်ကယ် ဝယ်ပေးမလား၊ မပေးဘူးလား၊ ဒါပဲပြော။ ဆိုင်ကယ် ဝယ်နိုင်းတာ တစ်နှစ်ကျော်ပြီ…"

မိခင်က…

"လူလေးရယ်၊ ဆိုင်ကယ်ဆိုတာ ခရီးမြန်တာတော့ ဟုတ်ပါရဲ့။ မဆင်မခြင်စီးရင် အသောက်အစားနဲ့မကင်းရင် အသေခရီးမြန်တယ်ကွယ့်။ သားကိုမုန်းလို့ ဝယ်မပေးတာမဟုတ်ဘူး၊ ချစ်လို့ ဝယ်မပေးတာပါ။"

"မုန်းမုန်း-ချစ်ချစ်၊ ကျုပ်လိုချင်တဲ့ ဆိုင်ကယ်ဝယ်ပေး"

အဲသလိုပြောရင်း တွေ့ရာမြင်ရာကို ပေါက်ခွဲတော့တာပေါ့။ နောက်ရက်မှာလည်း အဲသလိုပါပဲ။ အတင်းပူဆာ၊ အတင်းဝယ်နိုင်းတော့တာပေါ့။ တာတေဆိုးတာတွေကို ဖခင်ဖြစ်သူဟာ သိသွားတယ်။ နောက်ဆုံး ဖခင်ဖြစ်သူက…

"ဟေ့ကောင် တာတေ"

"ဗျာ…"

''မင်းက ဆိုင်ကယ်စီးချင်တယ်ဆို''

''ဟုတ်''

ဖခင်ကိုကြောက်တဲ့ တာတေဟာ ဖခင်ရှေ့မှာတော့ မခုတ်တတ်တဲ့ ကြောင်လေးတစ်ကောင်လိုပေါ့။ ဖခင်မေးတာကို ခေါင်းတညိတ်ညိတ်နဲ့၊ ပါးစပ်က တဟုတ်ဟုတ်နဲ့ (ချောင်းဆိုးနေခြင်းမဟုတ်ပါ)။

ဖခင်ဖြစ်သူက သားဖြစ်သူ တာတေကိုရိုက်တော့မှာပဲ၊ ကောင်းကောင်းတီးတော့မှာပဲဆိုပြီး အိမ်နားနီးချင်းတွေ၊ ဆွေမျိုးတွေနဲ့ ဇနီးဖြစ်သူမှာတော့ ရင်တထိတ်ထိတ်နဲ့ပေါ့။ သားအဖနှစ်ယောက် စကားပြောနေတာကို မျက်ကလူးဆန်ပြာနဲ့ ကြည့်နေကြတာလေ။

ပြောရင်းနဲ့ ဖခင်ဖြစ်သူက…

''ကဲ-မြကျင်''

''တော်''

''မင်းသား… ဆိုင်ကယ် ဒီလောက်စီးချင်တာ။ ဒီလောက်သေပန်းပွင့်တဲ့အကောင် ဆိုင်ကယ်စီးပြီး သေမှာထက်…''

ဖခင်ဖြစ်သူက ပြောရင်း စကားရပ်တယ်။ ပြီးမှ ဆက်ပြောတယ်။ တာတေရဲ့ ဖခင်ဖြစ်သူပြောတဲ့စကားကြောင့် ဆွေမျိုးတွေ၊ အေးအိမ်ကလူတွေနဲ့ ဇနီးဖြစ်သူ မမြကျင်အပါအဝင် (ရွှေနှင်းဆီ) တွေလာရှိအပိုင်ကိုသာဒင်တို့မို့သားစုပါ ပြုံးစေစေ ဖြစ်သူဖြစ်၊ ဝါးလုံးကွဲရယ်သွဲ့ရယ်နဲ့ ဖြစ်သွားတော့တာပေါ့။

''ဆိုင်ကယ်စီးပြီး သေမှာထက် ဒီလောက်ဆိုးတဲ့အကောင်။ သာဒင်ဆီက ရွှေနှင်းဆီသာ ဝယ်ပေးလိုက်'' ,

အဲဒီအဖြစ်၊ အဲဒီစကားကြောင့် အဲဒီ ကုန်းကြီးရွာမှာ သားဆိုးသမီးဆိုးတွေအတွက် စကားတစ်ခွန်း ရာဇဝင်တွင်သွားသတဲ့။

ဘာလဲဆိုရင်…

''ရွှေနှင်းဆီ ဝယ်ပေးလိုက်မယ်'' ဆိုတဲ့ စကားပါပဲကွယ်။

ကဲ…။



## လိုက်ပွဲ

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိတယ်။ ရွာမှာ မောင်ဘအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ မောင်ဘအေးဟာ စီးပွားရေးအသင့်တင့်ရှိတဲ့ မိဘနှစ်ပါးက မွေးထားတဲ့သား ဖြစ်တယ်။ မောင်ဘအေးတို့မှာ လွှဲတစ်ရှဉ်းလှုပ် လယ်ယာမြေတွေရှိတော့ စီးပွားရေးက မဆိုးဘူးပေါ့။

မောင်ဘအေးဟာ အရုပ်အမောင်း၊ အသားအရေက မဆိုးသလို လူချောတစ်ဦး ဖြစ်သတဲ့။ ပြောရရင် ကြည့်ပျော်ရှုပျော်တော့ ရှိတာပေါ့။ မောင်ဘအေးရဲ့ အသက်က (၂၅)နှစ်ထဲဝင်ရုံ ရှိသေးတာပေါ့လေ။ လူပျိုကြီး ဖြစ်နေပြီလို့ ဆိုရတော့မှာပေါ့။

တကယ်တော့ ရွာထဲမှာ မောင်ဘအေးကို လိုချင်တဲ့သူ ရှိပေမယ့် မောင်ဘအေးကိုကြောက်တဲ့ မိန်းကလေးရှိသလို မောင်ဘအေးကိုလိုချင်တဲ့မိန်းကလေးလည်း ရှိတယ်တဲ့။ အချို့က မောင်ဘအေးရဲ့ စီးပွားရေး၊ မောင်ဘအေးရဲ့ရုပ်ရည်၊ မောင်ဘအေးရဲ့ အပြောအဆိုကို မြတ်နိုးကြပေမယ့် ကြောက် [illegible] ကောင်းတဲ့ အချက်တစ်ချက်ရှိတယ်။

[illegible] ဘာလဲဆိုရင် –

မောင်ဘအေးဟာ မိန်းမရှုပ်ချင်တဲ့ ...

## လိုက်ပွဲ

တစ်ခါက - အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာရှိတယ်။ ရွာမှာ မောင်ဘအေးဆိုတဲ့ လူတစ်ယောက်ရှိတယ်။ မောင်ဘအေးဟာ စီးပွားရေးအသင့်တင့်ရှိတဲ့ မိဘနှစ်ပါးက မွေးထားတဲ့ ... ဖြစ်တယ်။ မောင်ဘအေးတို့မှာ ကျွဲတစ်ရှဉ်းလှပ် လယ်ယာမြေတွေရှိတော့ စီးပွားရေးက မဆိုးဘူးပေါ့။

မောင်ဘအေးဟာ အရုပ်အမောင်း၊ အသားအရေက မဆိုးသလို လူချောတစ်ဦး ဖြစ်သတဲ့။ ပြောရရင် ကြည့်ပျော်ရှုပျော်တော့ ရှိတာပေါ့။ မောင်ဘအေးရဲ့ အသက်က (၂၅)နှစ်ထဲဝင်ရုံ ရှိသေးတာပေါ့လေ။ လူပျိုကြီး ဖြစ်နေပြီလို့ ဆိုရတော့မှာပေါ့။

တကယ်တော့ ရွာထဲမှာ မောင်ဘအေးကို လိုချင်တဲ့သူ ရှိပေမယ့် မောင်ဘအေးကိုကြောက်တဲ့ မိန်းကလေးရှိသလို မောင်ဘအေးကိုလိုချင်တဲ့မိန်းကလေးလည်း ရှိတယ်တဲ့။ အချို့က မောင်ဘအေးရဲ့ စီးပွားရေး၊ မောင်ဘအေးရဲ့ရုပ်ရည်၊ မောင်ဘအေးရဲ့ အပြောအဆိုကို မြတ်နိုးကြပေမယ့် ကြောက်စရာကောင်းတဲ့ အချက်တစ်ချက်ရှိတယ်။

ဘာလဲဆိုရင် -

မောင်ဘအေးဟာ မိန်းမရှုပ်ချင်တဲ့ ...

မှန်တယ်။ မောင်ဘအေးဟာ မိန်းမရှုပ်တယ်။ ရှုပ်တယ်ဆိုတာ ပေါ်ပေါ်ထင်ထင်တော့ မဟုတ်ဘူး။ မသိမသာနဲ့ပေါ့။ ဟိုမိန်းကလေး စချင်၊ ဒီမိန်းကလေး ပြောင်ချင်သလိုမျိုးဆိုတော့ မိန်းမရှုပ်တယ်ဆိုပြီး နာမည်ကြီး သွားတော့တာပေါ့။

အဲဒီ မောင်ဘအေးလိုချင်တဲ့ မိန်းကလေးအမည်က မြတင်တဲ့။

မြတင်ရဲ့ညီမက မြကျင်တဲ့။ မြတင်ကို လိုချင်တဲ့ မောင်ဘအေးဟာ မြတင် မြင်သာအောင် အရိပ်အရောင်တွေပြ၊ ကြားထဲကအောင်သွယ်တွေ အားကိုးရင်းနဲ့ စာတွေပေး၊ လက်ဆောင်တွေပေးရင်းနဲ့ ရင်းနှီးမှုရအောင် ယူခဲ့တယ်။ အဲ-ကြားထဲမှာ ပိုပြီးအားထားရတာက မောင်ဘအေးမိဘတွေ ပဲပေါ့။ မှန်တယ်။ မောင်ဘအေး မိဘတွေနဲ့ မြတင်ရဲ့မိဘတွေက အရမ်း ရင်းနှီးတယ်။ ခင်မင်ခဲ့တယ်။ ယာနားနီးချင်း၊ အိမ်နားနီးချင်းလည်း ဖြစ်တယ်။ စီးပွားဘက်လည်း ဖြစ်တယ်တဲ့။

"အမေ"

"တော်"

"ကျုပ် မြတင်ကို ယူချင်တယ်။ အဲဒါ..."

"ဒါများ သားရယ်၊ အမေတို့က သူ့မိဘတွေနဲ့ ရင်းနှီးပြီးသား လူတွေပါ။ စိတ်ချ... အဖေရယ်၊ အမေရယ်တို့က သူ့မိဘဆီသွားပြီး နားယောက်စကားပြောပေးမယ်။ မင်းတို့ လူငယ်ချင်းသာ ရင်းနှီးမှုရအောင် လုပ်"

"တကယ်နော် အမေ"

"ဟဲ့...တကယ်ပြောတာ"

မိခင်ဖြစ်သူကို နားပူနားဆာ လုပ်ပြီးတဲ့နောက် မောင်ဘအေးဟာ မြတင်နဲ့ ရင်းနှီးမှုရအောင် လုပ်တယ်။ ကြားအောင်သွယ်တွေကိုလည်း ပေးကျွေးပြီး အားကိုးလိုက်တယ်။ မြတင့်ဘက်ကတော့ စဉ်းစားဆဲပါ။ စဉ်းစားတုန်းပါဆိုပြီး မောင်ဘအေး စိတ်လှုပ်ရှားအောင် ကြိုးရှည်ရှည်နဲ့ လှန်ထားခဲ့တယ်။ ဒါပေမယ့် မောင်ဘအေး ချစ်မေတ္တာကမ်းလှမ်းမှုကို

မြတင်ဟာ လက်ခံချင်ချင်ရှယ်ပါ။ ပြောရရင် မောင်ဘအေးအပေါ် ချစ်နေမိတာကြာပေါ့ဆိုတဲ့သဘောပေါ့။ (ငွေရှိသူဆိုတော့ မောင်ဘအေးရဲ့ အပြစ်တွေ ပျောက်ကွယ်ပေးလိုက်တဲ့သဘော။ ငွေမျက်နှာက မောင်ဘအေးရဲ့ အပြစ်တွေကို ချေဖျက်ပေးတဲ့ သဘောပါပဲ၊ ဟုတ်တယ်နော်။)

နောက်တော့ မောင်ဘအေးနဲ့ မြတင်တို့ ချစ်သူတွေ ဘဝရောက်သွားတဲ့အချိန် မောင်ဘအေးရဲ့ မိဘနှစ်ပါးက မြတင်ရဲ့ မိဘနှစ်ပါးဆီသွားပြီး လူကြီးချင်း စကားပြောကြတယ်။

"ဟုတ်တယ်လေ၊ ကျုပ်တို့သားမောင်ဘအေးက တော့်သမီးမြတင်ကို အရှင်ရှုံ့အသေရရဖြစ်နေတယ်။ အဲဒါ ကျုပ်စုံစမ်းကြည့်တော့ သူတို့အချင်းချင်းလည်း ရည်ငံနေကြပြီတဲ့။ အဲဒါ လာမယ့် ပဲတွေသိမ်းပြီးရင် ပေးစားဖို့ ကြိုတင်ပြီးပြောတာ မင်္ဂလာအရှိဆုံး စကားပေါ့"

မောင်ဘအေးမိခင်က ပြောတယ်။ မြတင်ရဲ့မိခင်က-

"အင်းလေ... လူငယ်ချင်းကလည်း ချစ်နေကြပြီဆိုတော့ ရှင်တို့ကျုပ်တို့က ငြင်းဆန်စရာ မရှိပါဘူး။ ရှင်ပြောသလို ဒီနှစ်ပဲသိမ်းပြီးရင် တင့်တောင့်တင့်တယ် တောင်းရမ်းယူဖို့ အရေးကြီးတာပါ"

"စိတ်ချလက်ချ နေပါ"

အဲသလိုနဲ့ နှစ်ဖက်မိဘတွေ သဘောတူခွင့်ပြုချက်ယူအပြီး ပဲသိမ်းအပြီးမှာ မောင်ဘအေးနဲ့ မြတင်ကို လက်ထပ်ပေးလိုက်တယ်။ ဝက်သားဖော်ကျွေးပြီးတောင်းတဲ့ မင်္ဂလာပွဲ။ ပြီးတော့ မောင်ဘအေးက တစ်ဦးတည်းသောသား။ မောင်ဘအေးမိဘတွေက မြတင်ကို အိမ်မှာအပြီးခေါ်ခဲ့တယ်။ မြတင်မိဘတွေကလည်း မောင်ဘ း အိမ်မှာအပြီးထည့်ချင်နေတာဆိုတော့ (ရေငတ်တဲ့လူ မြစ်ထဲကျ) ဆိုသလို ဖြစ်သွားတော့တာပေါ့။

ဒါနဲ့ မြတင်ဟာ ဒိုကေါ်နောက် ဆံထုံးလိုက်ခဲ့ရတယ်။

အဲသလိုနဲ့ နေလာခဲ့ကြတာ အိမ်ထောင်သက် (၂)နှစ်အကြာမှာ ကလေးတစ်ယောက် ရခဲ့တယ်။ အိမ်ထောင်သက် သုံးနှစ်အကြာမှာ နောက်ထပ်ကိုယ်ဝန်ဆောင်ရသူက မြတင်ပေါ့။ အဲသလို ကိုယ်ဝန်လည်း ဆောင်ရ၊

ကျွန်းမာရေးကမကောင်းတဲ့ မြတင်ကို ကူညီပြီး လုပ်ကိုင်ပေးနိုင်ဖို့ဆိုပြီး နေ့ခင်းမှာ ညီမဖြစ်သူ မြကျင်တစ်ယောက် မောင်ဘအေးအိမ် လာပြီး တိုလီမိုလီအလုပ်တွေ လုပ်ကိုင်ပေးခဲ့ရတော့တာပေါ့။

မကြာပါဘူး…

မြတင်ဟာ ဒုတိယကလေး ဖွားခဲ့တယ်။

ကလေးဖွားတော့ အမဖြစ်သူ မြတင်အနားမှာ အနီးကပ်ပြုစုနေရတာက ညီမဖြစ်သူ မြကျင်ပေါ့။

အင်း- ခက်တာက မောင်ဘအေးပါပဲ။ မောင်ဘအေးရဲ့ အကျင့်တွေ ပေါ်လာခဲ့တယ်။ စရိုက်တွေ ရှင်သန်လာခဲ့တယ်။ ဟုတ်တယ်။ မြတင် မီးဖွားတာထက် ချောမောလှပတဲ့ မြကျင်အပေါ်ကို မောင်ဘအေးဟာ စိတ်နဲ့ ပြစ်မှားနေတာ ကြာပြီ။ ခါးသေရင်ချီပြီး လှနေတဲ့ မြကျင်ကို ကြည့်ပြီး မောင်ဘအေး စဉ်းစားတယ်။

"တောက်… အစက ညီအမ်နှစ်ယောက်ထဲမှာ မြတင်က ပိုချော တယ်ထင်နေတာ။ အခုတော့ မြကျင်က အလှပိုနေပြန်ပြီ။ ကွာ… တောက်…"

မြကျင်ကိုကြည့်ပြီး မောင်ဘအေးစိတ်ထဲ(လွတ်သွားတဲ့ငါးကြီးနေ) တော့တာပေါ့။

ဒီလိုနဲ့နေလာလိုက်တာ မြတင်မီးဖွားပြီးတာ ခြောက်လအရောက် မှာ မောင်ဘအေးဆီ ငယ်ပေါင်းသူငယ်ချင်းအေးမောင် ရောက်လာတယ်။

"ဘအေး"

"ဘာလဲ"

"မြကျင်က မြတင်ထက် ပိုချောတယ်နော် "

အဲသလိုမျိုး လာလာပြီးပြောတာ လေးငါးဆယ်ခါကြိမ် မကတော့ ဘူးတဲ့။ အခြားသူငယ်ချင်းတွေကလည်း မောင်ဘအေးရဲ့ (နှာကင်ဆာ၊ နှာငုက်ဖျား၊ နှာတုပ်ကွေး၊ နှာနာတာရှည်ရောဂါ)အကြောင်း သိတော့ အိမ်မှာလာပြီး ပြောကြ။ လမ်းမှာတွေ့ရင် ပြောကြ။ ယာထွန်ရှင်း လယ်

ထွန်ရှင်း ပြောကြရနဲ့ပေါ့။ အဲဒါ အချို့က မြှောက်ပင့်ပေးတာမျိုးရှိသလို အချို့က ချောက်တွန်းတာမျိုးလည်း ရှိတာပေါ့။

အဲဒါကို (အဆင်းဘီးတပ်ပေးတာမျိုး)ကိုမသိတဲ့ မောင်ဘအေးက တကာယ်ထင်နေတာပေါ့။

"ဘအေးရေ…"

"ဟော…"

"မင်းခယ်မက မင်းအပေါ်…"

"မြကျင်က မင်းအပေါ် ကြွေနေတဲ့သဘောကွ"

အဲသလို မြှောက်ပင့်ပြောလေ မောင်ဘအေးဟာ မြကျင်အပေါ် ပိုပြီးစိတ်နဲ့ ပြစ်မှားလေပေါ့။ အဲသလိုပြစ်မှားနေတာ၊ အဲသလိုမြှောက်ပင့် ပြောနေတာကို မြတင် သိတယ်။

မြတင်သိတာပေါ့။ (မြတင်မှာ နားနဲ့မျက်စိနဲ့ အပေါင်းအသင်းနဲ့ ပြည့်အောင်ပေါ့။) ဟုတ်ဘူးလား။

ဒါနဲ့ ဒေါသဖြစ်တော့တာပေါ့။ မောင်ဘအေးအပေါ် ဒေါသဖြစ် နေတော့တာပေါ့လေ။

ဒါနဲ့…

တစ်ရက်မှာ…

တောက်မြန်အလာ၊ နားနေတဲ့ မောင်ဘအေးဆီကို မိတ်ဆွေနှစ်ဦး ရောက်လာပြီး အိမ်ရှေ့မှာထိုင်ပြီး စကားပြောနေတယ်။

"ဟောကောင် ဘအေး"

"ဟော…"

"မင်းမိန်းမ အိပ်နေတုန်း၊ ပြောစရာဦးမလို"

"ဘာလဲ…မြကျင် အကြောင်း၊ မြကျင် အကြောင်းများလား"

"ဟုတ်တယ်"

"နောက်ကျသွားမယ်နော်၊ မြကျင်က ပွားတိုင်းကြိုက်တဲ့ မိန်း တစ်ပွင့်ကွ။ စိတ်ချည်တွေက အလှူအပယ်ပဲ…ဟဲ…ဟဲ…ဟဲ"

သူငယ်ချင်းနှစ်ယောက်က အဲသလိုပြောတော့ မောင်ဘအေးက စကားတစ်ခွန်း ပြောလိုက်တယ်။

အဲဒီစကားကြောင့် နောက်ကနေပြီး ချောင်းမြောင်းထောင်နေတဲ့ မြတင် ရောက်လာပြီး မောင်ဘအေးရဲ့ ပါးကိုဖျန်းခနဲနေအောင် သုံးလေးချက် ဆက်ရိုက်ခြင်းကို ဖိမ်ရှိရှိ ခံလိုက်ရသတဲ့။

"အိုကွာ… မြကျင်က ငါ့ထမင်းပန်းကန်ထဲက ဟင်းတုံးတစ်တုံး ပါ"

"အလို… တယ်ဆိုတဲ့စာ၊ တယ်စာတဲ့ ဆိုပါလား"

"ဟုတ်တယ်ကွ၊ အဲဒီဟင်းတုံးကို ကိုင်ချင်ကိုင်မယ်၊ ဖွဲ့ချင်ဖွဲ့မယ် နောက်ဆုံးမှာတော့ ကိုက်စားချင် စားမယ်"

"အံမာ… ဘယ်ဝတ္ထုထဲကစာတွေ ဖတ်ပြီး ပြောနေတာလဲဟ"

"ရင်ထဲ အသည်းထဲ၊ နှလုံးသည်းပွတ်ထဲကလာတဲ့ စကားတွေ ပါကွ။ မှတ်ထား"

"ဩော်…ဒီလိုကိုး"

"ဒီကောင်- အတော်တိုးတက်နေတယ်"

မြောက်ပင့်ပေးသူတွေရဲ့ထုံးစံအတိုင်း နောက်ကျောလုံ့လုံ့နဲ့ ထင်ရာ ပြောဆဲမှာ မောင်ဘအေးနောက်ဆုံးစကားကြောင့် ပါးပြင်ကိုမျောတင်ရုံ မကဘူး၊ ကျောပြင်ရော ဗိုက်ပြင်ရော၊ တင်ပါးဆုံ ပါ ထုတာရိုက် တာ တွေ ခံရသတဲ့။

မောင်ဘအေးရဲ့ စကားက…

"မှတ်ထားကွ၊ ခယ်မဆိုတာ ခယ်အိုရဲ့ လိုက်ပွဲတစ်ပွဲကွ"

အဲဒီစကားကြောင့် ရွာထဲမှာ ဟိုးလေးတကျော်ကျော် ဖြစ်သွားပြီး ခယ်မချောချောရှိသူတွေ (ခယ်အို)တွေအတွက် စကားတစ်ခွန်း ကျန်ရစ် တယ်။ အဲဒါက…

ခယ်မကို မထိလေနဲ့၊ ဘအေးလို ဖြစ်သွားမယ်တဲ့လေ။



## ဆပြင်ကောင်းလို့သာပေါ့

တစ်ခါက အထက်အညာမှာ ညောင်ပင်စုဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။

အဲဒီရွာဟာ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလမှာ ဘုရားပွဲရှိတယ်။

နှစ်စဉ်နှစ်တိုင်းမှာတော့ အရုပ်ဇာတ်သဘောမျိုး ကကြတယ်။ တောင်ပိုင်းက ပြဇာတ်ကပြရင် မြောက်ပိုင်းက ရုပ်သေးဇာတ်ကကြတယ်။ တစ်ခါတစ်ရံ တောင်ပိုင်းက ရုပ်သေးဇာတ်တော်ကရင် မြောက်ပိုင်းက ပြဇာတ်ကပြကြတယ်။

အဲ… တစ်ခါတစ်ရံ အရုပ်ဇာတ်မကပဲ မြို့ကတီးဝိုင်း၊ မြို့က မင်းသမီးနဲ့ လူရွှင်တော်တွေငှားပြီး အငြိမ့်သဘောမျိုး ကကြတယ်။ အဲသလို ကကြတဲ့အခါ လူငယ်တွေက သီချင်းတောင်းကြ၊ မိန်းကလေးတွေက သီချင်းတောင်းကြနဲ့ပေါ့။ လူငယ်လူရွယ်တွေ အဲသလို သီချင်းတောင်းပြီ ဆိုရင် ပိုက်ဆံတွေ ဆုချကြသတဲ့။ အဲဒီအခါ လက်ခုပ်လက်ဝါးတီးပြီး ပျော်ကြတာပေါ့။ အညာအရပ်၊ အညာဘုရားပွဲနဲ့ အညာသူ အညာသားတွေ ရဲ့ ဘုရားပွဲအရသာစစ်စစ် တစ်ခုပေါ့။

“ဟော- ဒီနှစ်တော့ မြို့ကတီးဝိုင်းလည်း မငှားဘူး၊ မင်းသမီးနဲ့ လူရွှင်တော်လည်း မငှားဘူး။ တောင်ပိုင်းနဲ့ မြောက်ပိုင်းက ပြဇာတ်တို့

## ဆပြင်ကောင်းလို့သာပေါ့

တစ်ခါက အထက်အညာမှာ ညောင်ပင်စုဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။

အဲဒီရွာဟာ နှစ်စဉ်နှစ်တိုင်း တန်ဆောင်မုန်းလမှာ ဘုရားပွဲရှိတယ်။

နှစ်စဉ်နှစ်တိုင်းမှာတော့ အရပ်ဇာတ်သဘင်မျိုး ကကြတယ်။ တောင်ပိုင်းက ပြဇာတ်ကပြရင် မြောက်ပိုင်းက မှောက်ပိုင်းဇာတ်ကကြတယ်။ တစ်ခါတစ်ရံ တောင်ပိုင်းက မှောက်ပိုင်းဇာတ်တော်ကရင် မြောက်ပိုင်းက ပြဇာတ်ကပြကြတယ်။

အဲ… တစ်ခါတစ်ရံ အရပ်ဇာတ်မကပဲ မြို့ကတီးဝိုင်း၊ မြို့က မင်းသမီးနဲ့ လူရွှင်တော်တွေငှားပြီး အငြိမ့်သဘောမျိုး ကကြတယ်။ အဲသလို ကကြတဲ့အခါ လူငယ်တွေက သီချင်းကောင်းကြ၊ မိန်းကလေးတွေက သီချင်းကောင်းကြနဲ့ပေါ့။ လူငယ်လူရွယ်တွေ အဲသလို သီချင်းကောင်းပြီဆိုရင် ပိုက်ဆံတွေ ဆုချကြသတဲ့။ အဲဒီအခါ လက်ခုပ်လက်ဝါးတီးပြီး ပျော်ကြတာပေါ့။ အညာအရပ်၊ အညာဘုရားပွဲနဲ့ အညာသူ အညာသားတွေရဲ့ ဘုရားပွဲအရသာစစ်စစ် တစ်ခုပေါ့။

ဟော- ဒီနှစ်တော့ မြို့ကတီးဝိုင်းလည်း မငှားဘူး၊ မင်းသမီးနဲ့ လူရွှင်တော်လည်း မငှားဘူး။ တောင်ပိုင်းနဲ့ မြောက်ပိုင်းက မြေဇာတ်တို့

နောက်ပိုင်းစာတတ်တော်လည်း မထည့်ဘူးတဲ့။

ဒီနှစ်အကြံအစည်က တစ်မျိုးပေါ့။

ဘယ်လိုကြံသလဲဆိုရင် ဒီနှစ်တန်ဆောင်မုန်းလဘုရားပွဲကို နှစ်တိုင်းနဲ့မတူ အငြိမ့်လည်းမကား၊ တီးဝိုင်းလည်း မထည့်ဘူးပေါ့။ အဲဒါနဲ့ ဘုရားပွဲအစည်းအဝေးမှာ ကာလသားခေါင်းက တင်ပြတယ်။

"အဲဒီတော့ ဒီနှစ်မှာ အငြိမ့်မထည့်ဘူး၊ တီးဝိုင်းမထည့်ဘူး၊ ငွေကုန်ကြေးကျ မခံတော့ဘူး"

"ကာလသားခေါင်းက ဘယ်လိုကြံထားသလဲ"

"ပြောပါ"

အဲဒါနဲ့ ရွာကလူတွေ တောင်းဆိုကြတော့ ကာလသားခေါင်းဆောင်က…

"ကျုပ်တို့ တောင်ပိုင်းက ကိုသိန်းရှန်က ဆိုင်းဝိုင်းတီးမယ့် အဖွဲ့ဖွဲ့ပြီးပြီ။ အဲဒါ မြေပြင်မှာ ပုတ်ကြီးပုတ်လေးတွေချ၊ တင်းတိမ်တွေ စောင်တွေကာပြီး ဆိုင်းဝိုင်းအသွင် တီးကြမယ်။ အသံချဲ့စက်က စတင်းရဲ့ စံတော်ချိန်တီးလုံး ဖွင့်ပေးမယ်။ ပြီးရင် လူရွှင်တော်လုပ်တဲ့ လူတွေက သူတို့ပြက်လုံးနဲ့ သူတို့ပရိသတ် ရယ်မောအောင်ပျက်ကြမယ်"

"ဟာ… ကောင်းတယ်"

"အဲဒါ ကောင်းတယ်"

အဲသလိုနဲ့ ဘုရားပွဲရက်နီးတော့ ဘုရားပွဲအတွက် ရွာထဲက ဂဏ်သားမှာသူမှာ မုန့်ကြော်သူကြော်…

အဲ-ကာလသားအဖွဲ့က ဘုရားရင်ပြင်ရှေ့ ပရိသတ်ကိုဖြေဖျော်ဖို့ ရွာထဲက ငရုတ်သီးထည့်တဲ့ ပုတ်တွေ၊ အခြား သီးနှံထည့်တဲ့ ပုတ်တွေ ရွေ့ကြတယ်။ ပြီးတော့ အကြီးဆုံးပုတ်ကြီးကို ရှန်စောင်တွေ တင်းတိမ်တွေကို ကာကြတယ်။ ပြီးတော့ ကြေးနောင်ဝိုင်းကိုလည်း ပုတ်လတ်တစ်လုံးချပြီးကာရံပြီး အခြား လင်ကွင်း၊ နှဲ၊ စည်းဝါး၊ ပတ်မချောင်တွေပါ ပြင်ဆင်လိုက်ကြတယ်။ တီးမှာက ဘုရားပွဲရက်ပဲ ဖြစ်တယ်။

အဲသလိုနဲ့ ဘုရားပွဲရက် ရောက်ခဲ့တယ်။ တီးဝိုင်းဆရာအဖြစ် (စိန်စတင်းအဖြစ်)ကိုသိန်းရှုန်ဆိုတဲ့လူက တီးမှာဖြစ်ပြီး၊ ကြေးနောင်ဝိုင်းဆရာ၊ နှဲဆရာ၊ ပတ်မချောင်နဲ့ အခြားဆရာတွေအဖြစ် တောင်ပိုင်းက လူတွေ ပါဝင်တီးခတ်ကြမှာဖြစ်တယ်။ အသံချဲ့စက်နဲ့ ဆိုင်းခွေဖွင့်ပြပြီး ရှေ့က သရုပ်ဆောင်ပေးရမှာကိုး။

အဲသလိုနဲ့ ဘုရားပွဲရက်ရောက်တော့ ကိုသိန်းရှုန်နဲ့အဖွဲ့ဟာ ရွာကလူတွေနဲ့ အခြားရွာက ပရိသတ်ကို စိန်စတင်းနဲ့ ညည့်ခံခဲ့တယ်။

"ကြွရောက်လာကြတဲ့ အနယ်နယ်အရပ်ရပ်က ပရိသတ်များခင်ဗျား... ကျွန်တော်တို့ ရွှေညောင်ပင်စုကျေးရွာရဲ့ ဆိုင်းဆရာကြီး ဆရာရှုန်ဦးစီးတဲ့ မင်္ဂလာရွှေဆိုင်းတော်ကြီးအဖွဲ့က လက်သံပြောင်ပြောင်နဲ့ ရော၊ ခြေသံပြောင်ပြောင်၊ ပြီးတော့ ပါးစပ်သံပြောင်ပြောင်နဲ့ပါ ညည့်ခံတီးမှုတ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆရာရှုန်နဲ့အဖွဲ့ရဲ့ လက်သံကို သည်းညည်းခံပြီး နားစိုက်ထောင်ပေးကြပါစို့လား ရွှေပွဲလာ၊ ငွေပွဲလာ၊ မြပွဲလာ၊ စိန်ပွဲလာ၊ ကြေးပွဲလာတို့ခင်ဗျား..."

လူငယ်တစ်ဦးက မူးမူးနဲ့မိုက်ကိုင်ပြီး ပြောလိုက်တယ်။ ပရိသတ်ကလည်း ကိုသိန်းရှုန်(ဆရာရှုန်)တို့အဖွဲ့ ဘယ်လိုတီးကြမယ်၊ ဘာတွေ ပြက်လုံးထုတ်မယ်ဆိုတာ စောင့်စားရင်းပေါ့။

အဲဒီအခါမှာ အသံချဲ့စက်က စိန်စတင်းဆိုင်းခွေ၊ စိန်မြဘင် ဆိုင်းခွေနဲ့ စိန်ဘညိုဆိုင်းခွေများကို ဖွင့်တယ်။ တီးခတ်ပုံကို သဘောကျပြီး ပရိသတ်က တဟားဟား တဝါးဝါးနဲ့ပေါ့။

အဲသလိုနဲ့ သုံးနာရီနီးပါး ညည့်ခံတော့ ကိုသိန်းရှုန်တို့အဖွဲ့ တာဝန်ကျေသွားပြီပေါ့။

ဒါပေမယ့် အဲဒီ ဆိုင်းဝိုင်းတီးတာ၊ သရုပ်ဆောင်တာကို မြောက်ပိုင်းက ဦးပုဆိုသူက ကြည့်သတဲ့။ ဦးပုက တောင်ပိုင်းမြောက်ပိုင်း သိပ်မတည့်တဲ့အတွက် တောင်ပိုင်းကဦးစီးတဲ့ ဒီပွဲကို ကဲ့ရဲ့ချင်တာရယ်၊ စချိုး ချင်တာရယ်ကြောင့် အစအဆုံး ကြည့်ခဲ့သတဲ့။

စာချိုးတဲ့နေရာမှာ ဦးပုက နာမည်ကြီးတယ်။ [illegible] ကျွဲဘန်း ကိုကြည့်ပြီး စာချိုးတတ်တယ်။ ချိုးတဲ့နေရာမှာလည်း [illegible] ဥင်းအရာ ဆက်စပ်မှုရှိတယ်။ ထိမိတယ်။ ရယ်ရတယ်။ ပြီးတော့ [illegible] ဗိုးမ်အောင် ဒေါသဖြစ်အောင်လည်း စာချိုးနိုင်တဲ့လူပေါ့။

ဘုရားပွဲနေ့က ဦးပုဟာ ဆရာရှုန်ဆိုတဲ့ ကိုသိန်းရှုန်ပ[illegible]ွဲ့ သရုပ်ပြ ဆိုင်းဝိုင်းကိုကြည့်ပြီး ပရိသတ်ထဲမှာရပ်ရင်း စာချိုးလိုက်ပုံက…

"ရပ်တိုင်းရယ်သာ…၊ ပတ်ဝိုင်းစောင်ကာလို့…၊ ဆရာရှုန် ဘယ်ညာတီးတယ်ကွယ်…(ရှီး) လော်ကမကောင်း…"

အဲသလို စာချိုးလိုက်တော့ တောင်ပိုင်းနဲ့မတည့်တဲ့ ပရိသတ် အချို့က ရယ်ကြတယ်။ အဲ- ဆရာရှုန်ရဲ့ တောင်ပိုင်းပရိသတ်က မခံမရပ် နိုင်ဖြစ်ပြီး ဘုရားပွဲပြီးတဲ့နောက်ရက်မှာ ကိုသိန်းရှုန်ကို တိုင်ကြတယ်တဲ့။

"ကိုသိန်းရှုန်"

"ဘာလဲကွ၊ ငါ့ဆိုင်းတီးတာ သရုပ်ကျလွန်းလို့ အရက်ဖိုး လာဆု ချကြတာလား၊ လာကြ-ထိုင်ကြ"

ကိုသိန်းရှုန်က လူငယ်တွေကို အဲသလိုပြောတယ်။

"မဟုတ်ဘူးဗျာ"

"ဟင်… ဒါဖြင့် ဘာကိစ္စလဲ"

"ဒီလိုဗျ၊ ဘုရားပွဲနေ့က ကိုသိန်းရှုန်တို့ ဆိုင်းသရုပ်ပြတီးတာကို မြောက်ပိုင်းက ကိုကြီးပု စာချိုးတယ်"

"ဟင်… ဘယ်လို စာချိုးတာတဲ့လဲ"

"ဒီလိုဗျာ… ရပ်တိုင်းရယ်သာ၊ ပတ်ဝိုင်းစောင်ကာလို့၊ ဆရာရှုန် ဘယ်ညာတီးတယ်ကွယ်… လော်ကမကောင်းလို့ စာချိုးသွားတယ်တဲ့"

"ဘာကွ… ဒါဆိုရင် ငါနဲ့ ငါ့အဖွဲ့ကိုစော်ကားတာပဲ။ တွေ့ကြသေး တာပေါ့"

ကိုသိန်းရှုန်ဟာ ဒေါသတကြီးဖြစ်ပြီး သူ့ဆိုင်းအဖွဲ့ကို ခေါ်လိုက်ပြီး စာချိုးတဲ့ ဦးပုအိမ် ထွက်ခဲ့ကြတယ်။ ဦးပုကိုရိုက်မယ်၊ နှက်မယ်၊ သတ်မယ်

ဆိုတဲ့ သဘောပေါ့။ (ပြောရရင်၊ ကိုသိန်းရှန်တို့အဖွဲ့ မူးနေကြတာကိုး။)

အဲဒါနဲ့ သူတို့အဖွဲ့ ဦးပုအိမ်ရှေ့ ရောက်ခဲ့တယ်။

"ဦးပု- ဗျို့ … ဦးပု၊ တာစပ်တချိုးတော်တဲ့လူကြီး၊ ထွက်ခဲ့ပါဗျ"

"ထွက်ခဲ့၊ ထွက် … သတ်မယ် … ရိုက်သတ်မယ်"

"အယ့်နှယ့်ဗျာ … ဘုရားပွဲစည်အောင်လည်း လုပ်ပေးရသေး၊ ကျုပ်တို့အဖွဲ့ကို ဟိုဟာလောက် မကောင်းဘူးလို့ စာချိုးခံရသေး"

အဲသလို အုတ်ကြွပူကြတော့ ဦးပု ထွက်လာတယ်။

"ဟင် … မောင်သိန်းရှန်တို့အဖွဲ့ပါလား၊ ဘာကိစ္စ"

"ဘာကိစ္စရမှာလဲ၊ ကျုပ်တို့ဆိုင်းဝိုင်း သရုပ်ဆောင်တာကို ခင်ဗျား က … မကောင်းဘူးလို့ စာချိုးတယ်ဆို"

ကိုသိန်းရှန်က အော်ပြီးပြောတယ်။ သေးလူတွေကလည်း ရိုက်ကြနက်ကြတော့မှာပဲဆိုပြီး ဝိုင်းကြည့်နေကြတယ်။ မဆွဲရဲကြဘူး။ ကိုသိန်းရှန် အဖွဲ့က တုတ်တွေ ဓားတွေနဲ့ မူးနေတာကိုး။

အဲသလိုပြောတော့ ဦးပုက-

"ဟုတ်လား … ဦးကြီးဖုကဖြင့် အဲသလိုစာချိုးတာ မဟုတ်ပါဘူး ကွယ်။ ကြားတဲ့သူတွေ နားကြားလွဲတာ ဖြစ်မှာပါ"

"ဒါဖြင့် ခင်ဗျားကြီးက ဘယ်လိုစပ်တာလဲ"

"ဦးကြီးဖု စပ်တာက (ရပ်တိုင်းရယ်သံ … ပတ်ဝိုင်းဆောင်ကာလို့ ဆရာရှန့်အဖွဲ့ … ဘယ်ညာတီးတယ်ကွယ် … မီးတောက်ခမန်း)လို့ စပ်တာပါ"

အဲသလို ဦးပုက စာချိုးပြင်ပြီး ပြောင်းစပ်လိုက်တော့ ကိုသိန်းရှန် အဖွဲ့က ကျေနပ်သွားတယ်။

"အဲ-အဲသလိုဆိုတော့ အဘပုက တယ်တော်တာပဲ"

"ဒါဆိုရင် ကျေနပ်တယ်"

စာချိုးက စိတ်ဆိုးစရာပေါ့"

အဲသလို ပြောကြရင်းနဲ့ ပြန်သွားကြတော့-

ဦးပု ညည်းတွားရှာသတဲ့။

"ဟူး… တော်ပါသေးရဲ့၊ စာချိုးအပြင်ကောင်းလို့၊ အပြင်မကောင်းရင် ငါ့ခေါင်းကွဲမလား၊ မသာဖြစ်မလား"

အဲသလို ညည်းတဲ့အချိန် ဘေးလူတွေကတော့ တဟားဟား၊ တဝါးဝါးနဲ့ သဘောကျနေတော့တာပေါ့။

အဲဒီအဖြစ်၊ အဲဒီအချိန်ကစပြီး သဒီ ညောင်ပင်စုရွာမှာ စကားတစ်ခွန်းကျန်ခဲ့တယ်။ စကားပြောလွန်းသူတွေ၊ သူများအပြစ် ပြောတတ်သူတွေကို…

ဦးပုလို စာချိုးပြင်တတ်ပစေနော်၊ ဒို့မှမဟုတ် မသာပေါ်နေဦးမယ်တဲ့။

ကဲ-မှတ်ကရော…။



## ကြိုက်တာကိုး... အမေရဲ့

တစ်ခါက အထက်အညာအရပ်မှာ ကျည်ကုန်းဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ ဦးကြီးမောင် - ဒေါ်လှဆိုတဲ့ တောင်သူကြီးလင်မယားရှိပြီး၊ ဦးကြီးမောင်တို့မှာ မိငယ်ဆိုတဲ့ သမီးတစ်ယောက်ရှိတယ်တဲ့။ ဦးကြီးမောင်တို့လင်မယားမှာ တစ်ဦးတည်းသော သမီးပဲရှိတာမို့ မိငယ်ဆိုတဲ့ သမီးကို အလွန်ချစ်ကြတယ်။ အလွန်အလိုလိုက်ကြတယ်တဲ့လေ။

ဦးကြီးမောင်တို့ ကျည်ကုန်းရွာကြီးဟာ ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေတစ်ထောင်ကျော်ရှိတယ်။ တောင်သူဦးရေများပြီး အလုပ်သမားနည်းတဲ့ ရွာကြီးဖြစ်သတဲ့။ ဦးကြီးမောင်တို့မိသားစုက တောင်သူကြီးလူချမ်းသာဖြစ်ပြီးတော့ ဦးကြီးမောင်အပိုင် ယာတွေ၊ လယ်တွေက လက်ညှိုးထိုးမလွဲအောင်ပေါ့။ ဒီတော့ ဦးကြီးမောင်တို့အစည်က ရွာပေါ်မှာ ဟိုးလေးတကျော်နဲ့ဖြစ်နေသလို၊ တစ်ဦးတည်းသောသမီး မိငယ်ရဲ့အမည်နဲ့ မိငယ်ရဲ့ အချော၊ မိငယ်ရဲ့ အလှအပဟာလည်း ပိုပြီး ထင်ပေါ်ကျော်ကြားခဲ့တော့တာပေါ့။

မိငယ်တစ်ယောက်ရဲ့ ထင်ပေါ်ကျော်ကြားမှုဟာ ဘယ်အချိန်ထင်ပေါ်ကျော်ကြားသလဲဆိုရင် ရွာထဲက မင်္ဂလာဆောင်တွေ၊ ရှင်ပြုပွဲတွေ၊ အလှူပွဲတွေနဲ့ ဘုရားပွဲတွေ၊ ပွဲလမ်းသဘင်ရှိလို့သွားရင် မိငယ်ရဲ့အမည်က

## ကြိုက်တာကိုး... အငယ်ရဲ့

တစ်ခါက အထက်အညာအရပ်မှာ ကျည်ဆုံနိန်းဆိုတဲ့ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ ဦးကြီးမောင်-ဒေါ်လှဆိုတဲ့ တောင်သူကြီးလင်မယားရှိပြီး၊ ဦးကြီးမောင်တို့မှာ မိငယ်ဆိုတဲ့ သမီးတစ်ယောက်ရှိတယ်တဲ့။ ဦးကြီးမောင်တို့လင်မယားမှာ တစ်ဦးတည်းသော သမီးပဲရှိတာမို့ မိငယ်ဆိုတဲ့ သမီးကို အလွန်ချစ်ကြတယ်။ အလွန်အလိုလိုက်ကြတယ်တဲ့လေ။

ဦးကြီးမောင်တို့ ကျည်ကုန်းရွာကြီးဟာ ရွာကြီးတစ်ရွာဖြစ်ပြီး အိမ်ခြေတစ်ထောင်ကျော်ရှိတယ်။ တောင်သူဦးရေများပြီး အလုပ်သမားနည်းတဲ့ ရွာကြီးဖြစ်သတဲ့။ ဦးကြီးမောင်တို့မိသားစုက တောင်သူကြီးလူချမ်းသာဖြစ်ပြီးတော့ ဦးကြီးမောင်အပိုင် ယာတွေ၊ လယ်တွေက လက်ညှိုးထိုးမလွဲအုံးပေါ့။ ဒီတော့ ဦးကြီးမောင်တို့အစည်က ရွာပေါ်မှာ ဟိုးလေးတကျော်နဲ့ဖြစ်နေသလို၊ တစ်ဦးတည်းသောသမီး မိငယ်ရဲ့အမည်နဲ့ မိငယ်ရဲ့အချော၊ မိငယ်ရဲ့ အလှအပဟာလည်း ပိုပြီး ထင်ပေါ်ကျော်ကြားခဲ့တော့တာပေါ့။

မိငယ်တစ်ယောက်ရဲ့ ထင်ပေါ်ကျော်ကြားမှုဟာ ဘယ်အချိန်ထင်ပေါ်ကျော်ကြားသလဲဆိုရင် ရွာထဲက မင်္ဂလာဆောင်တွေ၊ ရှင်ပြုပွဲတွေ၊ အလှူပွဲတွေနဲ့ ဘုရားပွဲတွေ၊ ပွဲလမ်းသဘင်ရှိလို့သွားရင် မိငယ်ရဲ့အမည်က

ပိုပြီး ထင်ပေါ်တယ်။ ဘာ့ဖြစ်လို့လဲဆိုရင် အဲသလိုပွဲတွေမှာဆိုရင် မိငယ် ဝတ်စားတဲ့ ရွှေငွေကြောင့် ပိုပြီး ကျော်ကြားခဲ့တယ်။

ကြည့်လေ။

လည်ပင်းမှာ ဝတ်ထားတဲ့ ကြိုးတွေက တစ်သီကြိုး၊ တစ်ထပ်ကြိုး ပြီးတော့ အထည်ကြီးတွေ။ ကြိုးတွေအပြင် အပြားတွေ၊ ကျောက်တွေ၊ အရောင်မျိုးစုံ၊ အပြားမျိုးစုံ။ လည်ပင်းသာမကဘူး၊ လက်ကောက်တွေကို ဝတ်ထားတာကလည်း နှစ်ဖက်စလုံး၊ လက်မောင်းရင်းအထိ။ ပြီးတော့ လက်စွပ်တွေ ဝတ်ထားတာလည်း လက်ဆယ်ချောင်းအပြည့် (ဒါတောင် လက်ပွားပါရင် လက်ပွားပါ ဝတ်ချင်ဝတ်မှာ)။

အဲဒီ မိငယ်နဲ့ မိငယ်ဝတ်တဲ့ရွှေတွေကြောင့် မိငယ်ရဲ့အလှနဲ့ မိငယ်ရဲ့ အမည်က ပိုထင်ပေါ်တယ်။ တစ်ပွဲတစ်မျိုး မရိုးရအောင် ဝတ်နိုင်တယ် ဆိုကတည်းက မိငယ်တို့ ချမ်းသာတာ သိနိုင်တယ်။

အဲသလောက်အထိ ချမ်းသာတဲ့ မိငယ်တို့အိမ်မှာ တစ်ရွာကနေပြီး လူငှားလာလုပ်တဲ့ မောင်တိုးဆိုတဲ့ လူငှားရှိတယ်။ မောင်တိုးက အသက် နှစ်ဆယ်ကျော်ရှိပြီး အသားလတ်လတ်၊ မျက်လုံးမျက်ခုံး ကောင်းတယ်။ ပြောရရင် ကောင်မလေးတွေ မျက်စိထဲ တော်ဝင်ပန်းတစ်ပွင့် ဆိုသလိုပေါ့။ အဲဒီမောင်တိုးတစ်ယောက် လူငှားလုပ်နေတာ နှစ်နှစ်ကျော်ခဲ့ပြီ။ သုံးနှစ်ထဲ ဝင်နေပြီပေါ့။ ကြာတော့ ရွာထဲက ကောင်မလေးတွေကရော ကောင်လေး တွေကပါ ပြောလာကြတယ်။ ကဲ့ရဲ့လာကြတယ်။ မျက်လုံးဒေါက်ထောက် ကြည့်နေကြတဲ့ သဘောပေါ့။

"ဟဲ့…ကောင်မ၊ ညည်းနဲ့ မောင်တိုးက ဘာလိုလိုဆို"

"ဟဲ့…မိငယ်၊ မောင်တိုးက ညည်းကို ကြိုက်နေတဲ့ပုံအေ့"

"မောင်တိုးက စိတ်ဝင်စားနေတယ်ဆို"

"ညည်းက မဆွတ်ခင် ညွတ်ချင်တာမဟုတ်လား"

"ညွတ်ရုံ ညွတ်အေ့… အမြစ်ရော ပင်စည်ရော လဲကျမသွားစေနဲ့ အေ့…"

ကောင်မလေးတွေက အဲသလို ပြောကြတော့ မိငယ်က ပြုံးတယ်။ ရယ်တယ်။ (တိတ်တိတ်နေ ဝန်ခံခြင်းတဲ့။ အခုတော့ ပြုံးခြင်း၊ ရယ်ခြင်းက ဝန်ခံခြင်းလို့ပဲ ပြောရမလား)။

မိငယ်ကတော့ ဘာမှပြန်မပြောဘူးတဲ့။ ဟုတ်တယ်၊ မဟုတ်ဘူး ဝန်မခံတဲ့အတွက် ကောင်မလေးတွေရော ကောင်လေးတွေကပါ အပြောရခက် အခံရခက်နဲ့ ဖြစ်နေတော့တာပေါ့။ အကဲခတ်ရခက်အောင် မိငယ်တို့ ကနေတဲ့ သဘောပါပဲ။

ကောင်လေးတွေကတော့ မနာလိုကြဘူးပေါ့။

တချို့က မိငယ်ကို ကြိုက်နေကြတယ်၊ ချစ်နေကြတယ်။ လိုချင်ကြတယ်ကိုး။ ဒီတော့ အူနုခြသေ့ကိုက် ဖြစ်နေကြတော့တာပေါ့။ မောင်တိုး အပေါ်လည်း မကျေနပ်၊ မိငယ်အပေါ်လည်း မကျေနပ်၊ သဝန်တိုပေါ့။

အဲသလိုနဲ့ လေးနှစ်အကြာမှာတော့ မောင်တိုးနဲ့မိငယ်တို့ သရုပ်က ကောင်းကင်မှာ လမင်းသာသလို ထင်ထင်ရှားရှား ဖြစ်ခဲ့ပြီ။ ဟုတ်တယ် လေ၊ သူတို့နှစ်ဦး ချစ်သူတွေ ဖြစ်သွားကြပြီပေါ့။

အိုးချင်းထား အိုးချင်းကွဲ (အဲ-အိုးချင်းထိ)၊ ကြိုးချင်းထားကြိုးချင်း ရှုပ်တဲ့ လူငယ်တွေရဲ့ သဘာဝအရ ချစ်သူတွေဖြစ်ပြီလို့ ကြားတော့ အပေါင်းအသင်းတွေ သိကြတယ်။ မိငယ်ရဲ့ဆွေမျိုးတွေ သိသွားကြတယ်။

နောက်တော့ မိငယ်ရဲ့ မိဘတွေ သိသွားကြတော့ ဒေါသဖြစ်တာ ပေါ့။

"တောက်… မိငယ်၊ ဒီလာစမ်း"

"ဟုတ်… လာပြီအမေ"

"နင်မှန်မှန်ပြော၊ မောင်တိုးနဲ့ ချစ်နေပြီဆို"

မိငယ်က မပြောဘူးပေါ့။ နောက်တော့ မိခင်ဖြစ်သူက ချော့မော့ မေးတော့…

"ဟုတ်တယ်လေ…သမီးနဲ့ ကိုတိုးတို့ချစ်နေပြီ။ တိတိကျကျပြော ရရင် ရှစ်လကျော်ပြီ။ ချိန်းတွေ့တာ ညပေါင်း နှစ်ရာကျော်ပြီ။ ဒါတောင်

တောထဲတွေ့ကြတဲ့ အကြိမ်မပါဘူး''

''ဘာ…''

မိခင်ဖြစ်သူကို မိငယ်က သို့ကလိုပြောတော့ မိခင်ဖြစ်သူက ဖခင်ယောက်ျားသားကို အမှန်အတိုင်း ပြောရတော့တာပေါ့။

''ဟုတ်လား၊ မှန်မှန်ပြော''

ဖခင်ဖြစ်သူက ဒေါသတကြီး မေးတယ်။

''ဟုတ်ပါတယ် အဖေ''

''အေး… ဟုတ်ရင်လည်း နောက်ဆုတ်၊ မဟုတ်ရင်လည်း ရှေ့မဆက်နဲ့ ဒီကောင်လူငှားနဲ့ အဖေလုံးဝ သဘောမတူဘူး''

အဲဒီအခါမှာတော့ မိငယ်က ပြောတယ်။

''ချစ်တာကိုး အဖေရဲ့၊ သမီးမပြတ်နိုင်ဘူး''

အဲဒီရက်မှာပဲ ဖခင်ဖြစ်သူကရော မိခင်ဖြစ်သူကပါ မိငယ်ကို ရိုက်ကြတယ်။ ဆွေမျိုးတွေကပါလာပြီး ဗျက်ကြ ဆိုးကြပေမယ့် မိငယ်က အားမလျော့ဘူး။ မောင်တိုးနဲ့ ပြတ်ပါ့မယ်လို့ မပြောဘူး''

မိငယ် ပြောစကားက-

''ချစ်တာကိုး အဖေရဲ့…''

အဲဒီစကားချည်းပဲ ပြောခဲ့သတဲ့။ နောက်တော့ ရွာကပါ ရပ်ကွက်ပါနဲ့ ဝိုင်းသိုင်းပြောကြ၊ ဖျက်ကြ၊ တားဆီးကြပေမယ့် (ချစ်တာကိုး) ဆိုတဲ့ စကားပဲ ပြောပြောနေတဲ့အတွက် ပယောဂဝင်သလိုလို၊ နတ်ပူးသလိုလိုနဲ့ နတ်ချွတ်ဖို့၊ အစွဲချွတ်ဖို့တောင် ကြံနေကြသတဲ့။

နောက်ပိုင်း မောင်တိုးကို အလုပ်က ထုတ်လိုက်တယ်။ မောင်တိုးကလည်း အလုပ်ကထွက်သွားပြီးတဲ့နောက် နှစ်လအကြာမှာတော့ မိငယ်က မောင်တိုးနောက် အပြီးလိုက်သွားပြီး မောင်တိုးတို့ရွာမှာပဲ ပေါင်းသင်းနေထိုင်ခဲ့သတဲ့။

အဲ… မိငယ်ရဲ့မိဘတွေ၊ ဆွေမျိုးတွေနဲ့ မိငယ်ကို ကြိုက်နေတဲ့ ကာလသားတွေကတော့ အံတကြိတ်ကြိတ်နဲ့ပေါ့။ (ကြမ်းကျွဲရင်သာနတ်

ရတာ၊ စကားကျွံရင်နှုတ်မရ ဆိုသလို) အားလုံး လွှန်ခဲ့ကျွံခဲ့ပြီဆိုတော့ ဘာမှ မတတ်သာဘူးပေါ့။ ဒါပေမယ့် မိငယ်ကို ပြန်မခေါ်ဘူး။ ဒင်းတိုက်နဲ့ ဒင်းကံ ဆိုပြီး ပြစ်ပယ်ခဲ့တာပေါ့။

ဒါနဲ့ မိငယ်သားတစ်ယောက် မွေးတယ်။ နောက်သမီးတစ်ယောက် မွေးတယ်။ နောက်ထပ် ကိုယ်ဝန်အရမှာတော့-

"အမလေးကိုတိုးရယ်... ဒီကချစ်ပါတယ်ဆိုတဲ့ မိငယ်ကို ပြစ်ရက်တယ်နော်"

တတိယကိုယ်ဝန်အရမှာတော့ မောင်တိုးဟာ သူ့အိမ်နားက ကောင်မလေးတစ်ယောက်နဲ့ ထွက်ပြေးသွားပြန်တယ်။ အဲဒီတော့ မိငယ်ခမျာ ပင့်ကူမြေလူး ရှုးမတတ် ခံစားနေရတော့တာပေါ့။ တစ်ရွာမှ ကလေးနှစ်ယောက်နဲ့တစ်ဗိုက်ရှိတဲ့ သမီးမိုက်ကို နောက်ဆုံးမှာတော့ မိဘတွေက ပြန်ခေါ်ခဲ့တယ်။ မိငယ်အိမ်ကို ပြန်ရောက်လာတော့-

ဖခင်ဖြစ်သူက

"ချစ်ဦးလေ ချစ်ဦး... နင်ချစ်တဲ့ဟိုကောင်က အသစ်တွေ့လို့ ခေါ်ပြေးပြီ။ နင့်ကို ချိုပြီမတော့ဘူးလား"

အဲသလိုပြောတော့ မိငယ်က ပြန်ပြောတယ်။ မိငယ့်စကားကြောင့် မိခင်ဖြစ်သူအပါအဝင် ဘေးလူတွေ ဆွေမျိုးတွေ ငိုရခက် ရယ်ရခက် (ပြုံးအခက်မှုံအခက်) ဖြစ်သွားသတဲ့။

မိငယ်စကားက-

"ကိုတိုးက ဟိုအငယ်ကောင်ကို ချစ်လို့နေမှာကိုး အမေရဲ့"

အဲဒီစကားကြောင့် အဲဒီရွာမှာ စကားကျန်ရစ်ခဲ့တယ်။ မိဘသဘော မရှူဘဲ လိုက်ပြေးတဲ့သူ၊ လင်ကြီး မယားငယ်နဲ့ ပြေးသွားလို့ ကျန်ရစ်တဲ့ သူတွေရင်...

"ချစ်တာကိုး အမေရဲ့" ဆိုတဲ့စကားနဲ့ ပြောင်ကြ နောက်ကြသတဲ့။ မှတ်ကရော... ၊ ကဲ... ။

# တော်စမ်းပါကွာ ခွေးသာဆိုရင်

တစ်ခါက ရွာတစ်ရွာမှာ ကိုအေးမောင်ဆိုတဲ့ လူရှိတယ်။ ကိုအေးမောင်ဟာ ရွာနယ်မှာတော့ အရက်သမားတစ်ဦးဖြစ်တာမို့ အော့ကြောလန့်၊ လက်လန့်ခဲ့တဲ့ လူတစ်ဦးပေါ့။ ကိုအေးမောင်မူးလာပြီဆိုရင် တစ်ရွာလုံးက ကြောက်နေကြရသလို ပိုပြီးကြောက်ရတာက အိမ်နားနီးချင်းတွေပေါ့။ အဲဒီအိမ်နားနီးချင်းတွေခမျာ ညနေအလုပ်ချိန်ရောက်မှာ၊ အဲဒီအလုပ်ချိန်မှာ ကိုအေးမောင် မူးလာမှာကို သိပ်ပြီး စိုးရိမ်နေကြရတဲ့ လူတွေပဲပေါ့။

တကယ်တော့ အဲဒီ ကိုအေးမောင်ရဲ့အိမ်ဟာ တောင်ပိုင်းမှာရှိပြီး မိခင်မုဆိုးမကြီးနဲ့ နေရသတဲ့။ ညီအစ်ကိုမောင်နှမတွေရှိပေမယ့် အစ်ကိုက သူ့အိမ်ထောင်နဲ့သူ၊ သူ့အစ်မနဲ့ညီမတွေကလည်း သူ့အိမ်ထောင်နဲ့သူဆိုတော့ အိမ်ထောင်ခွဲတွေ စီးပွားရှဲတွေဖြစ်တော့ မိခင်ကြီးနဲ့ အတူတူမနေကြတော့ဘူးပေါ့။ အတူတူနေရတာက လူပျိုကြီးပါပဲ။

ကိုအေးမောင်က အသက်သုံးဆယ်ရောက်နေပြီ။ အသောက်အစား မလျှော့ဘူး။

"ဟောကောင် … မင်းအသောက်အစားလျှော့တော့၊ ငယ်တော့တဲ့ အရွယ်လည်း မဟုတ်ဘူး။ မကြာခင် အိမ်ထောင်ပြုရတော့မှာ"

"မင်းကို ဘယ်သူက ကြိုက်မှာလဲ၊ ဒီလောက်သောက်နေတဲ့ဥစ္စာ"

"ဟုတ်ပါ့အစ်ကိုအေးရယ်၊ အသောက်အစားလျှော့ပါနော်၊ အမေက ရှိသေးတာဆိုတော့…"

"အစ်ကိုမှုးလာရင် အမေလည်း စိတ်ဆင်းရဲရတယ်၊ ပတ်ဝန်းကျင်လည်း စိတ်ညစ်တယ်ဆိုတော့ မကောင်းတာပေါ့"

အဲသလိုပါပဲ။ အစ်ကိုဖြစ်သူနဲ့ အစ်မဖြစ်သူတွေ ညီမဖြစ်သူတွေက လာပြီး ပြောကြတယ်။ ပြောတယ်ဆိုတာ မမူးတုန်းပြောကြတာ၊ ပြောရဲတာကိုး။ ညီအစ်ကိုမောင်နှမတွေရဲ့ပြောစကားကို မမူးခင်မို့ ခေါင်းညိတ်ပြီး နားထောင်ခဲ့တဲ့ကိုအေးမောင်ဟာ ဘာအပြစ်မှ မကျူးလွန်သလို နေခဲ့တယ်။

ဒါပေမယ့် နှစ်လအကြာမှာတော့ ကိုအေးမောင် ပြောင်းလဲသွားတယ်။ အပြောင်းလဲကြီးမဟုတ်တောင်မှ အနည်းအကျဉ်း ဆိုသလိုပါပဲ။ အရင်က တစ်နေ့ကို အရက်တစ်လုံးပုံမှန်သောက်ရင် အခုတော့ တစ်ပိုင်းပဲ သောက်ခဲ့တယ်။ ဝိုင်းဖွဲ့ပြီးမသောက်တော့ဘူး။ ပြီးတော့ ရပ်ထဲရွာထဲမှာ မူးပြီး မသောင်းကျန်းတော့ဘူး။ ရွာကျော်ရပ်ကျော် ဆဲဆိုခြင်း မရှိတော့ဘူး။ (အရင်က လမ်းဘေးဝပ်နေတဲ့ ခွေးကိုတောင် ချမ်းသာပေးဟာ မဟုတ်ဘဲ။)

ဘာပြုလို့ ကိုအေးမောင် ပြောင်းလဲသွားတာလဲ။

ပြောင်းလဲသွားရသလဲ။

ဘာကြောင့်လည်းဆိုရင် အကြောင်းရှိတယ်။ ကိုအေးမောင်မှာ ချစ်သူရှိနေပြီလေ။

အဲမည်က အေးမြိုင်တဲ့။

ကိုအေးမောင်ချစ်သူက မအေးမြိုင်။

မအေးမြိုင်က ကိုအေးမောင်တို့ရွာက မဟုတ်ဘူး။ ကိုအေးမောင်တို့ရွာနဲ့ လေးမိုင်ဝေးတဲ့ ရွာက။ ကိုအေးမောင်နဲ့မအေးမြိုင်တို့ တွေ့တာက ဆန်းတယ်။ မအေးမြိုင်တို့ရွာမှာ ပွဲရှိတယ်။ ပွဲကအလှူပွဲ။ ကြည့်ချင်ပွဲဆိုတော့ ကိုအေးမောင် ပွဲကြည့်သွားခဲ့တာကိုး။

အဲဒီမှာ ပွဲဈေးရောင်းတဲ့မအေးမြိုင်နဲ့ ကိုအေးမောင်တို့ တွေ့ခဲ့တယ်။

ကိုအေးမောင်က အရက်ကြိုက်ကွမ်းကြိုက်တဲ့လူ။ ပွဲကြည့်ရင်းနဲ့ ကွမ်းဝါး သွားခဲ့တဲ့ ကိုအေးမောင်ဟာ မအေးမြိုင်ရဲ့ညှို့မျက်လုံး (ကြွာမျက်လုံး) နဲ့ရင်ဆိုင်ခဲ့ရပြီး ပွဲပထမညမှာပဲ ချစ်သူတွေ ဖြစ်သွားတယ်။ ပြီးတော့ အဲဒီနေ့မှာပဲ ရွာကိုမပြန်တော့ဘဲ ဒုတိယညမှာ ဆက်ကြည့်တော့ ပိုပြီး သံယောဇဉ် တွယ်ခဲ့တော့တာပေါ့။

ချစ်သူတွေ ဖြစ်သွားပြီဆိုတော့ မအေးမြိုင်က ကိုအေးမောင်အရက် သောက်တာကို သိတယ်။ ဒါကြောင့် ပြောတယ်။

"ကိုအေးမောင်ရယ်.... တော်နဲ့ကျုပ်က မဆိုင်မပိုင်သေးပေမယ့် ချစ်သူတွေဖြစ်တဲ့အနေနဲ့ ပြောရဦးမှာပေါ့"

"ပြော"

"တော်...အရက်သောက်လျှော့ပါတော်။ တော်နဲ့ကျုပ် လက်ထပ်ပြီး ရင် တော်ကအရက်သောက်၊ အရက်သမားဖြစ်ရင်အခက်၊ ရင်ကျိုးရမှာက ကျုပ်"

"စိတ်ချ"

အဲဒီကတည်းက ကိုအေးမောင်ဟာ အရက်ကို တုံးတိမဖြတ်ဘဲ တဖြည်းဖြည်းချင်း မှုဦးဖြတ်တဲ့သဘော။ ဒါကြောင့်လည်း အရင်က တစ်နေ့ ကုန်သောက်တဲ့ ကိုအေးမောင်။ မနက်ခင်း မသောက်တော့ဘူးတဲ့။ ညနေ ခင်းတောင်မှ ရေချိန်ကိုက်လောက်ရုံမဲ့ သောက်တော့တာပေါ့။ (ဩော်... ယောကျ်ားသားများ မိဘဆွေမျိုးကပြောရင် နားထောင်ချင်မှထောင်မှာ။ ချစ်သူကပြောခဲ့ပြီဆိုတော့ နားထောင်ခဲ့ရပြီပေါ့လေ။)

နောက်တော့ ကိုအေးမောင်နဲ့မအေးမြိုင်တို့ ချစ်သူဘဝရောက်သွား ပြီးတဲ့နောက် အိမ်ထောင်ကျသွားရင်တော့ လိမ်မာတဲ့သူ ဖြစ်မှာပါ။ ပြုပြင် သွားမှာပါ။ အရက်ပြတ်သွားမှာပါဆိုပြီး မိခင်ကြီးရော ညီအစ်ကိုမောင်နှမ တွေကပါ ကြိုတင်ပြီး ဝမ်းသာနေကြတော့တာပေါ့။

ကိုအေးမောင်ကတော့ အရက်သောက်မယ့် အချိန်ထက် မအေးမြိုင် ဆီသွားတွေ့ဖို့အချိန်ကိုပဲ ဦးစားပေးခဲ့သလို အရက်ခွက်ကို ကြည့်ချင်တဲ့

သနှထက် ချစ်သူမအေးမြိုင်ရဲ့ မျက်နှာကိုပဲမြင်ဖို့ အာရုံစိုက်ခဲ့တော့တာပေါ့။

နောက်တော့ မကြာပါဘူး။ ကိုအေးမောင်ဟာ မအေးမြိုင်ရွာကို သွားခဲ့တယ်။ မအေးမြိုင်ကိုခိုးခဲ့ပြီး ရွာကိုပြန်ခဲ့တယ်။ ပြန်ခဲ့တဲ့ညမှာပဲ လူကြီးတွေအိမ်သွားပြီး တရားဝင်ဖြစ်အောင် လက်ထပ်စာချုပ်ရေးထိုးခဲ့တယ်။ (မှတ်ချက်။ ။လက်မှတ်ရေးထိုးခမပေးရပါ။ တောင်းရင်လည်း ပေးမည် မဟုတ်ပါ။)

နောက်ရက်…

ကိုအေးမောင်က သူမိန်းမရလာကြောင်း အပေါင်းအသင်းတွေကို ကြွားတော့တာပေါ့။

"ကျုပ်မိန်းမ လာကြည့်စမ်းပါ။ တစ်ချိန်တုန်းက နာမည်ကြီးတဲ့ အကယ်ဒမီ ဒေစီကျော်ဝင်းလိုလို"

"ဟင်…"

"အကယ်ဒမီခင်သန်းနုလိုလို"

"ဒေါ်မြင့်မြင့်ခိုင်မျက်နှာလိုလို"

"ဟာ…"

"အကယ်ဒမီမိုးမိုးမြင့်အောင်လိုလို၊ အကယ်ဒမီခင်စိုးပိုင်လိုလို"

"များလှချည်လားဟ"

"ဟုတ်ပါ့ကွာ"

"ဒါ-ကြွားတာပဲကွ"

"ဟုတ်တယ်၊ ကြွားတာ"

ကိုအေးမောင် သူငယ်ချင်းတွေက မမြင်ရသေးတဲ့ ကိုအေးမောင်ရဲ့ ဇနီးအသစ်စက်စက် မအေးမြိုင်ကို မမြင်ရ၊ မကြည့်ရသေးတော့ မယုံဘူး ပေါ့။ အဲ-ကိုအေးမောင်ကတော့ တစ်အိမ်တက်ဆင်း တစ်လမ်းဝင်တစ်လမ်း ထွက်နဲ့ မအေးမြိုင်ချောကြောင်း၊ လှကြောင်း ပြောရင်း အိမ်ပြန်သွားတော့ တယ်။ (ကိုအေးမောင်ကတော့ အရှုံးအမဲသား စားမိသလိုပါပဲကွယ်။)

အဲဒါနဲ့ ရွာထဲက လူငယ်တွေ၊ အပျိုးသမီးတွေက ကိုအေးမောင်

အိမ် အဖွဲ့လိုက်လာကြပြီး မအေးမြိုင် ချောမချော၊ အပြောနဲ့ ညီမညီလာကြည့်ကြတာပေါ့။ ကိုအေးမောင်က ရေချိုးပြီးစ မအေးမြိုင်အတွက် သနပ်ခါးသွေးပေးနေတော့တာပေါ့။ ထမီရင်လျားနဲ့ မအေးမြိုင် ထွက်လာတယ်။

ရွာထဲကလူငယ်တွေ မိန်းကလေးတွေဟာ မအေးမြိုင်ကို စိုက်ကြည့်နေကြတယ်။

အဲဒီအချိန် ရွတ်နောက်နောက်နဲ့ ခပ်တည်တည်ပြောတတ်တဲ့ ကိုသောင်းစိန် ပြောလိုက်တဲ့ စကားကြောင့် ကိုအေးမောင် ဒေါသဖြစ်သွားပြီး တောက်ခေါက်သံပြုတယ်။ မအေးမြိုင် မျက်လုံးပြူးသွားပြီး အခန်းထဲဝင်ပြေးတယ်။ အခြားသူတွေ ဟားတိုက်ရယ်ကြတယ်တဲ့။

ကိုသောင်းစိန် စကားက-

"အေးမောင်ရာ… မင်းမိန်းမက ချောတော့ ချောပါရဲ့။ ဒါပေမဲ့ နှုတ်ခမ်းမည်းနဲ့ကွ။ ခွေးသာဆိုရင် ဘယ်လောက်ခိုးစားတတ်မှန်းမသိဘူး"

အဲဒီစကားကြောင့် အဲဒီရွာမှာ ကိုသောင်းစိန်စကားကြောင့် စကားတစ်ခွန်း ကျန်ရစ်တယ်။

ဘာတဲ့… အဲဒီစကားက-

မိန်းမယူရင် ကြည့်ယူတဲ့။ နှုတ်ခမ်းမမည်းစေနဲ့တဲ့။


SOE SAN
2011

## ကြောက်တယ်

တစ်ခါက ချင်းတွင်းမြစ်နဲ့ နှစ်မိုင်ခန့်ဝေးတဲ့နေရာမှာ သရက်တော ဆိုတဲ့ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ ကိုထွန်းလှိုင်-မအေးမြင့် ဆိုတဲ့ လင်မယားရှိတယ်။ အဲဒီ ကိုထွန်းလှိုင်တို့မှာ တစ်ဆယ့်နှစ်နှစ်သားအရွယ် မောင်ချမ်းဆိုတဲ့ သားလေးတစ်ယောက်ရှိသတဲ့။ မောင်ချမ်းဟာ ကိုထွန်းလှိုင် တို့ မအေးမြင့်တို့ရဲ့ တစ်ဦးတည်းသော သားဖြစ်တာမို့ မအေးမြင့်ကတော့ အဲဒီ တစ်ဦးတည်းသောသားကို မျှော်မလောက်ချစ်လွန်းလို့ မကရားအလို လိုက်ခဲ့သတဲ့။

အဲ- ဇနီးဖြစ်သူ မအေးမြင့် အလိုလိုက်သလောက် ကိုထွန်းလှိုင် ကတော့ သားဖြစ်သူကို အလိုသိပ်မလိုက်ဘူး။ လိုက်သင့်သလောက်ပဲ လိုက်ပြီး လိုတာထက် ပိုပြီး မလိုက်ဘူးပေါ့။

ကိုထွန်းလှိုင်က အလိုလိုက်လွန်းတဲ့ မယားမအေးမြင့်ကို ပြောတယ်။ "ဒီမယ်အေးမြင့်... ကလေးဆိုတာ အလိုလိုက်ရင် လိုက်မှန်းသိသိ ကမ်း တက်တတ်ကြတယ်။ ဆိုးတတ်ကြတယ်။ ချစ်မှန်း အလိုလိုက်မှန်းသိတာ ကိုး။ သိပ်အလိုမလိုက်နဲ့၊ လိုက်သင့်တဲ့အချက်တော့ အလိုလိုက်ပေါ့။ လိုတာထက်ပိုရင် ပိုဆိုးတတ်တယ်။ စကားပုံတောင် ရှိသားပဲ။ သားသမီး ကိုချစ်ရင် အိပ်နေတုန်း နမ်းပါတဲ့... သိလား"

## ကြောက်တယ်

တစ်ခါက ချင်းတွင်းမြစ်နဲ့ နှစ်မိုင်ခန့်ဝေးတဲ့နေရာမှာ သရက်တော ဆိုတဲ့ ရွာတစ်ရွာရှိတယ်။ အဲဒီရွာမှာ ကိုထွန်းလှိုင်-မအေးမြင့် ဆိုတဲ့ လင်မယားရှိတယ်။ အဲဒီ ကိုထွန်းလှိုင်တို့မှာ တစ်ဆယ့်နှစ်နှစ်သားအရွယ် မောင်ချမ်းဆိုတဲ့ သားလေးတစ်ယောက်ရှိသတဲ့။ မောင်ချမ်းဟာ ကိုထွန်းလှိုင် တို့ မအေးမြင့်တို့ရဲ့ တစ်ဦးတည်းသော သားဖြစ်တာမို့ မအေးမြင့်ကတော့ အဲဒီ တစ်ဦးတည်းသောသားကို မျိုမလောက်ချစ်လွန်းလို့ မကရားအလို လိုက်ခဲ့သတဲ့။

အဲ- ဧနီးဖြစ်သူ မအေးမြင့် အလိုလိုက်သလောက် ကိုထွန်းလှိုင် ကတော့ သားဖြစ်သူကို အလိုသိပ်မလိုက်ဘူး။ လိုက်သင့်သလောက်ပဲ လိုက်ပြီး လိုတာထက် ပိုပြီး မလိုက်ဘူးပေါ့။

ကိုထွန်းလှိုင်က အလိုလိုက်လွန်းတဲ့ မယားမအေးမြင့်ကို ပြောတယ်။ ""ဒီမယ်အေးမြင့်... ကလေးဆိုတာ အလိုလိုက်ရင် လိုက်မှန်းသိသိ ကမ်း တက်တတ်ကြတယ်။ ဆိုးတတ်ကြတယ်။ ချစ်မှန်း အလိုလိုက်မှန်းသိတာ ကိုး။ သိပ်အလိုမလိုက်နဲ့၊ လိုက်သင့်တဲ့အလျောက်တော့ အလိုလိုက်ပေါ့။ လိုတာထက်ပိုရင် ပိုဆိုးတတ်တယ်။ စကားပုံလည်း ရှိသားပဲ။ သားသမီး ကိုချစ်ရင် အိပ်နေတုန်း နမ်းပါတဲ့... သိလား""

မအေးမြင့်ကိုပြောတော့ မအေးမြင့်က ပြန်ပြောတယ်။

"ကျုပ်တို့မှာ ဒီသားတစ်ယောက်ပဲ ချစ်စရာရှိတာ။ များများ ချစ်စရာရအောင် များများမွေးဖို့ တော်ကြိုးစားပေါ့"

"ဟာ.. ငါက အကောင်းပြောတာ ထတီးလိုက်ရ"

"တီးလေ... တီးပါ။ အဲသလိုအတီးခံချင်လို့ ပြောနေတာ။ နားရင်းကိုအတီးခံချင်လို့ ပြောတာနော် "

" ကွာ...တော်က်၊ မန်းလေကဲလေ ပြောရှလ ပြဲလေ၊ အဲလေ-ပြောလေကဲလေ် မန်းလေပြဲလေ တောက်..."

အဲသလိုပါပဲ။ သားဖြစ်သူ ဖိုးချမ်းအတွက်နဲ့ အမြဲပဲ ရန်ဖြစ်ကြရသတဲ့။ အဲ- နေ့ရန်ဖြစ်ကြပြီး ရိုက်ကြ နက်ကြပြီဆိုရင် နေဝင်တဲ့အထိ စကားမပြောဘူး။ (ညကျတော့ ပြောလို့ရပါရဲ့လေ။)

ပြောရမယ်ဆိုရင် ကိုထွန်းလှိုင်က အသောက်အစား မကင်းဘူး၊ မကင်းဆိုရင် ကိုထွန်းလှိုင်ဟာ ညနေခင်းမှာ အရက်တစ်ပိုင်းနှန်း သောက်တတ်တယ်။ သူသောက်ရင် ဘယ်တော့ဖြစ်ဖြစ် အရက်ဆိုင်မှာ မသောက်ဘူး။

အရက်တစ်ပိုင်းဝယ် ပုလင်းခါးထိုးပြီး ပြန်လာပြီး အိမ်ကျမှပဲ သောက်တတ်တယ်။ အချို့ဆိုရင် ကိုထွန်းလှိုင်သောက်မှန်းတောင် မသိရဘူး။ (ခွက်ပုန်းသမားဆိုတော့ ဣန္ဒြေသိက္ခာ ရှိတာပေ့ါ။ ဟန်ဆောင်ကောင်းတယ်လို့ ပြောရတော့မှာပေါ့လေ။)

အဲ... ကိုထွန်းလှိုင်က အရက်ကို မသိမသာ သောက်နေပေမယ့် ကံတော့ ကောင်းတယ်။ ကံကောင်းတယ်ဆိုတာ သူ့ဆွေမျိုးအုပ်စု၊ သူ့ညီကိုမောင်နှမတစ်တွေဟာ ကိုထွန်းလှိုင်ကို လွန်ဆန်လို့ မရဘူး။ ကိုထွန်းလှိုင် ဩဇာညောင်းမှုအောက်မှာ နေကြရတယ်။

ဟုတ်တယ်။ ကိုထွန်းလှိုင်က ပြောရင် ပြတ်တယ်။ လုပ်ရင် ရှင်းတယ်။ စနေသားဆိုတော့ ဒေါသလည်း ကြီးတယ်။ မထင်ရင် မထင်သလို ပြောတယ်။ ပြောမရရင် တွေ့တဲ့တုတ်နဲ့ ရိုက်တတ်တယ်။ ဒီတော့ ကိုထွန်း

လှိုင်ပါးစပ်၊ ကိုထွန်းလှိုင်လက်ကို ကြောက်ကြတယ်။

ချွေမျိုးအုပ်စုကလည်း အကြီးကျယ်ဆုံး အမွေကိစ္စကအစ၊ အသေးမွှားဆုံး ရန်ဖြစ်တဲ့ကိစ္စကအစ၊ ကိုထွန်းလှိုင်ကို တိုင်ပြောကြတယ်။ ကိုထွန်းလှိုင်ကလည်း ရှင်းပေးရတာချည်းပဲပေါ့။

အဲဒီလောက်အထိ ဩဇာအာဏာရှိတဲ့ ကိုထွန်းလှိုင်ပါပဲ။ (သူများတွေလို မနက်မလင်း ညနေမိုးချုပ်တဲ့အထိ အရက်သောက်နေရင် ဗိုပြီးကြောက်ကြမလား မသိဘူးပေါ့။)

အဲ… တစ်ရက်မှာတော့ သားဖြစ်သူ ကျောင်းကပြန်လာတယ်။ သားဖြစ်သူ မောင်ချမ်းက-

"အမေ ဘာဟင်းချက်သလဲ"

"ငါးပိချက်၊ ပဲပြုတ်"

"ဒါပဲလား"

"ဒါပဲပေါ့ လူလေးရဲ့။ ဒါ ဟင်းတွေမဟုတ်လား၊ နေဦး- မင်းဖို့ သီးခြားချက်ထားတဲ့ ဘဲဥဟင်းရှိတယ်"

အဲသလိုပြောတော့ သားဖြစ်သူက မစားချင်ဘူး။ အမဲသားချက်ပါမှဆိုပြီး ငိုတော့တာပေါ့။

"မစားဘူး၊ မစားဘူး၊ အမဲသားချက်ပါမှ…ဝယ်ချက်ပေး"

ပြောရင်းနဲ့ ခုနစ်တန်းကျောင်းသားက ငိုတော့တာပေါ့။

မိခင်ဖြစ်သူက-

"စားပါသားရဲ၊ စား-စား၊ ကျောင်းမုန့်ဖိုး တစ်ရာပေးမယ်"

အဲသလို ချော့လည်းမရဘူး၊ သားဖြစ်သူကငိုရင်းနဲ့ ပန်းကန်နှစ်လုံး အစ်သုံးလုံးကို လွှင့်ပစ်တယ်။ မိခင်ဖြစ်သူကိုလည်း ဆဲတယ်။ အဲဒီအချိန် ကိုထွန်းလှိုင် ပြန်လာတော့-

"ဟေ့ကောင်… မင်းဆိုးနေတာ ငါ အားလုံးသိတယ်။ လာခဲ့"

ပြောရင်းနဲ့ အနီးရှိ တုတ်(ဒုတ်)တစ်ချောင်း ဆွဲယူတယ်။ ဖခင်ကို ကြောက်တဲ့သားဖြစ်သူက လက်ပိုက်တယ်။ ငိုနေတာ ရပ်သွားတယ်။

မိခင်ဖြစ်သူကတော့ အချစ်ဆုံးသားကို အချစ်ရဆုံး ယောက်ျား က အတင်းရိုက်တော့မှာပဲဆိုပြီး ရင်တထိတ်ထိတ်ပေါ့။

"ကဲ… နောက် ရှိတာနဲ့စားမလား၊ မစားဘူးလား…"

"… … … …"

သားဖြစ်သူက မဖြေဘူး။

"ပြော… နောက် ဟိုဟာပစ် ဒီဟာခွဲ၊ အမေ့ကိုပါ ဆဲဦးမလား"

"… … … …"

သားက ပြန်မဖြေဘူး။ ဒီတော့ ကိုထွန်းလှိုင်ခမျာ ပိုပြီးဒေါသဖြစ် သွားတော့တာပေါ့။

"ပြောလေကွာ မေးနေတယ်လေ၊ ဟောကောင်…"

"… … … …"

"တယ်… ငါရိုက်လိုက်ရ၊ ကျောင်းမလိုက်နိုင်ဘဲ နေရောမယ်။ ဒီမယ်ဟောကောင်… ဒီတုတ်(ဒုတ်)ကို ကြောက်လား"

ကိုထွန်းလှိုင်က လက်ထဲကတုတ်(ဒုတ်)ကို မြှောက်ပြလိုက်တော့

"မကြောက်ဘူး"

"ဘာကွ…"

သားဖြစ်သူအဖြေကြောင့် ကိုထွန်းလှိုင် ပိုပြီး ဒေါသဖြစ်သွားပြီး ရိုက်မယ်လို့ ဟန်ပြင်တော့ သားဖြစ်သူက…

"ဟုတ်တယ်၊ တုတ်က သူ့ဟာသူနေတာ။ သားကြောက်တာက အဖေ့လက်ကို ကြောက်တာ"

"ဟင်…"

"ဟုတ်တယ်။ လက်က သူ့အလိုလိုမနေဘူး၊ စိတ်တိုရင် လက်က တုတ်ပဲဆွဲပြီး ရိုက်တာ။ လက်လွှပ်လို့ တုတ်လှုပ်တာ။ သားကြောက်တာက အဖေ့လက်ကို ကြောက်တာ"

သားဖြစ်သူစကားကြောင့် ကိုထွန်းလှိုင်မှာ ပါးစပ်အဟောင်းသား ဖြစ်နေပြီး လက်ထဲကတုတ်ကို တစ်လှည့်၊ တုတ်ကိုင်ထားတဲ့လက်ကို

တစ်လှည့် ကြည့်ရင်းနဲ့ပေါ့။

ဇနီးဖြစ်သူကတော့ သူ့အချစ်တော် သားဖြစ်သူကို အရိုက်မခံရတော့ဘူးဆိုတာသိတော့ ပြုံးလို့ပေါ့။

အဲဒီရွာမှာ သားဖြစ်သူမောင်ချမ်း စကားကြောင့် စကားတစ်ခွန်း တင်ကျန်ရစ်တယ်တဲ့။

အဲဒါ ဘာလဲဆိုရင်...

“တုတ်မကြောက်ဘူး၊ လက်ကိုကြောက်တဲ့ကလေးတွေ” လို့လေ။

## အမေမလာခင်နိုင်းထား

တစ်ခါက အထက်အညာမှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ ကိုကျက်တောနဲ့ မကျင်ယုံဆိုတဲ့ လင်မယားရှိသတဲ့။ ကိုကျက်တောက လူရိုးလူအေး ဖြစ်တယ်။ အသောက်အစား ကင်းတယ်။ အရက် ထန်းရည် မသောက်ထဲ့အပြင် ကွမ်းဝါးတာ ဆေးလိပ်သောက်တာမျိုးတောင် မရှိခဲ့ဘူး။ အခြားအလောင်းအစားဆိုတာ ဝေလာဝေးပေါ့။ အဲသလောက်ရိုးသားတဲ့လူ (အပြင်လည်း အဲသလိုလူမျိုး ရှိမှာပါ။)

အဲ- ကိုကျက်တော ရိုးသလောက်၊ အသလောက်၊ နသလောက် မကျင်ယုံက စွာတယ်၊ ဆူတတ်တယ်၊ ဆဲတတ်တယ်တဲ့။ နှုတ်သီးကောင်း လျှာပါးနဲ့ပေါ့လေ။ အရာရာပါချင်တယ်။ နေရာတကာဆရာကြီးလုပ်ချင် တယ်။ ရပ်ထဲမှာ သာရေးပဲရှိရှိ၊ နာရေးပဲရှိရှိ၊ မကျင်ယုံ ပါတယ်။ (ရှေ့က ပြေးတဲ့ မကျင်ယုံပေါ့။)

နေရာတကာ သာရေးနာရေး… အဲဒါတွေ ဆရာကြီးလုပ်ချင်၊ သမားဂုဏ်ပြချင်တဲ့ မကျင်ယုံဟာ ရွာပေါ် ရပ်ပေါ်မှာတင်မကဘူး၊ သူ့လင် ကိုကျက်တောအပေါ်မှာဆိုရင် ပိုနိုင်တယ်။ ပိုပြီး ဆရာကြီးလုပ်ချင်တယ်။ ပိုပြီး သမားဂုဏ်ပြချင်တယ်။ နေရာတကာ ကိုကျက်တောကိုပဲ နိုင်းတတ် တယ်။

တကယ်တော့ ကိုကျက်တောက ဒီရွာကမဟုတ်ဘူး။ တခြားရွာကဖြစ်တယ်။ ကိုကျက်တော့ မိဘတွေက အသင့်အတင့် ချမ်းသာတယ်။ မကျင်ယုံမိဘတွေကလည်း ကိုကျက်တောတို့လောက် ချမ်းသာတယ်။

ကိုကျက်တောနဲ့ မကျင်ယုံတို့ဟာ ငယ်ရည်းစား၊ ငယ်ချစ် မဟုတ်ဘူး။ ဖူးစာပါချင်တော့ ကိုကျက်တောမိဘတွေနဲ့ မကျင်ယုံမိဘတွေက သိပ်ပြီး ရင်းနှီးခဲ့တယ်။ တစ်ရွာနဲ့ တစ်ရွာအလှမ်းဝေးကြပေမယ့် နှစ်ဖက်မိဘခင်မင်မှုကို အရင်းပြုပြီး လူကြီးချင်း သဘောတူကြပြီး လူငယ်ချင်း ပေးစားလိုက်ကြတယ်။ (ကိုကျက်တောရော မကျင်ယုံပါ ငယ်ချစ်တွေ ရှိမရှိတော့ မသိပါဘူးဗျာ။)

နောက်တော့ တင့်တောင်းတင့်တယ်နဲ့ ကိုကျက်တောမိဘတွေက မင်္ဂလာဆောင်ပေးပြီး အိမ်တင်လက်ဖွဲ့တွေပေးပြီး သားဖြစ်သူကို မကျင်ယုံတို့ရွာကို ထည့်လိုက်တယ်။ မျက်နှာလွှဲခဲ့ပစ်သဘောနဲ့ တူပါရဲ့။

အဲသလိုနဲ့ ကိုကျက်တောခမျာ မိဘတွေစီမံရာကို၊ မိဘတွေပေးတဲ့ လက်ဖွဲ့တွေပိုက်ပြီး ကြီးမှချစ်ရတဲ့ ကြီးချစ်မကျင်ယုံဆီ လိုက်ခဲ့ရတော့တာပေါ့။

အခုတော့ မကျင်ယုံမိဘတွေက အိမ်ဝင်းသီးခြား ဝယ်ပေးပြီး သီးခြားအိမ်ဝင်းနဲ့ နေစေတယ်။ လယ်ယာကျွဲနွားတွေ ခွဲပေးလိုက်တယ်။ အခုဆိုရင် ကိုကျက်တောနဲ့ မကျင်ယုံမှာ သားတစ်ဦးနဲ့ သမီးတစ်ဦး စုစုပေါင်း နှစ်ဦးရနေပြီ။

ညားကြပြီ ဆိုကတည်းက မကျင်ယုံက နိုင်တယ်။ မကျင်ယုံက မျက်စောင်းခဲရင် ကိုကျက်တောမှာ ခွေးဝဲစား နေရာမရသလို နေနေရတယ်။ တောက်ခေါက်သံပြုရင်တော့ အိမ်ထဲမှာတောင် မနေရဲဘူး။ အဲ-မကျင်ယုံက တုတ်ဆွဲ ဓားဆွဲ၊ ဟိုဟာဆွဲ ဒီဟာဆွဲ ဆိုရင်တော့ အိမ်က နွားမကြီးဆွဲပြီး နွားကျောင်း ထွက်ရတော့တာပဲ။ (မကျင်ယုံ ရိုက်မှာ ကြောက်လို့ နွားမကျောင်းထွက်ခြင်း ဖြစ်တယ်လေ။)

ကြည့်...

"ရှင့်- ကိုကျက်ကတော"
"ဗျာ"
"ဒီလာဦး၊ ထူးတဲ့ဗျာကို ဗျာလို့ ပီပီသသထူး။ ဗျာ-ဗျာနဲ့ မလုပ်နဲ့"
"ဟုတ်ကဲ့…"

အဲသလိုခေါ် အဲသလိုပြောတဲ့ မကျင်ယုံပါပဲ။ ကြည့်လေ မကျင်ယုံက မြိုင်ရာဇာတွတ်ပီစာအုပ်ထဲက မသေးမှျင်ခေါ်သလို (တော့-ကတွတ်ပီခေါ်သလိုပေါ့)။ ကိုကျက်တောကိုသည့် ကိုကျက်ကတောတဲ့။

"ဒီလာဦး"
"လာပြီ"
"ထမင်းအိုးတည်ပြီးရင် ဟင်းချက်။ ဟင်းချက်ရင်း ပဲပြုတ်အိုး အရန်သင့်လုပ်ထား"
"ကျင်ကျင်နိုင်းတာ နောက်ကျနေပြီ။ အားလုံးပြီးပြီ ကျင်ကျင်"
"ဒါဖြင့် ပဲပြုတ်နပ်ရင် ကျုပ်ချိုးဖို့ ရေခပ်"
"ရမယ်"

ကိုကျက်တောခမျာ မီးဖိုချောင်ထဲကနေ ရေတွင်းပြေးပြီး မကျင်ယုံအတွက် ရေငင်ရတယ်။ ပြီးတော့-

"ပြီးပြီ ကျင်ကျင်…"
"ထင်းခွဲ"
"အင်း"
"ထင်းခွဲပြီးရင် သောက်ရေခပ်…၊ ပြီးရင် ထမင်းခူး၊ ခူးပြီးရင် ကျုပ်ကိုခေါ်လိုက်။ ဩော်-လက်ဆေးရေနဲ့ သောက်ဖို့ရေပါ ခပ်ထား"
"နိုင်းပေါ့လေ- ရပါတယ်"

ပြောရင်းနဲ့ လုပ်ပေးရတဲ့ ကိုကျက်တောပါပဲ။ ကိစ္စတွေပြီးတဲ့အချိန်နီးစို့အရွယ် သမီးလေး နိုးခဲ့တယ်။

"တော့်- ကိုကျက်ကတော"
"နိုင်းပါ"

"တော်-ကလေးကို နို့တိုက်လိုက်ဦး"

"ဟာ… ကျင်ကျင်ကလည်း နို့က ကိုကျက်ကအောမှ မပါတာ။ နို့ပါတာက ကျင်ကျင်လေ"

"ဟင်း… သိတယ်။ ခိုင်းစရာရှာမရလို့ တမင်အရွဲ့တိုက်တာ၊ ကလေးကိုခေါ်ခဲ့"

ကိုကျက်တောက ကလေးကို ခေါ်ပေးတယ်။

"သေးစိုတဲ့ အဝတ်တွေနေလှမ်း၊ ပြီးရင် အနှီးတွေလျှော်"

အဲသလိုခိုင်းတဲ့ မကျင်ယုံ။ လင်အပေါ် ဗိုလ်ကျစိုးမိုးတဲ့ မကျင်ယုံ။ ကိုကျက်တောကလည်း အယ်အဝေအ ဝင့်ကြွားရယ်မသိဘူး။ ကြောက်လိုက်ရတာ ပြားပြားဝပ်လို့ (သိပေါမင်းနဲ့ စုဖုရားလတ် အတိုင်းပဲတဲ့။ ရွာထဲက ပုံကပ်ပြကြတာလေ။)

တစ်ရက်တော့ မကျင်ယုံတို့ရွာမှာ ဘုရားပွဲရှိတယ်။ ပွဲပါတယ်။ အဲဒါ ကိုကျက်တော အမေနဲ့အမေ လာမယ်တဲ့။ လာမယ်ဆိုတာ ကြိုပြောလိုက်တာကိုး။

"ကျင်ကျင်ရေ"

"ဘာ"

"လန့်လိုက်တဲ့တာကျင်ကျင်ရာ…ဘုရားပွဲမှာ အမေနဲ့အမေ လာမယ်တဲ့"

"လာတော့ ဘာဖြစ်လဲ။ လာ-လာ"

အဲသလိုနဲ့ ဘုရားပွဲအစရက်မှာ ဘနှစ်ပါးရောက်လာတယ်။ ရွာထဲမှာတော့ မုန့်ကြော်ကြော်၊ ဝက်သား၊ အမဲသားချက်ကြပေါ့။ ကိုကျက်တောက-

"ကျင်ကျင်… ကိုလေ ကိုယ့်အမေနဲ့ အမေလာတုန်း မင်းက ထမင်းဟင်းချက်ပေးပါကွာ။ ကိုကျက်တောချက်နေတာ အမြင်မတော်လို့ပါ"

"မရဘူး။ တော်အမြဲတာဝန်ယူတဲ့အတိုင်း ဆက်ယူ"

"ဟင်း"

တကယ်တော့ ကိုကျက်တောက သူ့မိဘတွေ ဘုရားပွဲလာတုန်းမှာ မကျင်ယုံ ထမင်းချက်၊ ကိုကျက်တောက မိဘတွေနဲ့ စကားပြောနေချင်တာကိုး။ ဒါပေမယ့် မကျင်ယုံက လက်မခံဘူး။

ညနေရောက်တော့ မကျင်ယုံက–

"တော့်မိဘတွေ လာနေပြီကြားတယ်"

"အင်း"

"ထမင်းချက်၊ ဟင်းချက်တော့ ဒါပဲ…"

"အင်းပါ"

ကိုကျက်တောဟာ စိတ်မပါပဲ ထမင်းချက်ရတော့တာပေါ့။ မိဘတွေလာရင် ထမင်းဟင်းချက်နေတာကို မြင်သွားမှာ စိုးတာကိုး။ အဲသလိုနဲ့ ထမင်းအိုးကျက်ပြီး စက်သားလည်း နပ်ပြီးသွားပြီ။ ပဲဟင်းချိုလည်း ပွက်ပြီ။ နောက်ဆုံး ငရုတ်သီးကြော်ဖို့ပဲ ကျန်တော့တယ်။

အဲဒီအချိန်မှာ ကိုကျက်တောခမျာ ဒယ်တစ်လုံးနဲ့ ငရုတ်သီးကြော်ဖို့ပြင်ဆင်ဆဲမှာ နောက်ဘက်ကခြေသံ ကြားတော့…

"ကျင်ကျင်ရာ… အရင်ရက်တွေက မင်းနိုင်းတာ အကုန်လုပ်ပေးခဲ့တာ မင်းအသိပါ။ ခြေသုတ်မပေးခဲ့တာတစ်ခုပဲ ကျန်တော့တာပါ။ ချီးရေလည်း ခပ်ပေးရ၊ ထမီလည်း လျှော်ပေးရ၊ နှိပ်နယ်လည်း ပေးရ။ အခု ကိုကျက်မိဘတွေ လာတုန်းလေးမှာ ထမင်းဟင်းချက်ပါဆိုတာတောင် ကျင်ကျင်က မချက်ချင်ဘူး။ ရက်စက်လိုက်တာ ကျင်ကျင်ရာ။ အခုလို လုပ်နေတာ ကိုကျက်ကတော့ မိဘတွေသိသွားရင် မြင်သွားရင် ရင့်ကျိုးကြမှာ ရှက်ကြမှာ။ တကယ်ဆိုရင် အတိုးချနဲ့ အဖေတို့အမေတို့မလာခင် နိုင်းသင့်တာပေါ့ ခုတော့…။

ကိုကျက်တော ပြောအပြီးမှာ ဇနီးဖြစ်သူ ကျင်ကျင်ရပ်နေတယ်ထင်ပြီး အလှည့်မှာတော့…

"ဟင်… အဖေနဲ့အမေ"

ကိုကျက်တော တုန်လှုပ်သွားတယ်။ တကယ်တော့ ရောက်နေတာ

က ကိုကျက်တောမိဘနှစ်ပါး ဖြစ်နေသတဲ့။ မိဘနှစ်ပါးမှာတော့ သားဖြစ်သူရဲ့စကား ကြားရတော့ စိတ်ဆိုးရအခက် ရယ်ရအခက်ပေါ့။

အဲဒီအချိန်ကစပြီး အဲဒီရွာမှာ မထားကြောက်ရတဲ့ ယောက်ျားတွေအတွက် စကားတစ်ခွန်း ကျန်ရစ်တယ်။

ဘာတဲ့…။ အဲဒီစကားက…

"အမေမလာခင် ခိုင်းထားပေါ့ ကျင်ကျင်ရယ်တဲ့လေ"

## ဪ... လှစိန် လှစိန်

တစ်ခါက အထက်အညာအရပ်မှာ ကုန်းကြီးဆိုတဲ့ ရွာကြီးတစ်ရွာရှိပြီး အဲဒီရွာမှာ ဦးလှမောင်-ဒေါ်အုန်းဆိုတဲ့ လင်မယားနှစ်ယောက်ရှိတယ်။ သူတို့လင်မယားနှစ်ယောက်မှာ သားသုံးယောက် ရှိတယ်။

ဦးလှမောင်ရဲ့ သားအကြီးဆုံးက အောင်စိန်၊ ဒုတိယသားက မြစိန်ဖြစ်ပြီး အငယ်ဆုံးသားက လှစိန်ဖြစ်သတဲ့။ ရတနာတစ်ပါးဖြစ်တဲ့ စိန်ဆိုတဲ့ အမွန်းတင်ခြင်းနဲ့ သားသုံးယောက်ရဲ့အမည်ကို အဆုံးသတ်ထားသတဲ့။ ဦးလှမောင်တို့ လင်မယားကတော့ သားဖြစ်သူ သုံးဦးစလုံးကို မာကျောခေါ်တောက်ပြောင်စေဆိုပြီး စိန်နဲ့ အဆုံးသတ်ပေးထားခဲ့တာနဲ့ တူပါရဲ့။

တကယ်တော့ ဦးလှမောင်တို့ဟာ အဲဒီကုန်းကြီးရွာမှာ တောင်သူကြီးတစ်ဦးပေါ့။ ပြောရမယ်ဆိုရင် လူချမ်းသာတစ်ဦးပေါ့။ နွားနှစ်ရှဉ်းလုပ်တောင်သူဖြစ်ပြီး ဂျုံချု၊ နှမ်း၊ နေကြာချတဲ့ မြေတွေ၊ ပဲချမြေတွေနဲ့ လယ်ယာမြေတွေ အများအပြားရှိသတဲ့။ နှစ်ပေါက်မိဘက ချမ်းသာတဲ့လူတွေကမွေးဖွားခဲ့တဲ့ ဦးလှမောင်နဲ့ ဒေါ်အုန်းတို့မှာလည်း လူချမ်းသာမဲ ဖြစ်ခဲ့ရတော့တာပေါ့။

အဲသလိုနဲ့ သားသုံးယောက်ရတဲ့အထိ ဦးလှမောင့်ခမျာ အလုပ်ကိုတပင်တပန်းလုပ်ခဲ့ရသလို ဒေါ်အုန်းမှာလည်း စီးတဲ့ရေ ဆယ်တဲ့ကန့်သင်း

ဆိုသလို ယောက်ျားရှာထားတာ၊ နှစ်ဖက်မိဘတွေ အမွေပေးလိုက်တာ မပျောက်ပျက်အောင် အယိုအဖိတ်မရှိအောင် စည်းနဲ့ကမ်းနဲ့ သုံးစွဲခဲ့တဲ့သူ ပေါ့။

လင်မယားနှစ်ယောက် ခြေကျလက်ကျညီညီ လုပ်ငန်းလုပ်ကြတာ ဆိုတော့ အပိုအလျှံကြီးပဲတဲ့။ အခြားသူတွေရဲ့ ယာမြေတွေတောင် ဝယ်နိုင်ပြီး နွားတစ်ရှဉ်းလုပ်က နှစ်ရှဉ်းလုပ် ဖြစ်လာသတဲ့။ (ကြိုးစားတာကိုး)

အဲသလိုနဲ့ သားသုံးယောက်ကို ကျောင်းထား၊ ဖခင်ဖြစ်သူက လူဝှားတစ်ဦးကို နေ့စားငှားပြီး ယာထဲမှာ လယ်ထဲမှာ နေခဲ့ရသတဲ့။ အဲသလို ကျောင်းထားရင်းနဲ့ သားသုံးယောက်အရွယ် ရောက်လာတော့ ပထမဆုံး သားအကြီး အောင်စိန်က အိမ်ထောင်ကျသွားပြီး သူ့မိန်းမဆီ လိုက်သွား ခဲ့တယ်။ သားကြီးအိမ်ထောင်ကျပြီး မကြာပါဘူး အလတ်ကောင် မြစိန် လည်း အိမ်ထောင်ကျခဲ့ပြန်တယ်။

အဲသလို သားကြီးနဲ့ သားအလတ်အိမ်ထောင်ကျတဲ့အခါမှာ တင့် တောင့်တင့်တယ်နဲ့ မင်္ဂလာပွဲ ကျင်းပပေးခဲ့တယ်။ လက်ဖွဲ့ပစ္စည်းဖြစ်တဲ့ လယ်ယာမြေအချို့နဲ့ ရွှေထည်အချို့ ပေးလိုက်ရတော့တာပေါ့။

အဲဒါနဲ့ သူတို့ရင်ခွင်ထဲကနေပြီး အကြီးဆုံးအကောင်နဲ့ အလတ် ကောင်တို့ ထွက်သွားပြီ။ သူတို့နဲ့သူ၊ သူ့အိမ်ဝိုင်းနဲ့သူ၊ သူ့မိသားစုနဲ့ သူ ဆိုတော့ စိတ်ချရပြီ။

အဲ-စိတ်မချရတာက အငယ်ကောင် လှစိန်။

အိမ်မှာ မိသားစုသုံးယောက်ပဲ ကျန်တော့တာမို့ အားကိုးအားထား ကလည်း လှစိန်ပဲ အားကိုးရတော့မှာ။ ဒါကြောင့် လှစိန်ကို ကျောင်းထွက် နိုင်းပြီး ယာထွန်လယ်ထွန် သင်မယ်။ မျိုးကြဲပျိုးကြဲ သင်မယ်ပေါ့လေ။

သားဖြစ်သူကို တောထွက်ယာထွက် မသင်လိုက်ရဘူးလေ။ ဘာဖြစ် လို့လဲဆိုရင် ဦးလှမောင်က အသက်ကြီးပြီမဟုတ်လား။ ၇၀ ကျော်ပြီကိုး။

"လှလေး"

"ဗျာ"

"အဖေတို့မှာ အဖေရယ် အမေရယ်ပဲ ရှိတော့တာ၊ အသက်က ကြီးပြီ။ ဒီတော့ လူလေးသိတဲ့အတိုင်းပဲ။ အကြီးနှစ်ယောက်က သူ့ အိမ်ထောင်နဲ့သူ ဖြစ်သွားပြီ။ ဒီတော့ လူလေးကို ကျောင်းထုတ်လိုက်ရတာ လူလေးသဘောပေါက်မှာပါ"

"ကျုပ်ကို စာမတတ်စေချင်လို့လား"

လှစိန်က ခပ်အူအူ လူဆိုတော့ သို့ကလို ပြောလိုက်တယ်။

"မဟုတ်ဘူးကွ။ မင်းကို လယ်ထွန်ယာထွန်နဲ့ နွားကျွေးနွားရေခပ် နွားချေးကျုံးနိုင်းချင်လို့ သိလား"

ကျောင်းထွက်စေပြီး သုံးလေးလအကြာမှာ ဦးလှမောင်က သို့ကလို ပြောခဲ့တယ်။ ပြောရမှာပေါ့။ မပြောလို့ မရဘူးလေ။ ကျောင်းထွက်တာ လေးလထဲဝင်ပြီး ထွန်ဖို့ခေါ်လည်း မရဘူး။ ထယ်ထိုးဖို့ခေါ်လည်း မလိုက်ဘူး။ နွားချေးကျုံးနွားကျွေးနဲ့ နွားရေခပ်ဆို ဆလာဝေး လုပ်နေတာကိုး။ တကယ်တော့ ထွန်ယက်တာ နွားကျွေးတာမျိုးလုပ်ချင်တာ။ အားကိုးရာ မရောက်တော့ဘူး။

တကယ်တော့ လှစိန်က အကြီးနှစ်ယောက်လို မဟုတ်ဘူး။ ပျင်းတယ်။ အကောင်းစားချင်တယ်။ ပျင်းမှာပေါ့။ အကောင်းစားချင်မှာပေါ့။ ငယ်စဉ်ကတည်းက အငယ်ဆုံးဆိုပြီး အလိုလိုက်ခဲ့တာကိုး။

အဲသလိုနဲ့ လှစိန်ကျောင်းထွက်ခဲ့တာ တစ်နှစ်ပြည့်ပြီ။ အထွန်လိုက်ခဲ့တာ လေးကြိမ်၊ ထယ်ထိုး (၆)ကြိမ်ပဲ လိုက်ခဲ့ပြီး။ နွားရေခပ်၊ နွားကျွေးနဲ့ နွားချေးကျုံး အလုပ်က မတရားနိုင်း၊ မတရားဆဲဆူမှ၊ ရိုက်မယ်နှက်မယ် လုပ်မှ လုပ်သတဲ့။ "အင်း- အားကိုးရမလားဆိုပြီး ကျောင်းထုတ်လိုက်တာ။ အခုတော့ အာပေါက် ကျိုး နေအောင်ပြောမှ လုပ်ချင်တဲ့ အကောင်၊ ဒုက္ခပဲ"

ဦးလှမောင်က ညည်းတယ်။ ဇနီးဖြစ်သူလည်း စိတ်ညစ်ရတာပေါ့။

အဲ-လှစိန်က အိမ်အလုပ်၊ တောတောင်အလုပ်သာ မလုပ်ချင်တာ အလှအပ ကြိုက်လာပြီ။ လူပျိုစိတ်ဝင်လာပြီး ရေမိုးချိုး၊ အဝတ်အစား

အသစ်တွေဝတ်ပြီး ရွာထဲလည်ချင်ပြီ။ အပေါင်းအသင်းများချင်ပြီ။ ဈေးထဲထွက် လက်ဖက်ရည်ဆိုင်မှာထိုင်၊ စီးကရက်ခဲချင်ပြီတဲ့။

တကယ်တော့ လှစိန်အနေနဲ့ ရွာထဲက ကောင်မလေးတစ်ဦးကို ချစ်နေမိပြီတဲ့။ အဲဒီကောင်မလေးက လှစိန်ပျင်းတာ၊ ဖျင်းတာ အလုပ်မလုပ်ချင်တာကို သိပေမယ့် ချမ်းသာတဲ့လူဖြစ်တော့ (ပစ္စည်းမက်ပြီး) ပြန်ကြိုက်ချင်ချင် ဖြစ်နေသတဲ့။ (ဖွင်းပါစေ၊ ယာမြေ၊ ရွှေ နွားပါရင်ပြီးတဲ့ သဘောပါပဲ။)

အဲဒီ ချစ်သူအရှိန်ကြောင့် လှစိန်ဟာ အိမ်မကပ်တော့ဘူး။ လယ်ထွန်ယာထွန်တဲ့ဆီ မလိုက်တော့ဘူး။ ကောင်မလေးကို မြင်တွေ့ရမယ့်သအောင်သွယ်တော်တွေဆီပဲ သွားနေသတဲ့။

တစ်ရက်မှာတော့ "ဟေ့ကောင်လူပျင်း··· မကျတဲ့ အကောင်၊ လှစိန်···"

ဦးလှမောင်ဟာ ဒေါသဖြစ်ဖြစ်နဲ့ အော်ခေါ်တယ်။ တောကအပြန်နွားကျွေးဖို့ နွားရေကမရှိ၊ နွားချေးက မကျုံးရသေး၊ ထမင်းဟင်းဆိုတော့ ဒေါသဖြစ်တော့တာပေါ့။ ယောကျ်ားဖြစ်သူ ဒေါသဖြစ်တော့ ဒေါ်အုန်းကပါ သားအပေါ် စိတ်ဆိုးတော့တာပါပဲ။

"ဟင်း··· ဒီလိုဖွင်းမှာမှန်းသိရင် ငယ်ငယ်ကတည်းက ကြိမ်းကြားက ဖြဲချလိုက်ပါရဲ့"

သို့ကလို တွေးမိသတဲ့။

ဖခင်ဖြစ်သူခေါ်တော့ လှစိန်က···

"ဗျာ···"

"နွားချေးကျုံး··· ပြီးရင် နွားရေခပ်ပြီး နွားကျွေးမလား၊ မကျွေးဘူးလား"

"အမေ ရှိသားပဲ"

"ဘာကွ··· တယ် ဒီကောင် သေတော့မှာပဲ"

သို့ကလိုပဲ ဖခင်ပြောနေတုန်းမှာ လှစိန် ပျောက်သွားတယ်။ ဦးလှ

မောင်မှာတော့ ပြောနေဆဲ ဗျက်စိအောက်မှာ ဘယ်ပျောက်ဘွားပါလိမ့်မလဲ ဆိုပြီး လိုက်ရှာတာပေါ့။

"မယ်အုန်း"

"တော်..."

"နင့်သား ဘယ်ထွက်သွားလဲ"

"ကျုပ်လည်း မသိဘူး၊ ဒီကလေး ဘယ်သွားပါလိမ့်"

အဲသလိုနဲ့ လှစိန်ကိုရှာရင်း နွားချေးကျုံး၊ နွားရေခပ်ရသူက ဦးလှမောင်ပဲပေါ့။ အဲသလိုနဲ့ နွားချေးကျုံး နွားရေခပ်အပြီးမှာတော့ ဦးလှမောင် စိတ်ထဲအသိတစ်ခု ဝင်လာတယ်။

"ဟုတ်ပြီ။ ဒီကောင် အိမ်အပေါ်ထပ် တက်သွားတာနေမှာ"

အဲသလိုတွေးရင်းနဲ့ အိမ်အပေါ်ထပ်ကို ခြေဖော့ပြီး အသာတက် ကြည့်လိုက်တယ်။ အဲဒီအခါမှာ လှစိန်တစ်ယောက် ကိုယ်လုံးပေါ်မှန်ရှေ့ မှာရပ်နေပြီး တစ်ဦးတည်းမှန်ရှေ့မှာ စကားတွေပြော၊ ဝတ်ထားတဲ့ ပုဆိုး အင်္ကျီတွေကြည့်၊ ပြောင်နေအောင် ဖြီးထားတဲ့ ခေါင်းကို သ,နေတော့ တာပေါ့။

လှစိန်က...

"ဩော်... လှစိန် လှစိန်၊ မင်းအတော်ချော အတော်လှနေတာကိုး။ ဒါ့ကြောင့်လည်း ရွာထဲက ကောင်မလေးတွေက မင်းကို အတင်းကြိုက် နေကြတာကိုးကွ။ ဩော်... လှစိန် လှစိန်၊ ချောရက်ပါပေ့ လှရက်ပါပေ့"

အဲသလိုပြောရင်း သရုပ်ဆောင်နေဆဲမှ ဖခင်ဖြစ်သူမှာ ဒေါသလည်း ဖြစ်၊ ရယ်လည်း ရယ်ချင်ဖြစ်ပြီး...

"ဟေ့ကောင်- ခွေးသား"

"ဟာ... အဖေ အဖေ၊ လန့်လိုက်တာဗျာ"

"အခု မင်းဘာလုပ်နေတာလဲ"

"ဟို-ဟို-ဟို"

"ဟိုဟိုဟီဟီနဲ့ မြင်းဟီသလို လုပ်မနေနဲ့၊ အခု မင်းသရုပ်ဆောင်

နေတာကို ငါ သိတယ်"

"ရှာ..."

"အေး... မင်းသရုပ်ဆောင်တာတွေ၊ မင်းစကားတွေကို ရွာထဲ လိုက်ပြောမယ်"

"ရှာ"

"အေး... ငါမပြောစေချင်ရင် ဒီကရှေ့ လယ်ထွန်ယာထွန်လိုက်၊ နွားချေးကျုံးနွားရေခပ် နွားကျွေးလုပ်မလား"

"ဟုတ်... လုပ်-လုပ်ပါမယ်"

"အေး... အဲဒါတွေ မလုပ်ရင်တော့ ရွာထဲကိုရော၊ မင်းကောင်မလေးကိုပါ အားလုံးသိအောင် မင်းသရုပ်ဆောင်တာ၊ မင်းပြောတာတွေ ပြောပြမယ်။ ဒါပဲ"

"လုပ်-လုပ်-လုပ်ပါ့မယ် အဘရာ၊ ကျုပ်အကြောင်း မပြောပါနဲ့"

"မပြောစေချင်ရင် အိမ်အလုပ် လုပ်မှာလား"

"လုပ်-လုပ်ပါ့မယ်အဘ၊ ကောင်မလေးကို မပြောပါနဲ့"

အဲသလိုပြောပြီး အိမ်ပေါ်က အပြေးဆင်းပြီး နွားကျွေး၊ နွားချေးကျုံးနေသတဲ့။ အဲဒီရက်ကစပြီး လူစိန်တစ်ယောက် တောလိုက်တယ်။ အိမ်အလုပ် လုပ်တယ်တဲ့။

နောက်ရက် သူတို့သားအဖအဖြစ်ကို သိသွားကြတဲ့ရွာထဲမှာတော့ စကားတစ်ခွန်း ကျန်ရစ်တယ်။ ခုချိန်အထိဖဲတဲ့။

အဲဒီစကားက...

လူချင်း ကြွားချင်တဲ့ ကာလသားတွေကို တွေ့ရင်...

"ဪ... လူစိန် လူစိန်၊ မင်းအတော်ချော အတော်လှနေတာကိုး"

အဲဒီစကားပါပဲ။

## သူ့မိန်းမကျတော့...

တစ်ခါက အထက်အညာအရပ်မှာ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီ ရွာမှာ ဦးကြောင်ဆိုတဲ့ လူတစ်ဦး ရှိသတဲ့။ အဲဒီ ဦးကြောင်ဟာ တောင်သူ တစ်ဦးဖြစ်ပြီး ကျွဲတစ်ရှဉ်းလုပ် လယ်မြေတွေ ရှိသတဲ့။

ဦးကြောင်ဟာ တစ်ချိန်က ဇနီးဖြစ်သူ မအေးမြနဲ့ အိမ်ထောင်ကျခဲ့ တယ်။ တကယ်တော့ ဦးကြောင်ဟာ လူချမ်းသာမျိုးရိုးထဲကဖြစ်ပြီး ဇနီး ဖြစ်သူ မအေးမြကလည်း လူချမ်းသာမျိုးရိုးထဲကဖြစ်လို့ နှစ်ဖက်မိဘတွေ ပေးစားမှု၊ လူငယ်ချင်းမေတ္တာမျှမှုတို့ကြောင့် ပေါင်းသင်းနေထိုင်ခဲ့ကြသတဲ့။

အဲသလိုနဲ့ ဦးကြောင်နဲ့ မအေးမြတို့ဟာ တောင်သူလုပ်ငန်းလုပ်ရင်း နဲ့ သီးခြားနေလာခဲ့ရာက သားတစ်ယောက် ထွန်းကားခဲ့တယ်။ ထွန်းကား လာတဲ့သားရဲ့အမည်က ထွန်းပွားတဲ့။ မောင်ထွန်းပွား မွေးအပြီး နှစ်နှစ်သား အရောက်မှာ မိခင်ဖြစ်သူ မအေးမြ ဆုံးပါးခဲ့တယ်။ အဲဒီအခါမှာ မယားပစ် လင်ဖြစ်တဲ့ ဦးကြောင်ခမျာ စိတ်သောက ရောက်ခဲ့ရတာပေါ့။ တောင်သူ လုပ်ငန်းက တစ်ဖက်၊ သားဖြစ်သူပြုစုဖို့ကတစ်ဖက်နဲ့ ဒုက္ခရောက်ခဲ့ရတာ ပေါ့။

ဦးကြောင်ဟာ ဇနီးဆုံးပါးပြီးတဲ့နောက် တူမတွေ တူတွေကို သား ဖြစ်သူအပ်ပြီး တောင်သူလုပ်ငန်း လုပ်ခဲ့ရတယ်။ ဆွေမျိုးတွေ အပေါင်း အသင်းတွေက နောက်အိမ်ထောင်ပြုဖို့ တိုက်တွန်းတာလည်း အိမ်ထောင် မပြုတော့ဘူးတဲ့။

"အိမ်ထောင်မပြုချင်တော့ပါဘူးကွာ။ နောက်ထပ် မီးမမွေးချင်တော့ဘူး။ ငါ့စိတ်မှာ အေးမြမှ အေးမြပဲရှိတာ၊ အေးမြအတွက် နှလုံးသားတွေက မွေးဖွားလာတာ။ အခု အေးမြမရှိတော့ နှလုံးသားတွေလည်း မရှိတော့ဘူး။ နှလုံးသားတွေက သေသွားတဲ့ အေးမြဆီပါသွားပြီး၊ နှလုံးသားတွေ သေသွားပြီ"

အပေါင်းအသင်းတွေ၊ မိတ်ဆွေတွေနဲ့ ဆွေမျိုးတွေက အိမ်ထောင်ပြုဖို့ပြောတော့ သို့ကလို ပြောတတ်သတဲ့။

အဲသလိုနဲ့ ထွန်းပွားလေး အရွယ်ရောက်လာတော့ ကျောင်းထားခဲ့ ရှာတယ်။ ဦးကြောင်ကတော့ မယားကို သတိရလိုက်၊ ငိုလိုက်၊ တောထွက်လိုက်နဲ့ပေါ့။ တကယ်တော့ ဦးကြောင်ခများ ယဉ်ယဉ်လေးနဲ့ ရူးနေတဲ့ လူတစ်ဦးဖြစ်နေတာ မသိကြဘူးပေါ့။ တစ်နေ့ကို နှစ်ကြိမ်တော့ အမြဲ ငိုသတဲ့။

"အမလေး... အေးအေးရဲ့၊ မြမြရဲ့၊ အေးမြလေးရဲ့၊ အချစ်ဆုံးမလေးရဲ့၊ အချစ်တုံးခဲလေးမလေးရဲ့၊ အေးမြလေး ပစ်ခဲ့တာ နှစ်တွေကြာပြီကွယ်။ ဆယ်နှစ်ကျော်ပြီ ချစ်ချစ်ရဲ့။ နှစ်တွေကြာညောင်း၊ လတွေပြောင်းလဲ၊ မမေ့ဘယ်ခါ ကိုယ့်ရင်မှာတော့ သောကအပူတွေနဲ့ပါ အေးအေးမြမြလေး ရယ်"

မနက်တစ်ခါ ညနေတစ်ကြိမ်နဲ့ ညဦးပိုင်းမှာ တစ်ခါအော်အော်ပြီး ငိုခဲ့သတဲ့။ အဲသလို ဖြစ်ခဲ့တာ ငိုခဲ့တာ အခုဆိုရင် ထွန်းပွား အသက် (၁၅)နှစ်ရှိလို့ ထွန်းပွားတစ်ယောက် ဆယ်တန်းရောက်ခဲ့သတဲ့။

နောက်ပိုင်း ထွန်းပွားခများ ဖခင်ရဲ့စိတ်ဒုက္ခ၊ ကိုယ့်ဒုက္ခတွေကြောင့် ဆယ်တန်းဖြေအပြီး ကျောင်းထွက်ခဲ့ရတော့တာပေါ့။ ကျောင်းထွက်တဲ့ အချိန်မှာတော့ ဦးကြောင်တစ်ယောက် ငယ်မူပြန်သလိုလို၊ ရူးသလိုလို၊ ချောင်သလိုလို၊ ကြောင်သလိုလို ဖြစ်တော့တာပေါ့။ ရောဂါက ပိုဆိုးဖော့သတဲ့။ အရင်ကထက် ငိုခဲ့တယ်။ အရင်က စားသလောက် ထမင်းဟင်း လွှတ်လာခဲ့တယ်။ အရင်က ဝခဲ့တဲ့ ဦးကြောင်၊ ခုတော့ ဦးကြောင်ခများ

ပိန်ခဲ့သတဲ့။ (ဩော်-မယားစွဲလမ်းစိတ်က တယ်ဆိုးတာကိုး။)

သားဖြစ်သူထွန်းပွားဟာ ကျောင်းထွက်၊ တောင်သူလုပ်ငန်းလုပ်ရင်းနဲ့ ဖခင်ကြီးကို ပြုစုနေခဲ့ရင်း အိမ်ထောင်ကျခဲ့တယ်။ ထွန်းပွားဇနီးအမည်က မအေးကျင်တဲ့။ အေးကျင်က ချောတယ်။ လှတယ်။ ပြီးတော့ လူချမ်းသာထဲကပေါ့။

ထွန်းပွားဟာ သူ့အိမ်မှာ အိမ်ထောင်ဦးစီး ဖြစ်ခဲ့ရတော့တာပေါ့။ ဖခင်ဖြစ်သူ ငယ်မူပြန်နေတာကိုး။ ထွန်းပွားစီပွါးကြိုက် လုပ်ခဲ့ရတော့တာပေါ့။ ထွန်းပွားဟာ အဲသလို အိမ်ထောင်ပြုခဲ့တာ ကလေးတစ်ဦး ရခဲ့သတဲ့။ ထွန်းပွားကလေးရတော့ ဦးကြောင်မှာ မြေးတစ်ယောက် ရတဲ့အထိ စိတ်က မမှန်၊ အစားအသောက်က မမှန်နဲ့။ ပိုဆိုးတာက ငယ်မူပြန်တဲ့ရောဂါက ပိုဆိုးတာပေါ့။

တစ်ရက်မှာတော့-

ထွန်းပွား တောထွက်ခဲ့တယ်။ ထွန်းပွား တောထွက်တော့ အိမ်မှာ ငယ်မူပြန်နေတဲ့ ဦးကြောင်နဲ့ ဇနီးအေးကျင်ပဲ ကျန်ရစ်တယ်။

အဲဒီအချိန် ဦးကြောင်ဟာ အိမ်ပေါ်တက်သွားတယ်။ ဇနီးဖြစ်သူကို တမ်းတပြီး ငိုတယ်။

"အမလေး… မေ့မရတဲ့သူလေးရယ်၊ ချစ်ရတဲ့သူလေးရယ်။ ဘယ်ရက်ပဲဖြစ်ဖြစ်၊ ဘယ်အချိန်ပဲဖြစ်ဖြစ် မင်းအပေါ်သတိရဆဲ၊ ငိုဆဲပါ အချစ်ရယ်။ အချစ်က မပြန်လမ်းသွားပေမယ့် ကိုယ်ကတော့ အချစ်လေး အေးအေးမြင့်မြင့်ကို ပြန်လာနိုးနဲ့ မျှော်ဆဲပါမဲ့ကွယ်။ အမလေး အရပ်ကတို့ရဲ့၊ အေးအေးမြင့်မြင့်ကို ပြန်ခေါ်ပေးပါဦးဗျာ။ အိး-ဟီးဟီးဟီး"

အဲသလို လူကြားသူကြား ငိုပြီး ပြန်ဆင်းလာတယ်။ အဲဒီအချိန် ချွေးမဖြစ်သူ အေးကျင်အနား ထိုင်တယ်။ အေးကျင်က ကလေးနို့တိုက်နေတာကို ကလေးနို့တိုက်နေတဲ့ ချွေးမအနားထိုင်ပြီး ဦးကြောင်က-

"အေးမြင့်လား၊ နင် ပြန်လာတယ်"

အဲသလိုပြောပြီး အေးကျင်အနီး ကပ်ထိုင်တယ်။ အေးကျင်ရဲ့

လက်ကို ဆွဲတယ်။ ပါးကို နမ်းလိုက်သတဲ့။ ချေးမအေးကျင်က ရှက်ရှက်နဲ့ ဦးကြောင်ကို ထွန်းလွတ်ဆဲဆိုပြီး အခြားအိမ် ထွက်ပြေးခဲ့သတဲ့။

မကြာပါဘူး။

တောကနေပြီး ထွန်းပွား ပြန်လာတယ်။ ထွန်းပွားပြန်လာတော့ အေးကျင်က လင်ဖြစ်သူကို တိုင်တယ်။

"ဒီမယ် ကိုထွန်းပွား၊ တော့်အဖေ တရော်ရွှက ကျုပ်ကလေးနဲ့တိုက်နေတာကို လက်ဆွဲတယ်၊ ပါးနမ်းတယ်။ ပြီးတော့ ဟိုဟာဒီဟာ ဆွဲမယ်လုပ်တယ်"

မအေးကျင်က ခရေစေ့တွင်းကျ တိုင်တော့တာပေါ့။ ဒီတော့ မယားထိတားကြည့် ဆိုတဲ့အတိုင်း ထွန်းပွား ဒေါသဖြစ်တော့တာပေါ့။ ဖခင် ငယ်မူပြန်နေတာပါလားဆိုတာကို သတိမရတော့ဘူး။

"အဖေ"

"ဟေ"

"ခင်ဗျားရွှေတာ သာသာရှုတာမဟုတ်ဘူး။ ကျုပ်မိန်းမကို ဟိုဆွဲဒီဆွဲ လုပ်တယ်ဆို"

အဲသလိုမေးတော့ ဖခင်ဖြစ်သူဦးကြောင် ပြန်ပြောတဲ့စကားကြောင့် ထွန်းပွားနဲ့အေးကျင်မှာ စိတ်ဆိုးရအခက်၊ ရယ်ရအခက် ဖြစ်သွားပေမယ့် ကြားရတဲ့သူတွေ မြူးကြ ရယ်ကြသတဲ့။

ဦးကြောင် စကားက-

"အံမယ်… သူ့မိန်းမကျတော့ နမျောလိုက်တာ၊ ငါ့မိန်းမတုန်းက တော့ မင်းက ဟိုဆွဲဒီဆွဲလုပ်တဲ့အပြင် ကြီးတဲ့အထိ နို့စို့ခဲ့တာပဲမဟုတ်လား။ အခု လက်စားပြန်ချေတာ"

အဲဒီ ဦးကြောင်စကားကြောင့် အဲဒီရွာမှာ စကားတစ်ခွန်း ကျန်ရစ်တယ်။ အဲဒီစကားက-

"သူ့မိန်းမကျတော့ နမျောလိုက်တာတဲ့။ ပြီးတော့ လက်စားအချေခံရဦးမယ်တဲ့လေ"

## ပြန်တော့မလား

တစ်ခါက အထက်အညာအရပ်၊ ချင်းတွင်းမြစ်ဘေးမှာ အိမ်ခြေငါးရာကျော်ရှိတဲ့ ညောင်ကျိုးဆိုတဲ့ ရွာလေးတစ်ရွာရှိတယ်။ အဲဒီ ညောင်ကျိုးရွာဟာ လယ်ကွင်းတွေ ဝန်းရံနေတဲ့ရွာဖြစ်ပြီး လယ်စိုက်လယ်ရိတ်ပြီးပါက ပဲကြဲကြသတဲ့။ စပါးနဲ့ပဲကို တစ်နှစ်မှာ နှစ်သီးပဲစိုက်တဲ့ရွာဖြစ်သတဲ့။

အဲဒီညောင်ကျိုးရွာဟာ အခြားရွာတွေနဲ့ လမ်းပန်းဆက်သွယ်ရေး သိပ်မကောင်းဘူး။ တစ်ရွာနဲ့တစ်ရွာ အဝေးက ခြောက်မိုင် ခုနစ်မိုင် ဝေးသတဲ့။ အဲဒီရွာကလူတွေဟာ အလုပ်အားချိန်ဆိုရင် မိမိတို့ ခင်မင်ရာအိမ်ကိုသွား အဖန်ရည်အိုးနဲ့၊ လက်ဖက်သုပ်နဲ့၊ ပဲကြီးလှော်နဲ့၊ ထန်းလျက်နဲ့ မြည်းရင်းသောက်ရင်းနဲ့ စကားပြောကြသတဲ့။ အဲသလိုဝိုင်းဖွဲ့ပြီး စကားပြောကြတိုင်း ဗဟုသုတတွေရ၊ ရယ်ကြမောကြနဲ့ နေတတ်ကြသတဲ့။ လူငယ်တွေရော လူလတ်တွေပါ မသိတာ မရှင်းတာ နားမလည်တာကို မေးကြသတဲ့။

လူကြီးတွေကလည်း လူငယ်တွေမသိလို့ မေးရင် ဖြေကြတယ်။ မေးစရာမရှိလို့ မဖြေရတော့ဘူးဆိုရင် ဇာတ်တော်တွေ၊ ပုံပြင်တွေ ပြောကြတယ်။ ပြီးတော့ ပြည်တွင်းသောင်းကျန်းချိန်က ရဲဘော်၊ ရဲဘော်ဖြူ၊ အလံနီ၊

တပ်နီတွေအကြောင်းတွေ၊ အင်္ဂလိပ်ခေတ်နဲ့ ဂျပန်ခေတ်အကြောင်းတွေကို စိတ်ကြိုက်ပတ်ကုံး ပြောဖြစ်ကြသတဲ့။

ဗဟုသုတ စကားဝိုင်းကြီးပေါ့။ အကြားအမြင် အများအပြားကို လက်ဆင့်ကမ်းပေးကြတဲ့ ရွာကြီးဆိုရင် မမှားဘူး။

အဲဒီရွာက ပညာတတ် ပေါတယ်။ စာတတ် ပေါတယ်။ ပြီးတော့ လူတတ် လူကပ်လည်း ပေါတယ်။ စကားကပ် စကားတတ်လည်း ပေါသတဲ့။ သူတို့ရွာသား အချင်းချင်းတောင်မှ အကပ်နဲ့အညှပ်နဲ့ ပြောသတဲ့။ ဥပမာ-ဘယ်လဲလို့ တစ်ဦးကမေးရင် ဒီနားလို့ ပြေလိုက်ပြီဆိုရင် ဒီနားဆိုရင် ရပ်တော့ ဒီနားရောက်နေပြီဆိုပြီး မေးတဲ့လူက ဖြေတတ်သတဲ့။ ရွာထဲ သက်ကယ်မိုးရင်တောင် အပေါ်ကနေ စမိုးကြည့်ပါလား၊ မိုးလုံမလုံသိရအောင်လို့ဆိုပြီး ရယ်ကျဲကျဲနဲ့ ပြောတတ်ကြတယ်။ တချို့ဆိုရင် ရေတွင်းတူးတာကို ဟာ-ရေတွင်းကလည်း မြေကြီးထဲ တူးရတာကိုးလို့ ပြောတတ်ပြီး အချို့က ဟင်-ကန်ထဲကရေနဲ့ ရေတွင်းထဲကရေက အတူတူပဲ။ ဘာဖြစ်လို့လဲဆိုရင် ရေတွေက အရည်တွေပဲကွ။ အဲသလို အကပ်စကား အညှပ်စကား ပြောတတ်သတဲ့။

အဲဒီရွာမှာ ကိုကံမောင်-မရွှေသင်ဆိုတဲ့ လင်မယားရှိတယ်။ အဲဒီ ကိုကံမောင်တို့မှာ သားဖြစ်သူမောင်မိုးဆိုတာ ရှိတယ်။ မောင်မိုးဟာ ဆယ်နှစ်သားဖြစ်ပြီးတော့ ငါးတန်းကျောင်းသား ဖြစ်သတဲ့။ ကိုကံမောင်ကလည်း လူတော်သားတွေလို စကားပြောတတ်၊ ကပ်တတ်သူဖြစ်သလို မရွှေသင်ကလည်း စာတတ်ပေတတ်၊ ပုံတွေ ဇာတ်တော်တွေနဲ့ ပြောတတ်သူတွေပေါ့။ ပြောရရင် ညောင်ကျိုးရွာသားနဲ့ ပညာသူတွေဖြစ်တော့ စကားပြောရာမှာ တွေးယူရအောင် စိမ့်ပြီးရယ်ရအောင် ပြောတတ်ဆိုတတ်တဲ့ လင်မယားက မွေးတဲ့ မောင်မိုးဆိုတာကလည်း တစ်ဖက်သားကြားရသူ စိမ့်တွေးစိမ့်ရယ် ဖြစ်အောင်တော့ ပြောတတ်သတဲ့။

တစ်နေ့တော့ အဲဒီ ညောင်ကျိုးရွာက ကိုကံမောင်တို့ မရွှေသင်တို့ အိမ်ကို ဆယ်မိုင်ခန့်ဝေးတဲ့ ကုန်းကြီးရွာက ညှိသည်လင်မယားလာတယ်။

အဲဒီ ညွှန့်သည်လင်မယားဆိုတာ ကိုကံမောင်တို့၊ မရွှေသင်တို့ ကျောင်းသား ဘဝတုန်းက ခင်မင်ခဲ့တဲ့သူတွေပေါ့။

အဲဒီ ညွှန့်သည်လင်မယားမှာ မောင်မိုးအရွယ် ကောင်လေးတစ်ဦး ပါတယ်။ ညွှန့်သည်မိသားစုလာတယ်သာ ကြားရတာ၊ ကိုကံမောင်တို့အိမ် မရောက်သေးဘူးပေါ့။ အခြားတစ်အိမ်ဖြစ်တဲ့ ကိုမြအေးတို့အိမ် ဝင်သွား တယ်။ ကိုမြအေးတို့ လင်မယားက အိမ်ထဲမှာထိုင်နေပြီး ညွှန့်သည်လင် မယားက လမ်းမပေါ်ကနေပြီး အိမ်ဝင်းထဲ ဝင်လာရင်း…

"မြအေး မြအေး…"

"ဟင်.ဗ. အောင်တင့်တို့ပါလား"

"အေး"

"အလည်လာတာလားကွ"

"အေး… ကံမောင်တို့ အိမ်သွားမှာ၊ အဲဒီ လမ်းသင့်တာနဲ့ မင်းကို ဝင်နှုတ်ဆက်တာ"

ညွှန့်သည် အောင်တင့်တို့လင်မယား အပေါက်ဝရပ်ရင်းနဲ့ အိမ်ရှင် ကိုမြအေးတို့လင်မယားနဲ့ ရောက်ကြောင်း နှုတ်ဆက်စကား ပြောနေကြ တယ်။

"ကံမောင်တို့အိမ်မသွားခင် အိမ်ထဲဝင်ဦးလေကွာ"

ကိုမြအေးက ပြောတယ်။

ကိုအောင်တင့်က-

"မထိုင်တော့ဘူးကွာ"

အဲသလိုပြောတော့ ကိုမြအေးသားဖြစ်သူက အိမ်ရှေ့မှာ ဆော့နေ ရင်းနဲ့ ဒိုးဒိုးဒေါက်ဒေါက် ဝင်ပြောလိုက်တယ်။

"ဟင်… ညွှန့်သည်ဦးဦးကလည်း ဖင်တောင်မချရသေးဘူး။ ပြန် တော့မလို့လား"

အဲသလိုပြောတော့ ညွှန့်သည်လင်မယားမှာ ယောင်ရမ်းပြီး လက် တွေ နောက်ပိတ်ရပ်နေရင်း-

"မြန်မြန်စိုက်"

"စိုက်နေတာပဲ"

"အချိန်မရှိဘူး"

"သိသားပဲ"

"သိရင် ပါးချလိုက်၊ ပါး-ပါးချလိုက်"

ကိုကြည်ဝင်းက နောက်ဆုံး လယ်စိုက်လုပ်နေးလည်းဖြစ်၊ နေက လည်း ဝင်တော့မှာဆိုတော့ လယ်စိုက်အထား၊ ဘောက်အဖွဲ့အထားနဲ့ ပြောလိုက်တယ်။

အဲဒီအချိန်မှာ-

ခင်အေးက သူ့အနီးမှာစိုက်နေတဲ့ ကောင်မတစ်ယောက်ကို ပါးချ လိုက်တယ်။

"ကဲ"

"ဖျန်း"

"အား… ဒီကောင်မ ဒီကောင်မ- ကျုပ်ကို တမင်သက်သက် ပါးရိုက်တယ်"

"ဟယ်… ကိုကြည်ဝင်းတို့မက ကျုပ်သမီးကို ပါးချတယ်"

အဲဒါနဲ့ ဘောက်အဖွဲ့ဟာ ဆူကြပူကြတော့ ကိုကြည်ဝင်း မနေသာ ဘူး။ လယ်ထဲဖြတ်ပြေးလာပြီး ခင်အေးကို…

"နင် ဘာဖြစ်လို့ သူ့ပါးကိုချရတာလဲ"

"ဦးလေးဝင်းပဲ ပါးချဆိုလို့"

အဲသလို ခင်အေးကပြောတော့ ကိုကြည်ဝင်းက…

"ဟာ… လူ့ပါးချခိုင်းတာမဟုတ်ဘူး။ နေဝင်တော့မှာမို့ ဒီငန်း ဒီလယ် မြန်မြန်ပြီးအောင် ခပ်ပါးပါး ခပ်ကျဲကျဲ စိုက်ခိုင်းတာ"

"ဟင်- သိဘူးလေ"

အဲဒီတော့မှ သဘောပေါက်သွားတဲ့ခင်အေး မျက်လုံးပြူးသွားပြီး ပါးအချခံရတဲ့ မိန်းကလေးမှာတော့ ငိုမဲ့မဲ့။ ကျန်အဖွဲ့ကတော့ တဟားဟား

ရယ်ကြတာပေါ့။

အဲဒီအချိန်ကစပြီး ခင်အေးအကြောင်းသိတဲ့ ဘောက်အဖွဲ့က ခင်အေးကိုမြင်ရင်-

သူနဲ့မစိုက်ချင်ပေါင်၊ ပါးအရိုက်ခံရမှာစိုးလို့တဲ့။



# တော်စမ်းပါကွာ

တစ်ခါက အထက်အညာမှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ မကြည်ဆိုတဲ့ မိန်းမတစ်ဦးရှိပြီး မကြည်ရဲ့မိဘတွေဖြစ်တဲ့ ဦးမြင့်ကျော်-ဒေါ်များဆိုတာ လူချမ်းသာတွေ ဖြစ်တယ်တဲ့။ ဦးမြင့်ကျော်တို့မှာ မကြည်ဆိုတဲ့ သမီးတစ်ဦးပဲရှိပြီး သူတို့ပိုင်ဆိုင်တဲ့ လယ်တွေယာမြေတွေဟာ ကေလေးဆယ်ကျော်ရှိတယ်။ နွားနှစ်ရှဉ်း လုပ်မေါ့ကွယ်။

ပြောရမယ်ဆိုရင် အဲဒီရွာမှာ မကြည်တို့က လူချမ်းသာစာရင်းဝင်ထဲကပေါ့။

မကြည်ဟာ တစ်ဦးတည်းသောသမီးလည်းဖြစ်၊ စီးပွားရေးကလည်းရှိ၊ လယ်ယာမြေတွေရဲ့ မျက်နှာ ရွှေငွေတွေရဲ့မျက်နှာ၊ ဆွေမျိုးတောင့်တင်းမှုရဲ့ အရှိန်ကြောင့် မကြည်ရဲ့ အလှအပဟာ ထင်ပေါ်ခဲ့တယ်။ မိဘနှစ်ပါးက ချမ်းသာတော့ သားသမီးအရှိန်အဝါ တက်ခဲ့သလို သမီးဖြစ်သူက လှတော့လည်း မိဘရဲ့အရှိန်အဝါ တက်ခဲ့တာပေါ့။

ဘာဖြစ်လို့လဲ သိလား။

ဒီလိုလေ…

မကြည်အလှကိုမက်ပြီး ယူချင်တဲ့လူရှိသလို မကြည်ပိုင်မယ့် စီးပွားရေးကိုမက်ပြီး ပေးစားချင်ကြတဲ့လူတွေရှိသလို မကြည်ရဲ့ အလှရော မကြည်ပိုင်မယ့်ပစ္စည်းတွေရော နှစ်ခုစလုံးမက်ပြီး ယူချင်တဲ့လူလည်း ရှိနေတာကိုး။

ဒီတော့ အလှရော ဂုဏ်ရော ရှိတဲ့ မကြည်တို့မိသားစုရဲ့ ဂုဏ်ခြပ်ကမကြီးဘဲ နေပါ့မလား။

# ကော်စမ်းပါကွာ

တစ်ခါက အထက်အညာမှာ ရွာကြီးတစ်ရွာရှိတယ်။ အဲဒီရွာမှာ မကြည်ဆိုတဲ့ မိန်းမတစ်ဦးရှိပြီး မကြည်ရဲ့မိဘတွေဖြစ်တဲ့ ဦးမြင့်ကျော်-ဒေါ်ဗျာဆိုတာ လူချမ်းသာတွေ ဖြစ်တယ်တဲ့။ ဦးမြင့်ကျော်တို့မှာ မကြည်ဆိုတဲ့ သမီးတစ်ဦးပဲရှိပြီး သူတို့ပိုင်ဆိုင်တဲ့ လယ်တွေယာမြေတွေဟာ ကေလေးဆယ်ကျော်ရှိတယ်။ နွားနှစ်ရှဉ်း လုပ်မေ့ကွယ်။

ပြောရမယ်ဆိုရင် အဲဒီရွာမှာ မကြည်တို့က လူချမ်းသာစာရင်းဝင်ထဲကပေါ့။

မကြည်ဟာ တစ်ဦးတည်းသောသမီးလည်းဖြစ်၊ စီးပွားရေးကလည်းရှိ၊ လယ်ယာမြေတွေရဲ့များပြားမှု၊ ရွှေငွေတွေရဲ့များပြားမှု၊ ဆွေမျိုးတောင့်တင်းမှုရဲ့ အရှိန်ကြောင့် မကြည်ရဲ့ အလှအပဟာ ထင်ပေါ်ခဲ့တယ်။ မိဘနှစ်ပါးရဲ့ ချမ်းသာတော့ သားသမီးအရှိန်အဝါ တက်ခဲ့သလို သမီးဖြစ်သူက လှတော့ရွာသည်း မိဘရဲ့အရှိန်အဝါ တက်ခဲ့တာပေါ့။

ဘာဖြစ်လို့လဲ သိလား။

ဒီလိုလေ...

မကြည်အလှကိုမက်ပြီး ယူချင်တဲ့လူရှိသလို မကြည်ပိုင်မယ့်စီးပွားရေးကိုမက်ပြီး မေးစားချင်ကြတဲ့လူတွေရှိသလို မကြည်ရဲ့ အလှရော မကြည်ပိုင်မယ့်ပစ္စည်းတွေရော နှစ်ခုစလုံးမက်ပြီး ယူချင်တဲ့လူလည်း ရှိနေတာကိုး။

ဒီတော့ အလှရော ဥစ္စာပါရှိတဲ့ မကြည်တို့မိသားစုရဲ့ ဂုဏ်ဒြပ်ကမကြီးဘဲ နေပါ့မလား။

အဲဒီလိုနဲ့ မကြည် အသက်(၁၉)နှစ်ထဲမှာ ရွာထဲကလူချမ်းသာ စာရင်းဝင်တစ်ဦးဖြစ်တဲ့ ကိုကျော်ဆိုတဲ့လူနဲ့ အိမ်ထောင်ကျခဲ့တယ်။ ကိုကျော်ဆိုတော မကြည်တို့လိုပဲ တောင်သူကြီးပါပဲ။ လယ်တွေယာတွေ အများကြီးရှိတယ်။ ကျွဲနွားတွေရှိတယ်။ ဆွေတောင့်မျိုးတောင့် ဂုဏ်ဒြပ်တောင့်တဲ့အတွက် တောင်သူအချင်းချင်း (စီးပွားရေးကိုပြောတာ) နှစ်ဖက်မိဘတွေက ပေးစားကြတော့တာပေါ့။ (လူငယ်ချင်းကတော့ ရင်ခုန်ခဲ့ ရင်ဖိုခဲ့တာမျိုး ရှိချင်မှရှိမယ်။)

ထားပါတော့။ နှစ်ဖက်မိဘခွင့်ပြုချက်နဲ့ ကိုကျော်နဲ့ မကြည်တို့ ယူခဲ့ကြပြီးတဲ့နောက် ကိုကျော့်မိဘတွေက တစ်ဦးတည်းသမီးဖြစ်တဲ့ မကြည်ရဲ့ စည်းစိမ်တွေဆီ၊ ဂုဏ်ဒြပ်တွေဆီ အပြီးထည့်လိုက်ပြီး လယ်ယာမြေတွေပုံအောပြီး ပေးလိုက်သတဲ့။ အဲဒီတော့ (ရေများရာမိုးရွာ)ဆိုသလို မကြည်စီးပွားရေး ပိုတောင့်သွားတယ်။ ကိုကျော်ရော မကြည်ပါ အရင်ကထက် ချမ်းသာတော့ ပိုပြီး မာနကြီးသွားတယ်။

အဲသလိုနဲ့ အိမ်ထောင်သက် သုံးနှစ်အရမှာတော့ သမီးတစ်ယောက်နဲ့သားတစ်ဦး မွေးအပြီးမှာတော့ ကိုကျော်တစ်ယောက် ရုတ်တရက်ဆုံးပါးခဲ့သတဲ့။

ဒီတော့ အပူတွေနဲ့သောကတွေ လိမ်းကျံနှံရစ်သူက မကြည်ပဲပေါ့။ ဒါပေမယ့် မကြည်မှာ ကလေးနှစ်ဦးကျန်ရစ်တာရယ်၊ ကိုကျော့်စီးပွားရေးတွေ ကျန်ရစ်တာရယ်ကြောင့် မကြည် ဖြေသာတာပေါ့လေ။

မကြည်ခမျာ မုဆိုးမဘဝ ရောက်ခဲ့ရတယ်။,

ကလေးနှစ်ယောက်နဲ့ပေါ့။

ဒါပေမယ့် မကြည်ရဲ့အလှက ပျက်မသွားဘူး။ အလှမပျက်တဲ့အပြင် မကြည်မှာရှိတဲ့ ပစ္စည်းတွေကြောင့် အပျိုဘဝကလိုပဲ မကြည်ဂုဏ်သတင်းက ထင်ပေါ်ဆဲပါပဲတဲ့။

အဲသလိုနဲ့ မကြည် အိမ်ထောင်ပျက်စီးပြီး နှစ်နှစ်အကြာမှာတော့ တာတီးဆိုတဲ့ လူငယ်တစ်ဦးက မကြည်ကို ချစ်တယ်လို့ ပြောခဲ့တယ်။

တာတီးဟာ တောင်သူဖြစ်ပေမယ့် စီးပွားရေးက နွားတစ်ရှဉ်းလုပ်ပဲရှိတာ ဆိုတော့ မကြည် စီးပွားရေးနဲ့စာရင် ဆင်နဲ့ဆိတ်လိုပါပဲတဲ့။

ရှိစေတော့။

တာတီးကို မကြည်က ကြိုက်တယ်။ မကြည်ကို တာတီးက လိုချင်တယ်။ ဘာပြုလို့လည်းဆိုရင် တာတီးက အသက်နှစ်ဆယ်၊ မကြည်က အသက်သုံးဆယ်နား ကပ်နေပြီ။ (၇/၈)နှစ်လောက် ကွာတယ်။ အသက်ငယ်တဲ့ တာတီးကို မကြည်ချစ်တော့မှာပေါ့။ (ဘာကြောင့်မှန်းမသိပါ။)

ဖြီးတော့ တာတီးက လူချော။ အရုပ်ကကောင်း၊ အသားအရေက အစ အင်္ဂါနဲ့တဲ့လူကိုး။

အဲသလိုနဲ့ မကြည်နဲ့တာတီးတို့ ချစ်သူတွေ ဖြစ်သွားကြတယ်။ မကြည်က သားသမီးနှစ်ယောက်ရှိတဲ့ မိခင်ဘဝကို မေ့သွားပြီး တာတီးနဲ့ ချိန်းတွေ့တယ်။ ရင်ခုန်တယ်။ ရင်တုန်တယ်။ နှစ်ဖက်မိဘတွေကလည်း သူတို့နှစ်ဦးရဲ့အကြောင်းကို သိသွားတယ်။ သိပေမယ့် အတားအဆီး မပြုတော့ဘူး။

မကြည်ဘက်က မိဘတွေကလည်း သူတို့သမီးက ကလေးနှစ်ယောက်အမေ။ ဒါ့ကြောင့် ငြိမ်ခံတယ်။ (စကားမပြောတာ၊ ပြဿနာမရှာတာကို ပြောတာပါ။) အဲ- တာတီးမိဘတွေကလည်း မကြည်က ချမ်းသာတယ်။ ဒါကြောင့် သဘောတူတယ်။

အဲဒါနဲ့ အတားအဆီးမရှိတဲ့ တာတီးနဲ့ မကြည်တို့ရဲ့ လူပျိုအအိုစတဲ့လမ်းဟာ လမ်းဆုံးရောက်တော့မယ်ပေါ့။ လမ်းဆုံးဆိုတာ မင်္ဂလာဆောင်တော့မယ်တဲ့။ တာတီးရဲ့မိဘတွေကလည်း (အပျိုတွေအအိုတွေ)ဆိုတဲ့ ဂုဏ်ကို အသာထား၊ ငွေရှိတဲ့ မကြည်နဲ့ ညားတော့မှာဆိုတော့ရှိတဲ့ လယ်မြေထဲကပဲ့ပြီး မကြည် ကျေနပ်အောင် လက်ဖွဲ့ပေးခဲ့တာပေါ့။

တာတီးကတော့ မကြည်နဲ့ မင်္ဂလာဆောင်မှာဆိုတော့ ဝမ်းသာနေရှာတာပေါ့။

အဲသလိုနဲ့ မင်္ဂလာဆောင်ရက် နီးလာပြီ။

## မပြောဘူး

တစ်ခါက ရွာတစ်ရွာမှာ ကိုပေါက်၊ မပုမဆိုတဲ့ လင်မယားရှိသတဲ့။

ကိုပေါက်တို့၊ မပုမတို့ဟာ ဆင်းရဲကြတယ်။ ကိုပေါက်မိဘတွေကလည်း ဆင်းရဲ၊ မပုမမိဘတွေကလည်း ဆင်းရဲလေတော့ သူတို့အိမ်ထောင်ကျ၊ သီးခြားစီးပွားရေး ခွဲပြန်တော့လည်း ခြေဗလာလက်ဗလာချည်း ခွဲကြရတာဆိုတော့ ဆင်းရဲကြတာပေါ့။

အဲဒီရွာမှာ ဆင်းရဲသားစာရင်းဝင်တဲ့ ကိုပေါက်တို့လင်မယားဟာ တွေ့ရာကြုံရာအလုပ်ကို လုပ်ခဲ့ရတယ်။

ကိုပေါက်က နှစ်ပြတ်အလုပ်သမားလည်းဝင်ပြီး တောင်သူတွေအိမ်မှာ အလုပ်လုပ်တယ်။ နေ့စားလည်း လုပ်တယ်။ ပြီးတော့ ထင်းခုတ်၊ ရေသွင်း၊ အိမ်သာတျင်းတူးအထိ အလုပ်လုပ်ပြီး မိသားစုကို ရှာကျွေးရှာတယ်။

မပုမကတော့ အိမ်မှာ ထမင်းဟင်းချက်ရတယ်။ သားသမီးသုံးယောက် ကျောင်းသွားကျောင်းပြန်ကို ပြင်ဆင်ပေးရတယ်။ ပြီးတော့ ထင်းခွေ၊ ဟင်းရွက်ခူးပြီး ရောင်းရရှာသတဲ့။

ပြောရမယ်ဆိုရင် ရရစားစား ဝါးဝါးမျိုမျိုနဲ့ ကိုပေါက်တို့ မိသားစုငါးဦး လုံးလည်ချပ်ပြားရိုက်ပြီး မှန်လုံးစက္ကူကပ် ဖြစ်နေတော့တာပေါ့။

အစကတည်းက အခြေခံအုတ်မြစ်မရှိတဲ့ စီးပွားရေးအခြေအနေတို့

## မပြောဘူး

တစ်ခါက ရွာတစ်ရွာမှာ ကိုပေါက်၊ မပုမဆိုတဲ့ လင်မယားရှိသတဲ့။

ကိုပေါက်တို့၊ မပုမတို့ဟာ ဆင်းရဲကြတယ်။ ကိုပေါက်မိဘတွေက လည်း ဆင်းရဲ၊ မပုမမိဘတွေကလည်း ဆင်းရဲလေတော့ သူတို့အိမ်ထောင် ကျ၊ သီးခြားစီးပွားရေး ခွဲပြန်တော့လည်း ခြေဗလာလက်ဗလာချည်း ခွဲကြ ရတာဆိုတော့ ဆင်းရဲကြတာပေါ့။

အဲဒီရွာမှာ ဆင်းရဲသားစာရင်းဝင်တဲ့ ကိုပေါက်တို့လင်မယားဟာ တွေ့ရာကြုံရာအလုပ်ကို လုပ်ခဲ့ရတယ်။

ကိုပေါက်က နှစ်ပြတ်အလုပ်သမားလည်းဝင်ပြီး တောင်သူတွေ အိမ်မှာ အလုပ်လုပ်တယ်။ နေ့စားလည်း လုပ်တယ်။ ပြီးတော့ ထင်းခုတ်၊ ရေသွင်း၊ အိမ်သာကျင်းတူးအထိ အလုပ်လုပ်ပြီး မိသားစုကို ရှာကျွေးရှာ တယ်။

မပုမကတော့ အိမ်မှာ ထမင်းဟင်းချက်ရတယ်။ သားသမီးသုံး ယောက် ကျောင်းသွားကျောင်းပြန်ကို ပြင်ဆင်ပေးရတယ်။ ပြီးတော့ ထင်း ခွေ၊ ဟင်းရွက်ခူးပြီး ရောင်းရရှာသတဲ့။

ပြောရမယ်ဆိုရင် ရရစားစား ဝါးဝါးမျိုမျိုနဲ့ ကိုပေါက်တို့ မိသားစု ငါးဦး လုံးလည်ချပ်ပြားရိုက်ပြီး မုန့်လုံးစက္ကူကပ် ဖြစ်နေတော့တာပေါ့။

အစကတည်းက အခြေခံအုတ်မြစ်မရှိတဲ့ စီးပွားရေးအခြေအနေတို့

ကြောင့် အကြွေးတင်တော့တာပေါ့လေ။ အကြွေးတင်တော့ အပူမလည်ဘူးပေါ့။ (အပူမလည်ဘူးဆိုတာ အကြွေးတင်ဆဲ၊ ရှာရဖွေရဆဲ)ပဲဆိုတဲ့ သဘောပေါ့။

အဲသလိုနဲ့ ကလေးသုံးယောက်နဲ့ နေရောညပါ အလုပ်လုပ်ကျွေးနေရတဲ့ ကိုပေါက်မှာတော့ ကြာလေ စိတ်ညစ်လေပေါ့။

အကြွေးက တင်နေဆဲ၊ သပ်နေရဆဲကိုး။

“အင်း… ပုမရယ်၊ နင်တို့ငါတို့ဘဝက တစ်လတစ်ကြိမ်ဖွင့်တဲ့ အောင်ဘာလေ သိန်းငါးရာဆုကြီးပေါက်မှ အဆင်ပြေမယ့် ဘဝပါဟာ”

“ဟင်… ဒီလောက်ပေါက်မှတော့ အဆင်ပြေမှာပေါ့တော်”

“အင်း… ငါတို့မှာ ထီဖိုးမတတ်နိုင်တာက ခက်တယ်”

“မလျှော့ပါနဲ့တော်…”

မပုမက ကိုပေါက်ကို အားပေးတယ်။

ကိုပေါက်က…

“နင်ကသာ မလျှော့နဲ့ ပြောနေတာ၊ ငါတော့ လျှော့ချင်ပြီ”

“ဘာရယ်”

ကိုပေါက်စကားကြောင့် မပုမ မျက်လုံးပြူးသွားတယ်။ (လျှော့ချင်ပြီဆိုတဲ့စကားကို တလွဲအဓိပ္ပာယ်ကောက်လွဲပုံရပါရဲ့။)

“ဩော်-ဟော်-ဟော်… ဒီလိုပါဟာ၊ လျှော့ချင်ပြီဆိုတာ စိတ်တွေ အင်အားတွေ လျှော့ချင်ပြီလို့ ပြောတာ။ လုပ်သလောက် ဆင်းရဲနေတာဆိုတော့”

“လုပ်ပါတော် အချိန်တန်ရင် နပိန့်တန်မှာပါ”

“ငရဲပြည်ရောက်မှ နပိန့်တန်မယ့် ကံတရားနဲ့တူပါရဲ့။ ဩော်-အနိစ္စ၊ ဒုက္ခ၊ အနတ္တ”

ကိုပေါက်ဟာ တရားသဘောနဲ့ ညည်းတွားရှာသတဲ့။

တစ်ရက်တော့ ကိုပေါက် တောက ပြန်လာတယ်။ အဲဒီရက်က လယ်အထွန်ကို နေ့စားအလုပ်သမားအဖြစ် အထွန်လိုက်သွားရတာကိုး။

အလုပ်ကပန်း၊ ရင်ထဲကျုပ်ချင်ချင်၊ ထမင်းကဆာ။ ပြီးတော့ မနက်ခင်း အထွန့်ဆိုပြီး နေစောင်းမှပြန်တဲ့ အခင်းရှင်နဲ့ တွေ့တာကိုး''

အိမ်ရောက်တော့ ပန်းပန်းနဲ့ အိမ်ထဲဝင်တယ်။ ချွေးတွေသုတ်တယ်။

''ပုမ''

''တော်''

''ထမင်းခူး''

ကိုပေါက်က အဲသလိုပြောတော့ မပုမ အံ့အားသင့်သွားတယ်။

''တော့်ကို အဲဒီထွန်တဲ့အိမ်က ထမင်းမကျွေးဘူးလား''

''[illegible] ပေါ်က မစားခဲ့ဘူး''

''အင်... ဘာဖြစ်လို့''

''ဘာဖြစ်ရမှာလဲ နင်စဉ်းစားကြည့်၊ မနက် ၁၂ နာရီထိုးလောက် ထသွားရတယ်။ ဒါ နင်အသိပဲ''

''ဟုတ်''

''အစောကြီးသွား နေမြင့်မှနား၊ နားတော့လည်း ပါတဲ့လူက ခြောက်ပေဘက်၊ ထမင်းစားမယ့်ထမင်းက မွေးကာစကလေးစားရင်တောင် မဝတဲ့ ထမင်းပဲပါတာ။ ပြီးတော့ ညနေသုံးနာရီထိုးမှ ပြန်လာတာဆိုတော့ စိတ်ဆိုးပြီး ထမင်းမစားဘဲ ပြန်လာတာ၊ ထမင်းဆာတယ်။ ထမင်းခူး''

''အင်း''

''ဘာချက်လဲ''

ပြောရင်းနဲ့ ကိုပေါက်က ထမင်းခူးခိုင်းတယ်။ ဘာချက်လဲလို့ မေးလိုက်တယ်။

''ပျော့ရှူး''

မပုမက ပြောတော့...

''ဘာ... မပြောဘူး၊ ဟုတ်လား။ မပြောရအောင် နင့်ဟင်းက ဘာဟင်းမို့လို့လဲဟင် ဟပုမရဲ့။ ဘာဟင်းချက်တာလဲ၊ ငါမေးနေတယ် ပုမရဲ့''

"ပျော့ဖူး"

"ဘာ… မပြောဘူး၊ ဟုတ်လား"

"ဟုတ်တယ်၊ ပျော့ဖူး"

"တယ်… သေတော့မှာပဲ။ ငါ ထမင်းဆာ လွန်းလို့ ဒေါသထွက်နေတာဟ၊ ဘာဟင်းချက်လဲ"

"ပျော့ဖူးပါဆိုနေ"

"ဒီလောက်ရှိတာ ကဲ…"

"ခွပ်…ခွပ်…ခွပ်"

"အား…အမလေး၊ ကယ်ပါဦး"

ကိုပေါက်က မပုမကို လက်သီးနဲ့ သုံးလေးချက်ဆက်ထိုးတော့ မပုမက အော်တယ်။ ငိုတယ်။ ဘေးအိမ်တွေကို အကူအညီတောင်းတော့ ဝန်းကျင်ကလူတွေ ပြေးလာတယ်။ ဖျန်ဖြေကြတယ်။ ဆွဲကြတယ်။ မေး ကြတယ်။

"ဘာဖြစ်တာလဲ"

"ကိုပေါက်ရာ… ဘာဖြစ်တာလဲ"

"ပုမကို ဘာပြုလို့ ရိုက်တာလဲ"

"ပုမက ကိုပေါက်ကို ဘာပြောလို့လဲ"

အဲသလိုမေးတော့ ကိုပေါက်က ဖြစ်စဉ်ကို ပြောပြတယ်။

"တော်ကအပြန် ထမင်းခူးနိုင်းတာ၊ ဘာဟင်းချက်လဲ မေးတာ။ မပြောဘူးဆိုလို့ ရိုက်တာ"

ကိုပေါက်စကားအဆုံး မပုမ ပြန်ဖြေတော့ လူတွေသဘောပေါက် ပြီး တဟားဟားတဝါးဝါး ရယ်ကြသတဲ့။

မပုမ အဖြေစကားက…

"ကျုပ်က ငှက်ပျော့ဖူးကိုလှီးပြီး ငါးပိချက် ချက်ထားလို့ တော်က ဘာဟင်းချက်လဲမေးတော့ ပျော့ဖူးလို့ ပြောတာပါတော့။ အီး-ဟီးဟီး- ဟီး…အမလေးနာလိုက်တာ၊ ကိုပေါက်က နာအောင်လုပ်တတ်တယ်တော့်"

ဒီတော့ လာဆွဲကြတဲ့သူတွေက…

"ဩော်- ပြောဘူးနဲ့ ပျော့ဖူး မှားတာကိုး"

အဲသလို မှတ်ချက်ပြုအပြီးမှာတော့ အဲဒီရွာမှာ စကားတစ်ခွန်း ရာဇဝင်တွင်သွားသတဲ့။ အဲဒီစကားက လှင်မယားရန်ဖြစ်ပြီဆိုရင်…

"ပြောဘူးနဲ့ ပျော့ဖူး မှားကြတာလား" တဲ့လေ။

## ကိုစုတာချိုး

တစ်ခါက ရွာတစ်ရွာမှာ ကိုစုဆိုတဲ့ လူတစ်ယောက်ရှိတယ်။ အဲဒီ ကိုစုဟာ အိမ်ထောင်မရှိ အိမ်ထောင်သည် မုဆိုးဖိုကြီးတဲ့။ ကိုစုအသက်က ငါးဆယ်ကျော်ရုံပဲ ရှိပါသေးသတဲ့။

တကယ်တော့ ကိုစုဟာ အသက်နှစ်ဆယ်မှာ အိမ်ထောင်ကျခဲ့ပြီး ကလေးနှစ်ယောက်အရ အိမ်ထောင်သက်ငါးနှစ်ထဲအဝင်မှာ ဇနီးဖြစ်သူ မကြွက် သေခဲ့တယ်။ မကြွက်ဟာ ကိုစုဖိလွန်းလို့ (အဲလေ-ကိုစုရိုက်လွန်း၊ ပေါက်လွန်းလို့)စိတ်ညစ်ပြီး သူ့မိဘအိမ် ဆင်းသွားရင်းနဲ့ သူ့မိဘအိမ်မှာပဲ သေခဲ့သတဲ့။

မကြွက်မ သေတော့ ကျန်တဲ့ကလေးနှစ်ယောက်နဲ့ ဘဝကိုရုန်းကန်ပြီး နေရတော့တာပေါ့။ အခုဆိုရင် သမီးအကြီးက အသက်(၂၅)နှစ်၊ သမီးအငယ်က နှစ်ဆယ်ကျော်ရှိနေပြီပေါ့။ ကိုစုခမျာ သမီးအကြီးနဲ့ သမီးအငယ်ကို အားကိုးပြီး ဘဝကို ရပ်တည်နေရရှာသတဲ့။

သမီးကြီးရော သမီးငယ်ပါ ကျောင်းလိုက်ခဲ့ကြရပါတယ်။ ဒါပေမယ့် လေးတန်းအောင်ပြီး အကြီးမ ကျောင်းထွက်တယ်။ အငယ်မက ငါးတန်းအထိ နေခဲ့ရရှာတယ်။ နောက်တော့ ကျောင်းထွက်ပြီး ဖခင်မုဆိုးဖိုကြီးကို လုပ်ကျွေးနေရရှာတာပေါ့။

"တော်ပါသေးရဲ့၊ မကြွက် မွေးခဲ့တာတွေက သမီးတွေချည်းမို့ သားတွေဆိုရင် ဒီအရွယ်မှာ ခွာရာခြင်းတူတဲ့အရွယ်တွေ၊ ငါ့ကို ပြန်လုပ်ကြမှာ။ အရက်သောက်ကြ၊ ထန်းရည်သောက်ကြနဲ့ လွယ်မှာမဟုတ်ဘူး။ အခု မိန်းကလေးချည်းပဲဆိုတော့ အင်း-အင်း...ကြွက်ကြွက်ရယ် လွမ်း

လိုက်တာ၊ ဘယ်က လွှမ်းနေမှန်း မသိဘူး။ ကြွက်ကြွက်ကို ခေါင်းထဲက လွှမ်းသလိုလို၊ ရင်ဘတ်ထဲကအောင့်၊ အဲ- လွှမ်းသလိုလို၊ ခါးထဲက သတိရသလိုလို၊ ပေါင်ထဲက တမ်းတနေသလိုလိုပါပဲလား”

သမီးတွေရှာကျွေးတဲ့ ထမင်းကိုစားရင်း သောပြုံးပြုံးနဲ့ ချစ်မယား မကြွက်ကို သတိရနေသဲပဲတဲ့။

အဲ-ကိုစုက အိမ်ထဲမှာ သောင်းကျန်းနေတဲ့ ကြွက်ထီးကြွက်မတွေ မြင်တိုင်း သူ့မယားမကြွက် (ကြွက်ကြွက်)ကို ပိုပြီး သတိရသတဲ့။ ငိုခဲ့သတဲ့။

“အမလေး… ကြွက်ကြွက်ရယ်၊ အိမ်မှာ သောင်းကျန်းနေတဲ့ ကြွက်ထီးကြွက်မတွေ မြင်တိုင်း သတိရရပါလား ကြွက်ရဲ့၊ ကြွက်ကြွက်ရဲ့”

အဲသလို ကြိတ်ပြီး ငိုခဲ့ရသတဲ့။ သမီးတွေ သိမှာစိုးသတဲ့။ ဘေးဝန်းကျင်သိမှာ စိုးသတဲ့။ (တကျော့ရှူးကြီးလို့ အပြောခံရမှာကိုး။)

ဒါပေမယ့် ကိုစုကတော့ နောက်ပိုင်းမှာ စာတွေပေတွေဖတ်ရင်းနဲ့ ပျော်ပျော်နေရင်းနဲ့ပဲ နေလာခဲ့သတဲ့။

အဲ- ကိုစုက ရွာမှာရှိတဲ့အလှူတွေ၊ မင်္ဂလာဆောင်တွေနဲ့ ဘုရားပွဲတွေ၊ ကြည့်ချင်ပွဲတွေ ပါရင်တော့ ရှေ့ဆုံးကပဲပေါ့။ ရွာမှာတင်မကဘူး။ တခြားရွာမှာရှိတဲ့ ပွဲလမ်းသဘင်ဆိုရင်လည်း အလွတ်မပေးဘူးတဲ့။

ကိုယ့်ဟာ သွားလေရာမှာ တွေ့တဲ့အရာတွေကို စာချိုးချိုးတတ်အောင် လေ့ကျင့်နေသူလည်း ဖြစ်သတဲ့။ မယားမရှိတော့ ကာရာနဲ့စာနဲ့ ပွဲလမ်းသဘင်နဲ့ ပျော်တော့မယ်ဆိုတဲ့ သဘောမျိုး။ နောက် အိမ်ထောင်ပြုရအောင်ကလည်း ကြိုက်မယ့်လူ မရှိဘူး။ ကြိုက်မယ့်လူရှိရင်တောင်မှ အရွယ်ရောက်နေတဲ့ သမီးနှစ်ယောက်ကိုကြောက်ပြီး ယူရဲမှာ မဟုတ်တော့ဘူးပေါ့။ (မိန်းမယူတော့ ယူချင်တဲ့ပုံ ရှိပါတယ်ကွယ်။)

အဲသလိုနဲ့ပေါ့… အဲသလိုနဲ့…

ကိုစုတို့ရွာနဲ့ လေးမိုင်ဝေးတဲ့ ညောင်ကျိုးရွာမှာ ဘုရားပွဲရှိတယ်။ ဘုရားပွဲရှိတယ်ဆိုတော့ ညောင်ကျိုးက သူငယ်ချင်းတွေဆီသွားတော့တာပေါ့။

ကိုစုဟာ ညောင်ကျိုးရွာကို လာသာလာခဲ့ရတယ်၊ စိတ်ကတော့ ခပ်ပျက်ပျက်ပါပဲ။ ဘာပြုလို့လဲဆိုရင် ညောင်ကျိုးရွာဟာ ရွာကြီးဖြစ်ပြီး အရှေ့ညောင်ကျိုးရွာနဲ့ အနောက်ညောင်ကျိုးဆိုတဲ့ ရွာနှစ်ရွာရှိတယ်။ အရှေ့ရွာနဲ့ အနောက်ရွာရဲ့ကြားမှာ လှည်းလမ်းတစ်လမ်းသာ ခြားထားပြီး ထူးခြားတာက အရှေ့ညောင်ကျိုးရော အနောက်ညောင်ကျိုးရွာဟာ တောင်ပိုင်းမြောက်ပိုင်း မတည့်ဘူးတဲ့။

အဲဒီ တောင်ပိုင်းမြောက်ပိုင်းမတည့်တဲ့အချက်က ပထမထူးခြားချက်(စိတ်ပျက်စရာအချက်တစ်ခု)ဖြစ်ပြီး ဒုတိယထူးခြားချက်က ဘုရားပွဲရက်ဟာ တစ်ရက်တည်းပဲတဲ့။ အရှေ့ညောင်ကျိုးအပိုင် ဆုတောင်းပြည့်ဘုရားပွဲနဲ့ အနောက်ညောင်ကျိုး သဲစေတီဘုရားပွဲရက်ဟာ တစ်ရက်တည်းပါပဲတဲ့။

အဲဒီညောင်ကျိုးအနောက်ရွာက မိတ်ဆွေတွေအိမ်မှာ ကိုစုရောက်ခဲ့တယ်။ ရောက်တော့ အရှေ့ရွာဘုရားပွဲ မစည်ကားကြောင်း၊ အနောက်ရွာဘုရားပွဲလည်း စိတ်ပျက်စရာကောင်းကြောင်း ပြောတော့တာပေါ့။

"အင်း... ခက်တယ်။ ကိုစုဟာ အရှေ့ညောင်ကျိုးက ဘုရားပွဲကလည်း ခပ်သဲသဲ၊ ကျုပ်တို့အနောက်ရွာ ဘုရားပွဲကလည်း အသက်ငင်ငင်ဖြစ်နေပြီဗျ"

"အင်... ဘာဖြစ်ကြတာလဲ ပြောပါဦး"

"ဘာဖြစ်ရမှာလဲဗျ။ ကျုပ်တို့ အနောက်ညောင်ကျိုးကိုကြည့်၊ ဘုရားပွဲသာကျင်းပနေတာ၊ မဟာဒုက်ယူမယ့်သူ မရှိဘူး။ အဲဒါ တောင်ပိုင်းက သားသတ်သမား ကိုကျင်မောင်က ဘုရားပင့်လာပြီး မဟာဒုက်ယူခဲ့သလို အရှေ့ညောင်ကျိုးမှာလည်း ဘုရားပွဲဒကာဖြစ်တဲ့ မဟာဒုက်ယူမယ့်သူမရှိလို့ တောင်ပိုင်းကမုဆိုးမ ကျင်ယုံက မဟာဒုက်ယူခဲ့လို့သာ ဘုရားပွဲကျင်းပခဲ့ကြရမှာဗျ"

"ဘာဖြစ်လို့ တောင်ပိုင်းမြောက်ပိုင်း၊ အရှေ့ပိုင်းအနောက်ပိုင်း ကွဲကြတာပါလိမ့်"

ကိုစုကမေးတော့ အိမ်ရှင်မိတ်ဆွေက…

"သိပါဘူးကွာ… လင်လုဘက်လည်းမရှိ၊ အပြိုင်အဆိုင်လည်း မရှိဘဲ ကွဲကြတာကွ"

"အင်း… ကွဲတယ်ဆိုမှတော့ ပြိုကြမှာပဲနော်"

"ဟာ… ဦးစုကလည်း ကွဲမှတော့ ပြိုကြမှာပေါ့"

"အင်း… ကွဲတိုင်းမကောင်းဘူး။ ပြိုတိုင်းမကောင်းဘူး"

"ဒါတော့ ခင်ဗျားပြောမှလား"

"ဒီလိုပါ။ မကောင်းဘူးဆိုတာ အဲသလိုကွဲပြိုကြတော့ ကြားထဲက တန်ခိုးကြီးဘုရား မျက်နှာငယ်ရတော့မှာပေါ့ကွာ"

အဲသလိုပြောပြီး နောက်ရက်မှာ အရှေ့ညောင်ကျိုးအပိုင် ဘုရားပွဲရော အနောက်ရွာအပိုင် ဘုရားပွဲရော၊ ဘုရားပွဲနှစ်ပွဲစလုံးကို ကိုစုသွားတယ်။ သိပ်ပြီး မစည်တဲ့ဘုရားပွဲနှစ်ပွဲကို ကြည့်ပြီး ကိုစု စာချိုးလိုက်တာကြောင့် ကြားရသူတွေ အခံရခက် မှဲ့ရခက်နဲ့ နောက်ပိုင်း ပြုံးကြရယ်ကြသတဲ့။

ဦးစု စာချိုးက…

"…တစ်နှစ်မှာတစ်လ… တစ်လမှာ ဘုရားပွဲနှစ်ပွဲရှိပေမယ့် တောင်မြောက် အရပ်အကွဲအပြဲတွေကြောင့် မမြဲတဲ့သဘော သူတို့မသိကြဘူးနဲ့တူပါရဲ့။ ရွှေးကြတဲ့ ဒီရွာကလူတွေ စိတ်မမှန်တော့ နိဗ္ဗာန်ဆော်တောင် စိတ်ညစ်ရတဲ့အဖြစ် ဘုရားပွဲရက်မစည်အောင် တမင်ရှဲတာကြောင့် တကယ် အမှန်အတိုင်း ပြောရမှာဖြင့် တောင်ပိုင်းတောင်ရပ်ကွက်တွေက မဟာဒုက် ဘုရား ဒုက္ခခံတာကြောင့် ဖြစ်ရတဲ့ ဘုရားပွဲတာကွယ်…ကြက်ပွဲအတိုင်း ပဲ"

အဲဒီတစ်ရွာသား ကိုစု စာချိုးကြောင့် ညောင်ကျိုးအရှေ့ရွာနဲ့ အနောက် ရွာတွေရှက်ပြီး ရာဇဝင်တစ်ခု တွင်သွားသတဲ့။

အဲဒီရာဇဝင်က နောင်နှစ်မှာ တောင်ပိုင်းမြောက်ပိုင်းမကွဲတော့ဘဲ ဘုရားပွဲနှစ်ပွဲစလုံး စည်ကားသွားလို့ပါပဲတဲ့။ မှတ်ကရောဗျား…။

# ဦးမိုး စာချိုးလိုက်ပုံက (၁)

တစ်ခါက အထက်အညာအရပ်မှာ ကျည်စုဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။

အဲဒီကျည်စုဟာ ရွာကြီးတစ်ရွာဖြစ်ပြီး စာတတ်ပေတတ်ပေါတယ်။ စာသမား ကဗျာသမားလည်း ရှိတယ်။ အနုပညာသမားထွက်တဲ့ရွာဆိုရင် မမှားဘူးပေါ့။

အဲဒီကျည်စုရွာမှာ ဦးမိုးဆိုတဲ့ လူပျိုကြီးရှိတယ်။ ဦးမိုးဟာ အသက် ငါးဆယ်ကျော်ရှိနေပြီး အိမ်ထောင်ပြုခြင်း လုံးဝမရှိဘဲနဲ့ မိဘတွေကို လုပ်ကျွေးနေသတဲ့။

"ဦးမိုးကြီး"

"ဗျာ…ပြော…မေး…ဖြေရန်အသင့်"

"ဦးမိုးကြီး… ဟို… ဘာဖြုလို့ လူပျိုကြီးဖြစ်နေရတာလဲဗျ"

လူငယ်တွေလူလတ်တွေက ဦးမိုးအိမ် အလည်လာရင်း မေးကြတယ်။

"ဘာဖြုလို့ လူပျိုကြီးဖြစ်ရသလဲဆိုရင် အိမ်ထောင်မရှိလို့ပေါ့"

လူငယ်တွေက ထပ်မေးတယ်။

"ဘာဖြုလို့ အိမ်ထောင်မရှိတာလဲ…ဟာင်"

"အင်း… ဘာဖြစ်လို့ အိမ်ထောင်မရှိရသလဲဆိုရင် အိမ်ထောင် မပြုခဲ့လို့ပေါ့ကွာ"

"ဟိုလေ… ဟို-ဟို"

"မေးပါ။ မင်းတို့မေးမှာ ငါ သိသလိုလိုပဲ။ ကဲ-မေး"

"ဟို… ဘာပြုလို့ အိမ်ထောင်မပြုတာလဲဟင်"

"အင်း… မပြုချင်လို့ မပြုတာပေါ့"

"ဘာပြုလို့ အိမ်ထောင်မပြုချင်တာလဲ"

"ဒီလိုလေကွာ ရွာဓလေ့ဆိုတာ ရှိတယ်။ ရှိတဲ့ ဒီလူ့ဘဝလေးမှာ မိဘတွေကို လုပ်ကျွေးမယ်။ အားလုံးချစ်ချစ်ခင်ခင် နေမယ်။ ကံရှိသင့်ရင် သာသနာ့ဘောင်ကိုတောင်တက်ပြီး ဒီသံသရာကလွတ်အောင်"

ဦးမိုးစကား မဆုံးခင်မှာ ကာလသားတစ်ယောက်က ပြုံးဖြဲဖြဲနဲ့ ဝင်မေးတယ်။

"ဦးမိုး အိမ်ထောင်မပြုချင်တာရော ဟုတ်ရဲ့လား"

"ဟာ… ဟုတ်ပါတယ်ကွ။ ဘာဖြစ်လို့"

"ဘာမှမဖြစ်ဘူး။ အိမ်ထောင်ပြုချင်ရက်နဲ့ ကြိုက်မယ့်လူမရှိလို့ မပြုရတာပဲ မဟုတ်လား"

အဲဒီကောင်လေး စကားအဆုံး ၇၄ လာတဲ့ပိုင်းတစ်ဦးက…

"ဟုတ်တယ်ကွ။ ငါတို့ဦးမိုးက မိန်းမ ရရာတာကို ကိုယ်အသုံးမကျ ရင် မကျဘူးမပြောဘူး။ မိဘလွှဲချ၊ သံသရာလွှဲချ၊ လူ့ဘဝသက်တမ်းကို လွှဲချနေတာကွ"

"ဝါး… ဟား… ဟား… ဟား…"

"ဟား… ဟား… ဟား…"

လူငယ်လူလတ်တွေအားလုံး ဦးမိုးကို ကြည့်ပြီး ရယ်ကြတယ်။ ဦးမိုးက ရှက်ရှက်နဲ့ ပြောတယ်။

"သေနာကျလေးတွေ… ငါ့အကြောင်းသိရက်နဲ့ ဒီကဖြင့် မသိဘူး ထင်လို့ ထကြီးတကျယ် ငိုကာချနေတာဟ- ကောင်းရော…"

ကျည်စုရွာမှာရှိတဲ့ လှငယ်တွေ၊ လှလတ်ပိုင်းတွေဟာ နေ့ခင်းထွန်ရာကအပြန်၊ ကျွဲကျောင်းနွားကျောင်းရာကအပြန်၊' လယ်တောကအပြန်နဲ့ ကိုင်းခုတ်မြက်နှုတ်ရာက ပြန်လာတိုင်း ဦးမိုးအိမ်ကိုလာပြီး စကားဝိုင်းဖွဲ့ကြသတဲ့။

အဲသလို လှငယ်တွေရောက်လာပြီဆိုရင် ဦးမိုးမိဘတွေက အဖန်ရည်တွေ လက်ဖက်သုပ်တွေနဲ့ ညှိခံခဲ့ပေမယ့် လှငယ်တွေကြားချင်တာက ဦးမိုးပါးစပ်က ရယ်စရာစကားနဲ့ ဦးမိုးချိုးမယ့် စာချိုးပဲ ကြားချင်ကြသတဲ့။

တစ်ရက်မှာတော့ တောကပြန်လာကြတဲ့ ရွာထဲကလှငယ်လှလတ်ပိုင်းတွေဟာ ထမင်းစားရေချိုးအပြီး ဦးမိုးအိမ် စုကြတယ်။ အားလုံးရောက်ကြတော့ ဦးမိုးတို့အိမ်ရှေ့က မန်ကျည်းပင်ရိပ်ကြီးရှေ့မှာ နေ့တိုင်းနေ့တိုင်းပဲ အဖန်ရည်အိုးနဲ့ ဝိုင်းဖွဲ့ပြီး ထိုင်ကြတယ်။

ထိုင်ကြရင်းနဲ့ တစ်ဦးက စုတ်သားကြိုက်ကြောင်း၊ ကျန်တစ်ဦးက သရက်သီးမှည့် သီပ်ကြိုက်ကြောင်း ပြောခဲ့တယ်။ အဲ- နောက်တစ်ဦးက ကောင်မလေးတစ်ယောက်ဟာ လင်ယူတာ ခြောက်ယောက်ရှိတဲ့အကြောင်း၊ အဲဒီကောင်မလေးအမည်က (မိသက်)ဆိုသူဖြစ်ကြောင်း၊ (ပြောသူက မိသက်ဟာ သူ့တူမဖြစ်တယ်လို့ ဝန်ခံခြင်းမရှိဘူး။ ရှက်လို့နဲ့တူပါရဲ့။) ပြောခဲ့သလို ကျန်တစ်ဦးက သူတို့မှာ နွားမကြီးနှစ်ကောင်ရှိကြောင်း တစ်နှစ်တစ်သားမှန်မှန်ကျပေးကြောင်း၊ နွားမမျိုးကောင်းကြောင်း၊ သူတို့နွားမမျိုးကောင်းတာထက် လိုက်သိုးပိုင်ရှင် မောင်တက်ဆိုသူရဲ့ လိုက်သိုး(ပဒေသာ)နွားကဟု မျိုးကောင်းကြောင်း ပြောခဲ့ပြန်တယ်။

အဲသလိုပြောတာတွေကို ဦးမိုးဟာ လိုက်ပြီး မှတ်ထားသတဲ့။

ဦးမိုးမှတ်ဆဲမှာ ကျန်တဲ့တစ်ဦးက ပြောတယ်။ ဘယ်ရွာပဲကြည့်ကြည့် ရွာမြောက်ပိုင်းနဲ့တောင်ပိုင်း မတူကြောင်း၊ မြောက်ပိုင်းက လူချမ်းသာမြေဖြစ်ပြီး တောင်ပိုင်းဆိုတာ လူဆင်းရဲမြေဖြစ်ကြောင်း ပြောပြန်တယ်။ အဲသလို ရွာတောင်ပိုင်းဆင်းရဲတာ၊ ရှုပ်စရာရှိ တောင်ပိုင်းကရှုစ်တဲ့အကြောင်းပြောအပြီး နောက်တစ်ဦးက ရွာမှာ တောင်ပိုင်းရှုပ်သလို လယ်

တိုင်းယာတိုင်းမှာလည်း ကန့်သင်းရှုစ်စစ်တရွှည့်၊ ရှမ်ခြေကြောင်း ပြောပြန် သတဲ့ [illegible]

အဲဒါကိုလည်း ဦးမိုးက မှတ်ထားပြန်တယ်။ [illegible]

အဲသလိုပြောအပြီး [illegible] အမျိုးတွေဘဲ (မိကျား) ဆိုတဲ့ ကောင်မလေးအကြောင်း ပြောပြန်တယ်။ အဲဒီ မိကျားမှာ ရွာထဲမှာ [illegible] အကြောင်း၊ ကပ်စားတတ်ကြောင်း၊ သူများဆီကို ကပ်စားရမယ်ဆိုရင် ငိုပြဆိုရင် ငိုပြရဲတဲ့ အကြောင်း ပြောပြန်တယ်။ [illegible] အကြောင်း၊ [illegible] နောက်တစ်ဦးက သူမှာ အဒေါ်တစ်ဦးရှိ [illegible] အဒေါ်ရဲ့အမည်ကို ခေါ်ပြီးတော့ ခေါ် ကြောင်း။ [illegible]

[illegible] အတိုးရမယ်ဆိုရင် [illegible] မ[illegible] အတိုးပေးတတ်သတဲ့။ အတိုးရမှာမို့ [illegible] သတဲ့။ အတိုးရမယ်ဆိုရင် နတ်ကနားပေးတာ၊ မငွေတောင်မြှောက်ထားရ [illegible] ကိုကြီးကျော်ဟဲ့ [illegible] ပေးနိုင် သတဲ့။ အဲဒါ အဲဒီပြောတဲ့လူရဲ့ အဒေါ်အရင်းဖြစ်ကြောင်း၊ [illegible] အတိုးယူတာတောင်မှ အတိုးတစ်ပြားမှ မလျှော့ကြောင်း၊ ရက်စက်ကြောင်း၊ လည်းနွားအပ်လိုက်ရကြောင်း ရင်ဖွင့်ပြတော့တာပေါ့။

နောက်တော့ ပြောမယ့်လူမရှိတော့ ဦးမိုးက…

"အင်း… ဒီကနေ့ မင်းတို့လူငယ်တွေ ပြောတဲ့အရာတွေကို ငါက နားထောင်ပေးရသူကိုးကွ"

"ဟုတ်တယ်။ အဲဒါ စာချီးပြစမ်းပျာ၊ နားထောင်ချင်လို့"

"စာချီးပြပါ"

လူငယ်တွေက ဦးမိုးကို တိုက်တွန်းကြတယ်။ (ထုံးစံအတိုင်း မြှောက်ပေးကြတယ်။)

ဦးမိုးက…

"အင်း… အားလုံးကို ချီးပြရတော့မှာပေါ့"

အဲသလိုပြောတော့ လူငယ်တွေက…

"တချိုးနိုင်းတာနေပါ။ ကျုပ်တို့ရှိတဲ့ဟာတွေ ချိုးပစ်ရင်တော့ ကျုပ်တို့ လုရာဝင်တော့မှာ မဟုတ်ဘူး"

ဒီလူငယ်တစ်ဦးရဲ့စကားကြောင့် ရယ်ကြပြန်တယ်။

ဦးမိုးက….

"အင်းပါ… မင်းတို့ပါတဲ့ဟာ မချိုးပါဘူး။ မင်းတို့ပြောတဲ့အရာပဲ ချိုးမှာပါ"

အဲသလိုပြောပြီး စဉ်းစားတယ်။ တချိုးတယ်။

ဦးမိုး၊ တချိုးပုံက…

"အသားမှာဝက်၊ အသီးမှာသရက်၊ လင်များများယူတာ မိသက်၊ နွားလိုက်သိုးမောင်တက်၊ ရွာတောင်ဖျား၊ လယ်ကန်သင်းနားရှပ်တဲ့အပြင် ကပ်စားရပ်စား မမီကျား၊ အတိုးရတ်စက် တကယ်မက်တဲ့၊ လောဘတွေများ၊ မမိပြား"

အဲသလို တစပ်တချိုးလိုက်တော့ လူငယ်တွေအားလုံး ပွဲကျသွားတော့သတဲ့ကွယ်။





## ဦးမိုး[illegible]ပုံက (၂)

တစ်ခါက အထက်အညာအရပ်မှာ ကျည်စုဆိုတဲ့ ရွာကြီးတစ်ရွာ ရှိတယ်။ အဲဒီကျည်စုရွာမှာ ဦးမိုးဆိုတဲ့ လူပျိုကြီး (လူပျိုကြီးခေါ်တာထက် လူပျိုဟိုင်းကြီး လူပျိုအရေခွံလဲကြီး)လို့ ခေါ်ရမယ့် လူတစ်ဦးရှိတယ်။

အဲဒီ ဦးမိုးဟာ ကျောင်းပညာ (ရှေးအတန်းပညာရှစ်တန်း)အထိ နေခဲ့ဖူးတဲ့သူ ဖြစ်သတဲ့။ ပြီးတော့ ကိုရင်လည်း ငါးဝါခန့်အထိ ဝတ်ခဲ့တော့ လောကီလောကုတ်ပညာတွေ စာတွေ (အတုံးအော့ မဟုတ်ပါဘူး) အနည်းအကျဉ်း တီးတတ်ခေါက်တတ်ပါသတဲ့။

ဦးမိုးဟာ ငယ်ငယ်ကလေးထဲက ကိုရင်ဝတ်ဘဝနဲ့တုန်းကတည်းက ကာချင်စပ် တချိုးလေးတွေ ချိုးချင်တယ်။ စနေ့စပ်ချင်သူ ဖြစ်သတဲ့။ ကြီးလာတဲ့အခါ အတန်းကျောင်းက ထွက်အပြီးမှာတော့ လူပျိုကြီးဘဝနဲ့နေခဲ့တာ အသက်ငါးဆယ်ကျော်လို့ (ရွာ)နဲ့ထဝင်ခဲ့သူ ဖြစ်ခဲ့ပြီတဲ့။

ဦးမိုးဟာ အပြောကောင်းတယ်။ အသံ[illegible]ကောင်းတယ်။ တချိုးတခြင်းလည်း ကောင်းတယ်။ ဒါ့ကြောင့်[illegible]လည်း အမြဲဆိုသလို ရွာငယ်တွေဟာ နေ့လယ်ဆိုရင် ဦးမိုးအိမ် စုဝေးကြပြီး ရယ်စရာမောစရာ၊ ကာချင်ချိုး တချိုးလေးတွေ အပြောနိုင်းပြီး [illegible]ထောင်တတ်ကြသတဲ့။

ကြည့်လေ။

ဦးမိုးဟာ မင်္ဂလာဆောင်ရှိရင်လည်း မင်္ဂလာစကား ပြောရမလား (မင်္ဂလာစကားပြောဖို့ တကူးတက ကန်တော့ပွဲနဲ့လာရင်၊ ဦးတိုက်ရင်တော့) မင်္ဂလာစကားပြောတယ်။ အလှူရှိလို့ ချီးကျူးစာဖြစ်တဲ့ ရတုရေးပေးပါ ဆိုရင်လည်း ရေးပေးတတ်သတဲ့။

အဲဒီ ဦးမိုးရဲ့ကျည်စုရွာဟာ တောင်ပိုင်းမြောက်ပိုင်း ကွဲနေသတဲ့။ ကွဲနေဆိုရင် တောင်ပိုင်းကလည်း မြောက်ပိုင်းကို မကြောက်၊ မြောက်ပိုင်းကလည်း တောင်ပိုင်းကို ရှိတယ်လို့ မထင်ဘူးတဲ့။ အဲသလို သူကြင်မှ ကိုယ်ချစ်မယ်ဆိုတဲ့ မာနတွေကြောင့် ပိုပြီး ဆိုးခဲ့ကွဲခဲ့ကြတာပေါ့။

အဲဒီရွာမှာ နှစ်စဉ်နှစ်တိုင်း ပြာသိုလမှာကျင်းပတဲ့ ဘုရားပွဲတစ်ပွဲ ရှိတယ်။ အဲဒီဘုရားပွဲဟာ နှစ်စဉ်နှစ်တိုင်း ဆွမ်းချကြတယ်။ မုန့်ပဲသားငါးတွေ လောင်းလှူကြတယ်။ အဲဒီဘုရားပွဲ ထူးခြားတာက တစ်မျိုးပေါ့။

တစ်မျိုးဆိုတာ ပြာသိုလဘုရားပွဲရောက်ပြီဆိုရင် တောင်ပိုင်းက တစ်နှစ်ဦးစီးပြီး ဆွမ်းချကြတယ်။ မြောက်ပိုင်းက ရှေ့ဆောင်ပြီး ဆွမ်းချကြတယ်။

ဟော… ဒီနှစ်လပြာသိုမှာ ဘုရားပွဲရောက်ခဲ့ပြီ။

ဒီနှစ်ဘုရားပွဲ ဆွမ်းချရမယ့်တာဝန်က တောင်ပိုင်းရဲ့တာဝန်။

ဒီတော့ တောင်ပိုင်းကလူတွေ ဘုရားပွဲအတွက် ပြင်ဆင်ကြရပြီပေါ့။

"ဟေ့… ဒီနှစ် ငါတို့တောင်ပိုင်းသားတွေ ဘုရားပွဲဆွမ်းချရမယ့်နှစ်ကွ"

"ဟုတ်တယ်။ ငါတို့ရပ်ကွက် တာဝန်ဟေ့"

"ငါတို့အပိုင်းကွ"

"ဒီတော့ ဘုရားပွဲစည်ကားအောင် ဘာလုပ်ကြမလဲ"

"လူတွေ အံ့သြသွားအောင် ခြင်းပွဲထည့်မယ်ဟေ့"

"အေး… ခြင်းပွဲထည့်မယ်ကွ"

အဲသလိုနဲ့ တောင်ပိုင်းသားတွေက ဖျင်နီအင်္ကျီလက်တိုတွေ ဆင်တူ

ချုပ်လိုက်ကြပြီး ပုဆိုးအစွန်ကျွဲကြီးတွေ ချုပ်လိုက်ကြတယ်။ ပြီးတော့ ခြင်းခတ်မယ့်အပွဲကို သျှောင်တွေထုံးကြတယ်။ ရင်ဘတ်တွေ၊ ရင်အုပ်တွေ နဲ့ ပေါင်တွေ ခြေသလုံးတွေ၊ လက်မောင်းအရင်းတွေကို ဆေးမှင်ကြောင် အတိုတွေထိုးပြီး ခေါင်းပေါင်းပေါင်းလိုက်ကြတယ်။

ဘုရားပွဲရက်ရောက်တော့ ဘုရားစေတီရဲ့ ကြွတော်တာတဲ့။ ဘုရားဆင်းတုတစ်ဆူကို လှည်းပေါ်မှာ စံကျောင်းနဲ့တင်၊ နောက်ကနေပြီး တောင်ပိုင်းက အဘိုးအဘွားကြီးကအစ လူငယ်၊ လူလတ်၊ ကလေး နဲ့ပြည့် စုတ်အထိ ဆေးသေတ္တာရဲ့ကြွရာမှာ ပါဝင်ကြသတဲ့။ တောင်ပိုင်းလှည့်အပြီး မြောက်ပိုင်းလှည့်ကြတယ်။

ခြင်းသမားတွေက မြေပြင်မှာ ခတ်ရင်းနဲ့ သွားရကြတာပေါ့။ ခတ် ရင်းနဲ့သွားတော့ မြောက်ပိုင်းရောက်ခဲ့တယ်။ ခြင်းဝိုင်းကလည်း နောက်ခံ ဆွဲက မိုက်နဲ့ ပြောပေးနေတာပေါ့။

အဲသလို ခြင်းခတ်တာကိုကြည့်ပြီး မြောက်ပိုင်းကလူတွေ ရယ်ကြ တယ်။ ကဲ့ရဲ့ကြတယ်။

အဲဒီအချိန် မြောက်ပိုင်းသား ဦးမိုးက စာချိုးလိုက်တယ်။

"ခြင်းဝိုင်းရယ်ကန်… ကန်သူတွေပေါင်သလုံးလှန်လို့… ခင် မကျွံ့ပုံပုံဟာပါမြင်ရအောင်… တမင်တကာလုပ်ကာပြထယ်… ကြည့်လို့ တကယ်မကောင်း…။ တောင်ပိုင်းသားတွေတကယ်ရှူးတယ်… အီးပေါက် သလောက်မကောင်း…"

အဲသလိုစာချိုးတော့ မြောက်ပိုင်းက လူတွေရယ်ရင်း လက်ခုပ်တီး ကြပေမယ့် တောင်ပိုင်းကလူတွေ ဒေါသထွက်တာပေါ့။

အဲဒီလို ဦးမိုးစာချိုးတာကို ဘုရားပွဲပြီးသွားပြီးမှာ တောင်ပိုင်းသား ကာလသားတွေက ဦးမိုးဆီ သွားကြတယ်။

"ဦးမိုး"

"ဗျာ…"

"မြောက်ပိုင်းသားကြီးဦးမိုး"

[illegible]
[illegible] တောင်ပိုင်းသားလူမျိုးတစ်ရွာ [illegible] သူများတွေ အရက်မူး [illegible]
ဖြစ် [illegible] မျိုးသားကြီး ဦးမိုး [illegible] ဖြစ်နေရတော့
တာပေါ့။
[illegible] စစ်ဗိုလ်များ [illegible] တောင်ပိုင်းအရေး ခြင်းကန်တာကို
[illegible] တောင်ပိုင်းသားတွေကို အရူးလို့ပြောတယ်။ တချိုးတယ်ဆို
[illegible]
[illegible] ခင်ဗျားကို အမှန်ကြိုက်ပစ်မယ်"

တောင်ပိုင်းသားတွေက အဲသလို မေးကြပြောကြတော့ ဦးမိုး [illegible]
ဖြစ် [illegible] ဘာလုပ်
ရမလဲ [illegible]

"နေပါဦး တောင်ပိုင်းသားတွေရဲ့ ဦးမိုးက [illegible] ချိုးတာ
[illegible] ဖြစ်မှာပါ။ အဲ-
အဲသလိုချိုးတာမဟုတ်ဘူး၊ ဦးလေးမိုး ချိုးတာက [illegible]"
[illegible] ပြော [illegible]
[illegible] အင်အားတကယ်
[illegible] ခြင်းလျှိုးကို [illegible] မြန်ဘူ [illegible]
[illegible]
ဝယ် တောင်ပိုင်းသားဖြစ်ရင် ကောင်းမှာပဲလို့ [illegible]
[illegible]

"ဟင်၊ [illegible] အဲသလို တချိုးတာ [illegible]
[illegible] မြောက်
ပိုင်းသူတွေတောင် တောင်ပိုင်း [illegible]
တချိုးကွယ်"

"မိုး၊ ငို"

အဲသလိုပြောမှ တောင်ပိုင်းသားတွေ သဘောကျပြီး ဦးမိုးကို ဦးချ
ကန်တော့ ပြန်သွားကြသတဲ့။

အဲဒီတော့မှ ဦးမိုးခမျာ သက်ပြင်းချနိုင်သတဲ့။

"ဟူး… တော်ပါသေးရဲ့"

အဲဒီအဖြစ်အပျက်ကိုသိတဲ့ မြောက်ပိုင်းကလူတွေ ပြေးလာပြီး ဦးမိုးကို ပြောကြတော့…

"အင်း… စာချိုးပြင်တာ ကောင်းပေလို့ပေါ့၊ အမှန်ဖြစ်တော့မလို့"

အဲဒီနောက် ကျည်စုမှာ စကားတစ်ခွန်းကျန်ရစ်တယ်။

"စာချိုးအပြင်ကောင်းလို့ပေါ့" တဲ့·

မှတ်ကာရော…၊ ရှတ်…။

## ဘယ်လိုပြေရမလဲ

ကျည်ကုန်းဆိုတဲ့ရွာမှာ မောင်အောင်နဲ့ မောင်ထူးတို့ ရပ်ရွာတာဝန်ရှိသူအဖြစ် အရွေးခံလိုက်ရတယ်။ မောင်အောင်က ဥက္ကဋ္ဌ၊ မောင်ထူးက အတွင်းရေးမှူး/ အဖွဲ့ဝင်ပေါ့။

ဥက္ကဋ္ဌဖြစ်ပြီး လေးရက်အကြာမှာ မောင်အောင်က ရွာအိမ်မှူးနဲ့ ဆယ်အိမ်ခေါင်းတွေကို ရုံးသို့ ဆင့်ခေါ်လိုက်တယ်။

"ခုလို ခေါ်ရတာက တခြားမဟုတ်ပါဘူး။ ရွာတောင်အက်ချောင်းကိုဖြတ်တဲ့ တံတားပြင်ရမှာ ဖြစ်ပါတယ်"

"ဟုတ်တယ်။ ပြင်ရမှာ ပြင်ရမှာ"

"ဒီတံတား အားပြုနေရတာ"

အစည်းအဝေးတက်သူတွေက ထောက်ခံတယ်။ အဲဒါနဲ့ အဖွဲ့ဝင် မောင်ထူးက…

"အဲဒီတော့ ငွေခွဲရမှာ ဖြစ်ပါတယ်။ တစ်အိမ်ကို ငါးရာနှုန်း ကောက်ခံပါမယ်။ ကောက်ခံပြီး စာရင်းဇယားနဲ့ ကျွန်တော်တို့ဆီအပ်ပါ။ ကျွန်တော်တို့က တံတားပြင်မယ့် လက်သမားနဲ့တိုင်ပင်ပြီး ဝယ်သင့်တာ ဝယ်ပြီး ပြုပြင်မှာပါ"

မောင်အောင်က…

"ဟုတ်တယ်။ လက်သမားဆရာနဲ့ တိုင်ပင်ပြီး အသားတွေ ဝယ်ရမယ်၊ သံတွေ ဝယ်ရမယ်။ ဒါကြောင့် ကျွန်တော်တို့ဆီ အပ်ပါ။ ငွေကောက်တဲ့အခါ ဆယ်အိမ်ခေါင်းတွေက ကိုယ့်ခေါင်းသွားတွေကို ကောက်ခံပေးပါ"

"ကောက်ပေးပါ့မယ်"

"စိတ်ချပါ ဥက္ကဋ္ဌကြီး"

အဲသလိုနဲ့ အစည်းအဝေးပြီးခဲ့တယ်။ နောက်ရက်မှာ သက်ဆိုင်ရာရာအိမ်မှူးတွေနဲ့ ဆယ်အိမ်ခေါင်းတွေက မိမိတို့ရဲ့ခေါင်းထဲပါတဲ့ စာရင်းအတိုင်း တစ်အိမ်ကို ၅ဝ ကျပ် ကောက်ခံပေးလိုက်ပါတယ်။ ဥက္ကဋ္ဌဖြစ်သူက ငွေလက်ခံတယ်။ အဖွဲ့ဝင်က စာရင်းကိုင်တယ်။

နောက်တော့ ဥက္ကဋ္ဌက လက်သမားဆရာနဲ့ တိုင်ပင်တယ်။ ဘယ်အသားက ဘယ်နှစ်ချောင်း၊ ဘယ်အသားက ဘယ်လောက်။ ပြီး ဘယ်နှစ်လက်မသံက ဘယ်နှစ်ပိဿာ၊ ဘယ်သံအမျိုးအစားက ဘယ်လောက် ဆိုပြီး စာရင်းပေးတယ်။ ဥက္ကဋ္ဌနဲ့အဖွဲ့ဝင် မြို့တက်ပြီး အသားနဲ့သံ ဝယ်ကြတယ်။

သံနဲ့အသားဝယ်ပြီးတော့ ရွာတောင်ဘက်က တံတားအဟောင်းကို ဖျက်ကြတယ်။ အသစ်ဆောက်တယ်။ ဦးစီးဦးရွက်ပြုတာက တာဝန်ရှိသူ ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်တွေပေါ့။ ရာအိမ်မှူးနဲ့ ဆယ်အိမ်မှူးတွေရော၊ လုပ်အားဒါနရှင်တွေရော ပါဝင်ကြတဲ့အတွက် ရွာထဲကလူထုကတော့ ထမင်းဟင်းတွေ၊ လက်ဖက်ရည်အိုးတွေနဲ့ စားစရာတွေ ပို့ကြသတဲ့။

တံတားလုပ်တာ ခုနစ်ရက်အကြာမှာတော့ တံတားပြီးသွားတယ်။ တံတားအသစ်ဆိုတော့ စိတ်ချလက်ချ သွားလို့ရပြီ။ လှည်းနွားမောင်းလို့ရပြီပေါ့။

လှူဒါနခေါ်၊ နတ်သာခေါ်တဲ့ တံတားပြင်တဲ့ပွဲ၊ တံတားပြီးတဲ့ပွဲပါပဲ။ ရွာထဲက လူတွေကတော့ မောင်အောင်နဲ့ မောင်ထူးကို ကျေးဇူးတင်မဆုံးဘူးပေါ့။

"အရှင်ဥက္ကဋ္ဌနဲ့ အဖွဲ့ဝင်ကတွေတော့ တော်ပါရဲ့၊ အကြံအစည်ကောင်း မါရဲ့အေ"

"ဟုတ်ပါ၊ ရွာအကျိုးရပ်အကျိုး ထမ်းဆောင်ရွက်တဲ့ ဟာလေး တွေအေ"

"ရပ်ရွာတိုးတက်ဖို့ဆိုတာ အဲသလို အမြော်အမြင်ရှိတဲ့ ကလေး တွေပဲ လိုအပ်တာအေ..."

"ဟုတ်ပြီ။ အရှင်ဥက္ကဋ္ဌတွေကတော့ ဘာကြေးဖြင့်လည်းခွဲ၊ ညာ ကြေးဖြင့်လည်းခွဲ၊ ပြီးတော့ ဘာမှ လည်မသွားကြဘူး။ ရေလွှင့်နေ့ ဖြစ် သွားတာချည်းပဲ"

ရွာထဲက အဲသလို ပြောကြတယ်။ မောင်အောင်နဲ့မောင်ထွေးကို ချီးကျူးခန်း ဖွင့်ကြတယ်တဲ့။

တစ်ရက်တော့ အကြောင်းအောင်ခဲ့ကြောင်း အစည်းအဝေးခေါ်တယ်။ အဲဒါ ရာအိမ်မှူးနဲ့ ဆယ်အိမ်ခေါင်းတွေ အကုန်ခေါ်လိုက်တာပေါ့။ ရှိတဲ့ ရာအိမ်မှူးနဲ့ ဆယ်အိမ်ခေါင်းတွေ ရောက်လာကြပေမယ့် မောင်တိုးဆိုတဲ့ ဆယ်အိမ်ခေါင်း ရောက်မလာဘူး။

မောင်တိုးဆိုတာ အသက်လေးဆယ်ကျော်ရှိပြီး ဥက္ကဋ္ဌအဆက်ဆက် မှာ ဆယ်အိမ်မှူးတာဝန်ယူခဲ့တဲ့ (ဝါရင့်ဆယ်အိမ်မှူး)တစ်ဦး။ ပြီးတော့ လက်ရှိဥက္ကဋ္ဌ မောင်အောင်နဲ့ ညီအစ်ကိုဝမ်းကွဲတော်တဲ့လူပေါ့။ ပြီးတော့ ဆယ်အိမ်ခေါင်းမောင်တိုးက အရက်သမားတစ်ဦး။ နေ့ရောညပါ မူးနေ တတ်တဲ့လူ (မူးပေမယ့် ပေးတဲ့တာဝန်တော့ ကျေပါသတဲ့။)

မောင်တိုး ရှုံးထဲရောက်တော့ မောင်အောင်က

"ခင်ဗျား... တာဝန်မဲ့လူချည်လား၊ ကျုပ်တို့အစည်းအဝေးလုပ် မယ်ဆိုတာ ကြိုတင်ပြီး ဆင့်ခေါ်ပြီးသား။ ဘာဖြစ်လို့ နောက်ကျရတာလဲ"

အဲသလိုငေါက်တော့ မောင်တိုး ဒေါသထွက်သွားတာပေါ့။

"ဟော့ကောင်ငါ့ညီ၊ မင်းဥက္ကဋ္ဌဖြစ်တာ ကြက်တစ်ကုတ်ကြာရုံပဲ ရှိတာကွ။ ငါက ဥက္ကဋ္ဌအဆက်ဆက် ဆယ်အိမ်ခေါင်းလုပ်လာတာ"

"ခင်ဗျားဘာသိသလဲ ဘယ်တုန်းကပဲလုပ်လုပ်၊ အခု ကျွန်ုပ်တို့ခေါ်တာတော့ အချိန်နဲ့အညီ လာမှပေါ့။ အခု ခင်ဗျားစောင့်နေရတာနဲ့ အစည်းအဝေး နောက်ကျနေပြီ"

အဖွဲ့ဝင်မောင်ထူးက ဝင်ပြောတယ်။ မောင်တိုး ဘာမျှ မပြောတော့ဘူး။ ငြိမ်သွားတယ်။ မောင်အောင်က…

"ခင်ဗျား… ပြီးတဲ့တံတားအသစ် ဆောက်တုန်းကလည်း ခဏပဲ ရပ်ပြီးပြန်သွားတာ ကျုပ် မြင်တယ်။ ခင်ဗျားတာဝန်မကျေဘူး။ ခင်ဗျားကို ဆယ်အိမ်ခေါင်းဖြစ်တော့မယ် သိလား"

"ဖြစ်လေ… နေပါဦး၊ မင်းက ငါ့ကို တံတားအသစ်ဆောက်တုန်းက ခဏပဲရပ်ပြီး ပြန်သွားတယ်လို့ ပြောရအောင် မင်းကရော ဘာသိလဲ"

မောင်တိုးက သူ့ကို ဆယ်အိမ်မှူးက ဖြုတ်မယ်ဆိုတော့ ဒေါသဖြစ်ပြီး ညီဝမ်းကွဲဥက္ကဋ္ဌ အသစ်စက်စက်ကို ပြောလိုက်တယ်။ မောင်အောင်က-

"နေပါဦး၊ ခင်ဗျားကရော တံတားအကြောင်း ဘာသိလဲ"

"ဟာ-သိတာပေါ့"

"ဘာတွေ သိတာလဲ"

"သိတာပေါ့"

အဲသလို မောင်အောင်နဲ့ မောင်တိုးတို့ အချီအချပြောနေဆဲ အဖွဲ့ဝင် မောင်ထူးက ဝင်ပြောတယ်။ (ငေါက်ကာပါ၍)

"ကိုတိုး… တံတားအကြောင်း ဘာတွေသိတာလဲ၊ ပြော"

မောင်အောင်က…

"ဒါဖြင့်ရင် အဲဒီတံတားအသစ်မှာ သံဘယ်နှစ်ပိဿာ၊ အသား ဘယ်နှစ်ချောင်း၊ လုပ်အားခ ဘယ်လောက်ကုန်သလဲ သိရင်ပြော၊ မပြောနိုင်ရင် တာဝန်ကနား"

မောင်အောင့်စကားအဆုံး မောင်တိုးပြောလိုက်တဲ့ စကားကြောင့် မောင်အောင်ရော မောင်ထူးပါ ငိုမဲ့မဲ့နဲ့ ဘယ်လိုဖြေရမှန်း မသိတော့ဘဲ

ကျန်တဲ့ ရာအိမ်မှူးနဲ့ ဆယ်အိမ်မှူးတွေ ဝါးလုံးကွဲရယ်ကြသတဲ့။

မောင်တိုးအပြေစကား၊ ပြန်ပြောတဲ့စကားက...

"နေပါဦး။ သံဘယ်နှစ်ပိဿာ၊ အသားဘယ်နှစ်ချောင်း၊ လုပ်အားခ ဘယ်လောက်ကုန်သလဲဆိုတာ မင်းတို့အိမ်မှာပို့တဲ့ သံတွေ၊ မင်းတို့အိမ် သယ်သွားတဲ့ အသားတွေ၊ စာရင်းတင်ထားတဲ့ လုပ်အားခတွေပါ ထည့်မေး ရမှာလားတဲ့"

ကဲ-မောင်အောင်ရော မောင်ထူးပါ ဘာပြောရမှန်း မသိတော့ပါဘူး တဲ့ဗျာ...။

*ရယ်မောပျော်ရွှင်နိုင်ကြပါစေ။*

တွင်းကြီးသားတင်ဝင်း